www.burmeseclassic.com

# အနုတ်အမြှောက်အနုတ် ညီမျှခြင်း အပေါင်း

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၅၂၂၁၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၆၄၇၁၂၀၉ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖေဖော်ဝါရီလ၊ ၂၀၁၀ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ခန့်မင်းထက် |
| အဖုံးဖလင် | – | EMPIRE |
| အတွင်းဖလင် | – | အောဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | | ရာပြည့်ပုံနှိပ်တိုက်<br>အမှတ် ၂၄ သာယာကုန်းလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်မိုးကေနိုင်<br>ချိုတေးသံစာပေ<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊<br>မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ ・ ၈၃

**လတ်တေဇအောင်**

အနှတ်အမြှောက်အနှုတ် ညီမျှခြင်း အပေါင်း / လတ်တေဇအောင် ရန်ကုန်။ ချိုတေးသံစာပေ၊ ၂၀၀၉။

၁၆၈ – စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com

အမှာစာ

သာမန်အပျော်ဖတ်ဝတ္ထုလေးသက်သက်ပါ။

တောင်းပန်စာ

ဒီဝတ္ထုလေးထဲက နာမည်များအတွက် စ၊ လယ်၊ ဆုံး ခွင့်လွှတ်ပေးကြပါ။

ဝန်ခံစာ

မည်သူနှင့်မျှ မသက်ဆိုင်သည့် စိတ်ကူးဇာတ်လမ်းလေးသာ ဖြစ်ပါကြောင်း။

လေးစားစွာ
လတ်တေဇအောင်

www.burmeseclassic.com

www.burmeseclassic.com

စကားရွှေ့လှန်၊ မှားမေ့ကျန်၍
မမှန်ယိမ်းချော်၊ တိမ်းပါးသော်လည်း
သူတော်တကာ၊ ညည်းခံပါဟု
သံသာပျောင်းပျ၊ တောင်းပန်ခ၏
မာန်မျှမောက်မို၊ ငါစာဆိုဟု
မလိုမလား၊ ပိုးမလွှားတည့်။ ။

အဘိရူကပျို့

www.burmeseclassic.com

www.burmeseclassic.com

(၁)

သတ္တိကို ငယ်ငယ်တုန်းက မေးကြသည်။ နာမည်နှင့်လိုက်ဖက်စွာ 'သတ္တိ' ရှိလားဟူ၍ မဟုတ်ပါ။ သတ္တိက ငယ်စဉ်ကပင် ချစ်မွေးပါသည်ဟု ပြောရမည်လား။ ထိုအမွေးက မည်သည့်နေရာမှာ ပေါက်မှန်းလည်း မသိချေ။ သို့သော် ဒီရုပ်ဒီရည်လေးနှင့်ပင် သတ္တိက ချစ်စရာကောင်းပါသည်။ ထို့ကြောင့် အိမ်ကိုလာလည်ကြသော ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမများက ချစ်စနိုးနှင့်မေးကြ၏။

"ဟယ် . . သားလေးက ချစ်စရာလေးပဲ၊ သားကျောင်းတက်နေပြီလား၊ ကဲ ပြောပါဦး၊ သားလေးကြီးလာရင် ဘာလုပ်မှာလဲ . . . "

ဆရာဝန်ကြီးလုပ်မှာဟု မဖြေပါ။ ထို့အတူ အင်ဂျင်နီယာကြီး၊ စစ်ဗိုလ်ကြီးလုပ်မှာဟူ၍လည်း မဖြေ။ ထိုထက်ပို၍ ကုလသမဂ္ဂအတွင်းရေးမှူးလုပ်မည်ဟုလည်း တစ်ခါမှ ဖြေသံမကြားရ။ ဖြေတော့ဖြေပါသည်။ နားထောင်ကြည့်ကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com



"သားက ကြီးမှမကြီးသေးတာ၊ ဘယ်ပြောလို့ရဦးမှာလဲ"

ဟုမျက်နှာထိမျက်နှာထားနှင့် ဖြေပါသည်။ မေးရသည့်သူမှာ အောင့်သက်သက်နှင့်။ သူ့ကြီးလာတာကိုပဲ စောင့်ကြည့်နေရမည်လိုလို။ ထားပါတော့။ သတ္တိက မွေးစဉ်ကတည်းက ဓါးထမ်းမကျော်ရ။ လေကြီး မိုးကြီးလည်း မတိုက်။ လသားလေးအရွယ်တွင်လည်း မြွေဟောက်တွေ ဘာတွေ ပါးပြင်းလာမိုးခြင်းမရှိဘဲ ထိုသို့လူပါးဝခြင်းဖြစ်သည်။ တဖြေး ဖြေးကြီးလာတော့လည်း လူပါးက ပိုပြီးဝလာသယောင်ရှိ၏။

ခုတော့လည်း ကြီးတော်နွားမကျောင်းရဘဲ (ကိုယ့်ထမင်းကိုယ် စားပြီး) ဘွဲ့တစ်ခုရပြီးလေပြီ။ ဘာပဲပြောပြော 'လူရှိန်' ကြသည်ပေ့ါ။ ပြောင်းပြန်လိုက်မတွေးကြပါနှင့်။ တကယ်ကို လူရှိန်ကြပါသည်။ ရှိန် လွန်း၍ တချို့ဆိုလျှင် 'ရှဲ' တောင်သွားကြ၏။ 'ချဲ' မဟုတ်ပါ။ ထို့ကြောင့် ကိုယ့်ရပ်ကွက်ထဲမှ လူငယ်ကာလသား (ရောဂါမဟုတ်ပါ) များက အပေါင်းအသင်း မလုပ်ချင်ကြသဖြင့် အိမ်နီးချင်းရပ်ကွက်အထိ လက် ဖက်ရည်ဆိုင်သွားထိုင်ရသည်။ (ဒါကိုပင် သတ္တိက သူ့လောက်အိုင်ကျူ မမြင့်၍ တွဲလို့မရ[illegible]မြင်သည်။) အမှန်တော့ သတ္တိဒုက္ခပေးလွန်း၍ ဝေါင်ဝေါင်ရှောင်ကြခြင်း ဖြစ်ပါသည်။

သတ္တိတင်သွင်းလာမည့် ဝီစိကိစ္စအားလုံးကို အိမ်နီးချင်းရပ် ကွက်မှဖြစ်သော၊ သတ္တိ၏ ငယ်ပေါင်းကြီးဖော်များဖြစ်သော လူတစ်စု က ပခုံးပြောင်း၍ ရင်ဆီးခံနေရပါသည်။ ထိုရပ်ကွက်တွင် မောင်သတ္တိ ပရိမ်းယားဘယ်နှစ်ရာသီ ခြေစွမ်းပြဦးမည် မသိချေ။ ယနေ့ထိတော့ မောင်မင်းကြီးသားက အနီးရပ်ကွက်ကိုပဲ ဓါတ်ကျနေသေးသည်။ ခုလည်း မနက်မိုးလင်းသည်နှင့် လာ . . လာချေပြီ။ ပျို့ချစ်ဦးလည်း မြူးတဲ့ရာသီ ဖြစ်ပါသည်။ နေရောင်ခြည်ကပင် ဖျော့ဖျော့လေး ဝင်းသွဲ့နေပြီ။

ရပ်ကွက်ချင်းက မဝေးပါ။ နီးလည်း မနီးပါ။ သို့သော်လည်း ခြေထောက်အညောင်းမခံချင်သော သတ္တိက ကားစီးပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်လျှင်·သိပ်မဝေးသော်လည်း လိုင်းကားက သူ့လမ်းနှင့်သူ ရပ်ကွက်ကိုပတ်သွား၍ ပိုဝေးသလိုရှိ၏။ ရပါသည်။ ကားလမ်းတစ်လျှောက် ချိုင့်ခွက်ကျလျှင် အသက်အောင့်၊ ဒူးညွှတ်ထားရုံကလွဲပြီး ပိုက်ဆံပေးကာ အခန့်သား လိုက်စီးသွားရုံသာ။ ထိုသို့သောအတွေးနှင့် သတ္တိကားပေါ် လှမ်းတက်လိုက်သည်။

ကားပေါ်ရောက်ရောက်ခြင်း ပြဿနာက (ရုပ်ရှင်ထဲကလို) မတက်ပါ။ သို့သော်လည်း ကားပေါ်ကဆင်းမည့် မှတ်တိုင်အရောက်မှာ တက်ပါတော့သည်။ ကိုယ်ကအဆင်း၊ ပြဿနာက အတက်ဟု ဆိုရမလို ဖြစ်သွား၏။

မည်သည်၊ မည်သို့ ဆိုရမည်ပင် မသိတော့။ ထိုပြဿနာသည် စပယ်ယာဆီမှ ပြန်အမ်းမည့် ပိုက်ဆံကိုတောင်းခြင်းမှ စလေသည်။ ကားပေါ်ရောက်ရောက်ခြင်း စပယ်ယာ လက်တို့မတောင်းမီကပင် ယာဉ်စီးခကို အကျေအလည်ပေးချေပါသည်။ တစ်ရာတန်ခရီးကို ပိုက်ဆံနှစ်ရာတန်ပေးစီးခြင်းက ကိုယ့်အမှားမဟုတ်ပါ။ ခုဆင်းတော့ စပယ်ယာက ငွေတစ်ရာကို ပြန်မအမ်းနိုင်သေး။ [illegible]ကြွမရှိဟု ဆိုပါသည်။ ကိုယ်ကလည်း တရုတ်လိုမရှာရပင်သော်ငြား၊ ကုလားလိုမစုဖြစ်ခဲ့သော်ငြားပေမယ့် ဗမာလိုတော့ အားနာပါးနာနှင့် အလွယ်အဆုံးမခံနိုင်ချေ။ အဆုံးခံချင်သည့် သူများသာ ခံကြပါ။ သတ္တိဆိုသည့်သူကတော့ သတ္တိရှိရှိပင် တောင်းခံပါသည်။

"ကဲ . . ပြန်အမ်းပေးလေဗျာ၊ ကျွန်တော်က ဒီမှတ်တိုင်မှာဆင်းတော့မှာဗျ . . ."

"ဟာဗျာ၊ ဒီမှာလည်း အမ်းစရာ တစ်ရာတန်တစ်ရွက်မှ မရှိဘူး"

ကိုရွှေစပယ်ယာက ခပ်တင်းတင်းပင်။ ဒါမျိုးကတော့ [illegible] တို့က အံတိုနေပြီ။ ပြန်တင်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . ခင်ဗျားကို ကျွန်တော်က အကြွေဆင်းလဲပေးရမှာလား၊ ဒါမှမဟုတ် နောက်တစ်ရာဖိုး ထပ်စီးရမှာလား"

"ဟာဗျာ"

"ဟာဗျာ . . မလုပ်နဲ့၊ ဒီကိုလည်း တစ်ရာပြန်အမ်းဦး"

နောက်တစ်ယောက် ဖြစ်ပါသည်။ အသံစူးစူးလေးနှင့်အတူ စူးစူးရဲရဲလှသော နှစ်ဆယ့်တစ်ရာစု သမီးပျိုလေးကို လူတွေကြားထဲက အတင်းတိုးထွက်လာရ၍ ခပ်မျှော့မျှော့ပုံစံလေးနှင့် သတ္တိတွေ့လိုက်ရ၏။ သူ့လိုပဲ တစ်ရာဒုက္ခ (ဒုက္ခတစ်ရာမဟုတ်ပါ) ရောက်နေခြင်းဖြစ်သည်။ စပယ်ယာက ဘယ်လိုလုပ်ရမှန်း မသိသောပုံစံမျိုး လုပ်နေသည်။ ကားက ရပ်ထားတာပင် ကြာလှပြီ။ ကားပေါ်က လူတွေကလည်း ပွစိပွစိဖြင့် အသံတွေထွက်လာ၏။ ရှေ့က ဒရိုင်ဘာကလည်း လှမ်းအော်တော့သည်။

"မပြီးသေးဘူးလားဟေ့၊ မင်းအဖေ နောက်ကားက ဖင်တိုက်တော့မယ်"

"အင်း . . အဲ . . ပြီးပြီ"

မပြီးပါ။ လုံးဝမပြီးပါ။ စပယ်ယာက ပြီးစလွယ်ဖြေလိုက်ခြင်းဖြစ်သည်။ ထိုသို့ဖြစ်နေစဉ်မှာပဲ ကောင်မလေးက စပယ်ယာလက်မှ နှစ်ရာတန်တစ်ရွက်ကို တိတိကျကျ ဆတ်ခနဲဆွဲယူပြီး သတ္တိကို လှမ်းပြောလိုက်၏။

"ကဲ ရပြီ၊ ရှင်လည်း ဆင်းတော့ . . ."

ပြောပြီး ကောင်မလေးက ဆင်းဟန်ပြုလိုက်သည်။ စပယ်ယာက ရုတ်တရက် အငိုက်မိသွားသော်လည်း ချက်ချင်းပဲ လှမ်းဆွဲ၏။ လက်ကို ဖြစ်သည်။

"ဟာ . . ခင်ဗျား ဘာလုပ်တာလဲ"

"အောင်မာ . . ရှင့်ကို ဘာလုပ်ရမှာလဲ၊ နှစ်ရာယူတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ ဟိုတစ်ယောက်က တစ်ယောက်တစ်ရာ ပြန်ရမှာလေ၊ ပြီးမှ ခွဲယူလိုက်မယ်၊ သဘောပေါက်ပြီလား”

တော်တော်ဉာဏ်ပြေးသည့် ကောင်မလေးဖြစ်သည်။ သတ္တိပင် မှတ်မှတ်ရရ လေးစားသွား၏။

စပယ်ယာလည်း ကြောင်စီစီနှင့် ခေါင်းညိတ်ပြကာ . . .

“ဆွဲဆရာရေ၊ နှစ်ယောက်သား ပြေလည်သွားပြီဗျ”

ကားက သူ့လမ်းအတိုင်း ဆက်လက်ထွက်ခွာသွားပါပြီ။ မှတ်တိုင်မှာတော့ သတ္တိခမျာ ဆက်မသွားနိုင်သေး။ အကြွေတစ်ရာ၊ ငွေတစ်ရာကို ပြန်တောင်းနေရသေးသည်။ စပယ်ယာပြောသွားသလို မပြေလည်သေးချေ။

“ကဲ . . ခင်ဗျားနဲ့ ကျွန်တော်က ဘယ်လိုရှင်းကြမှာတုန်း . . ”

“ရှင်က ဘယ်လိုလုပ်ချင်လို့လဲ . . . ”

အို . . သူလေးကလည်း အလှကြီးပါလား။ နှုတ်သီးကောင်းလျှာပါးလေးထင်သည်။ မစမ်းသပ်ဖူး၍ သိပ်တော့မသေချာပါ။ တကိုယ်လုံးခြုံကြည့်လျှင်တော့ ကြည်စင်လှပသူလေး ဖြစ်သည်။ ခုလည်း သူမက ပြန်မေးနေ၍ အဖြေရှိရပေမည်။

“ကျွန်တော်ကတော့ ကျွန်တော့်တစ်ရာပဲ ပြန်လိုချင်တယ်”

သူမက လက်ထဲမှ လက်ဝယ်ပိုင်ပိုင်ရရှိထားသော နှစ်ရာတန်အနွမ်းလေးကို ကြည့်လိုက်ပြီးမှ . . .

“အိုး . . . ကျွန်မလည်း အဆုံးမခံနိုင်ဘူး ရှင့် . . . ”

“ထင်သားပဲ၊ ခင်ဗျားပုံစံက အဆုံးမခံနိုင်ဘူးဆိုတာ . . . ”

ယောင်ပြီး ခေါင်းညိတ်လိုက်ပြီးမှ သူမ၏ ဒေါသအမျက်က ချက်ချင်းပြူထွက်လာ၏။

“ဘာ . . ဘာပြောတယ်”

“ဟုတ်တယ်လေ၊ ခင်ဗျားပဲ ခင်ဗျားပိုက်ဆံတစ်ရာကို အဆုံး



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်လို့ ကျွန်တော်နဲ့ ဒီအခြေအနေအထိ ရောက်ကုန်တာပေါ့"

"အောင်မာ . . ကြီးကြီးကျယ်ကျယ်နဲ့ အဲဒီတစ်ရာကို နှမျော လွှန်းလို့ ထင်မနေနဲ့ဦး"

"ကျွန်တော်ကလည်း လိုအပ်ရင် လှူပါတယ်"

"ဘာရှင့်၊ ရှင့်ပိုက်ဆံတစ်ရာကိုများ . . ၊ ဘယ်သူမှမယူဘူး"

"ဒါဆိုလည်း ခင်ဗျားပဲ ကောင်းသလိုစီစဉ်ပါလေ"

ရှေးဟောင်းရုပ်ရှင်ကားထဲကဟန်ဖြင့် သတ္တိက ခပ်လေးလေး ပြောလိုက်၏။ သူမက အမြင်ကတ်ဟန်ဖြင့် မျက်စောင်းတစ်ချက်လှမ်း ထိုးပြီးမှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ လူသူရှင်းနေသည့် လမ်းမှာလည်း နှစ်ရာတန်ကို လဲပေးမည့်သူကို မတွေ့ရ။ ဒီလောက် လိုချင်ရင် အလယ်က ဖြုပေးရမှာလားဟု မေးရအောင်လည်း စကား စဉ်က လှုပ်ံမရချေ။ သတ္တိ ပေကပ်ကပ်စောင့်နေခြင်းကို မရှုစိမ့်ဟန်ဖြင့် ကြည့်ရင်း . . .

"လာ . . ကျွန်မနောက်က လိုက်ခဲ့ . . . "

သတ္တိကြောင်သွား၏။ သူရဲဘောနည်းခြင်း မဟုတ်ပါ။ ကြောင် စီစီဖြစ်သွားခြင်း ဖြစ်သည်။ သို့သော်လည်း ဒူးနှင့်မျက်ရည်ပင် သုတ် ရ၏။ ဒီလို လှတပတကောင်မလေး ခေါ်ဆောင်ရာသို့ လိုက်ရပေမည်။

"သွားလေ . . ခင်ဗျားနောက်က ကြည့်ကျက်လိုက်ခဲ့မယ်"

သွားဟန်ပြင်ပြီးမှ ဆတ်ခနဲ တွန့်သွားပြီး . . .

"သွား . . ရှင် ရှေ့က သွား . . . "

"ရော် . . ကျွန်တော်မှ ဘယ်သွားမယ် မသိတာ"

သူမက လမ်းထောင့်က ကွမ်းယာဆိုင်ကို ညွှန်ပြကာ . . .

"အဲဒီဆိုင်ကိုသွားမှာ၊ လာပါရှင် ကြာတယ်၊ အတူတူသွား မယ်"

နှစ်ဆယ်တစ်ရာစု၏ ထုံးစံဖြင့် သူမနှင့်သူ ရင်ဘောင်တန်း ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကာ ထိုကွမ်းယာဆိုင်သို့ ရောက်သွားပါသည်။

"ရှင် ဆေးလိပ်သောက်တတ်တယ် မဟုတ်လား"

"ဘာလဲ . . ဝယ်တိုက်မလို့လား"

"အောင်မာ . . အနေသာကြီး၊ ရှင့်ပိုက်ဆံတစ်ရာနဲ့ရှင် ဆေးလိပ်ဝယ်သောက်လိုက်ပေါ့။ ပိုတဲ့တစ်ရာကို ကျွန်မယူသွားမယ်"

တကယ့်ကို မလွယ်သည့် မဟိုဒင်း ဖြစ်သည်။ ရွှေဥာဏ်တော်စူးရောက်ပုံက သတ္တိပင် ရည်းစားတော်ချင်သွား၏။ သတ္တိက ရည်းစားရှိသူမဟုတ်ပါ။ ထို့ကြောင့် အခြေအနေကို လက်လွှတ်မခံချင်သောအားဖြင့် လျှာရှည်လိုက်သည်။

"ဆေးလိပ်တော့ ကျွန်တော်လည်း သောက်တတ်ပါတယ်၊ ဒါပေမယ့် ခုမသောက်ချင်သေးဘူး၊ ခင်ဗျားပဲ တစ်ခုခုဝယ်စားလိုက်ပါလား၊ အချဉ်ထုပ်တို့ ဘာတို့ပေါ့"

"အာ . . ကျွန်မလည်း အချဉ်ထုပ်စားဖူးတယ်"

ဆိုင်ရှေ့မှာရပ်ပြီး ထပ်ရှုပ်နေကြပြန်သည်။ သူမက-အလျော့ပေးချင်ဟန်မတူချေ။ သတ္တိလည်း ပိုက်ဆံတစ်ရာလေးကို နှမြောမနေတော့ဘဲ . . .

"ကဲပါဗျာ . . ကျွန်တော်လည်း ဆေးလိပ်ဝယ်သောက်မယ်၊ ခင်ဗျားလည်း တစ်ခုခုဝယ်စား၊ ဒါမှ မျှတမယ်"

အနည်းငယ်တွေသွားပြီးမှ သူမက ဘဝင်ကျဟန်ဖြင့် . . .

"ကောင်းပြီလေ၊ ဒီမှာ စားစရာတစ်ရာတန်ဘာရှိလဲ"

"မြေပဲယိုရှိတယ် . . အစ်မ . . ."

ဆိုင်ရှင်လေးက အမြန်ဖြေသည်။ သူမ မြေပဲယိုထုပ်ကို ဆောင့်ကြီးအောင့်ကြီး ဆွဲဖြုတ်လိုက်စဉ်မှာပဲ သတ္တိက လန်ဒန်စီးကရက်တစ်လိပ်ကို ပိုင်နိုင်စွာ မီးညှိနေပြီ။

အမှန်ဆို ကိုယ့်လမ်းကိုယ်သွားပြီး ဇာတ်လမ်းက ဒီမှာပဲ ပြီးရ


www.burmeseclassic.com

www.burmeseclassic.com



ပါမည်။ သို့သော်ငြားလည်း ခုမှဇာတ်လမ်းစချင်သော စာရေးဆရာက သတ္တိကို ပြောခိုင်းလိုက်၏။

"ဟော့ . . ရှတ် . . ရှတ် . . မြေပဲယို . . ."

လှမ်းခေါ်သံကြောင့် ခြေလှမ်းလေးလှမ်းနှင့် တဝက်လောက် အရောက်မှာပဲ ဆတ်ခနဲလှည့်ကြည့်ပြီး မာခေါက်ခေါက်ပြန်ဖြေသည်။

"ဘာလဲ . . ဘာလဲ . . ."

သတ္တိက စပ်ဖြီးဖြီးလုပ်ကာ လက်ကြားက စီးကရက်ကို ပြလိုက်ပြီး . . .

"ဩော် . . . လန်ဒန်နဲ့ မြေပဲယိုဆိုတော့ . . အပျိုကြီးတွေ လင်မရလို့ပေါ့နော်၊ ဟဲ ဟဲ . . ."

"သေလိုက်ပါလား"

ထိုသို့ ချစ်စဖွယ် ပြောသွားပါသည်။ သတ္တိလည်း ဒီလိုလှတပတလေးဆိုလျှင် အသက်ကို ပဓာနမထားဘဲ ချစ်ဝံ့ပါသည်။ အကယ်၍ သူမသာလိုအပ်ပါက ခုဝံကြယ်ကိုပင် အသက်နဲ့ရင်းပြီး ဆွတ်ယူပေးချင်သေးသည်။ ထိုနေ့မှာ မိုးမရွာဖို့တော့ လိုပါသည်။ မဟုတ်လျှင် မိုးမိပြီး တုတ်ကွေးမိနိုင်၏။ ဆေးထိုးလျှင်လည်း ဖင်နာပါသည်။

* * * *

သတ္တိရောက်မလာမီ အချိန်အထိ လက်ဖက်ရည်ဆိုင်ထဲတွင် စားပွဲတိုင်းလိုလို စကားပြောဆိုသံများနှင့် ဆူညံလျက်ရှိသည်။ သတ္တိဆိုင်ထဲဝင်လာမှ အမေရိကန်ကောင်းဘွိုင်ကားထဲကအတိုင်း မီးရှို့နဲ့သတ်သလို ရုတ်ချည်းတိတ်ဆိတ်မသွားကြပါ။ ဘယ်သူမှလည်း မေယာင်ပြီး ခါးကြားမှသေနတ်ကို မစမ်းကြ။ ရှိလည်းမရှိပါ။ ထို့အတူ သတ္တိဆိုသည့်ကောင်ကိုလည်း Hip Hop အဆိုတော်တစ်ယောက်လို သိပ်မထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းသော မျက်လုံးများဖြင့်သာ တချို့က လှမ်းကြည့်ကြသည်။

မနက်ခင်းနေရောင်ခြည်က ဆိုင်၏မျက်နှာစာတစ်ဖက်သို့ပင် အလင်းရိုက်ထိုးနေပြီ။ အပူချိန်က သိပ်မပြင်းလှသေး။ ဆိုင်ထဲတွင်လည်း သတ္တိ၏ သူငယ်ချင်းများဖြစ်ကြသော ခန့်မင်းထက်၊ မာန်ထက်သာနှင့် ချိုထွန်းတို့က လက်ဖက်ရည်မှာယူသောက်သုံးနေကြသည်။

ဆိုင်ထဲဝင်လာသော သတ္တိကိုကြည့်ပြီး ချိုထွန်းက . . .

"ဟေ့ . . ငတိ၊ ဒီကိုလာ . . ငါတို့ဒီမှာကွ"

သတ္တိက နီးရာခုံတစ်ခုံကို ဆွဲယူထိုင်ပြီး (သတ္တိကို သူငယ်ချင်းများက ငတိဟု ချစ်စနိုးခေါ်ကြ၏။)

"ဘာလဲ . . မင်းတိုက်မလို့လား"

"ဟာ . . မင်းကိုတွေ့လို့ လှမ်းခေါ်တာလေ၊ ပိုက်ဆံအပိုမပါတော့ဘူးကွ၊ ညီမလေးမှာလိုက်တဲ့ အီကြာကွေးဝယ်ဖို့ပဲ ရှိတော့တယ်"

"ဒါနဲ့များ လှမ်းခေါ်ရသေးတယ်၊ အံ့ပါ့ကွာ . . ."

"ဟာ . . ."

သတ္တိက မကျေမနပ်ပြောရင်း သူတို့နောက်နားမှ လူကြီးတစ်ယောက်ထိုင်နေသည့် အခြားစားပွဲဝိုင်းမှာ ပြောင်းထိုင်လိုက်သည်။ ထိုလူကြီးက ဘာမှမပြောသော်လည်း ပြောမိသည့် ချိုထွန်းမျက်နှာက မဲ့ပုတ်ပုတ်ဖြစ်သွား၏။ အီကြာကွေးဝယ်မည့် ပိုက်ဆံကို သတ္တိအား လက်ဖက်ရည်တိုက်ပြီး ညီမလေးစားရန် ဒီကောင်ကို ပါဆယ်ထုတ်သွားလို့လည်း မရချေ။ သတ္တိသည် အီကြာကွေးမဟုတ်။ ထို့ကြောင့် ကိုယ့်စကားနှင့်ကိုယ် ငြိမ်နေလိုက်သည်။ ခန့်မင်းထက်နှင့် မာန်ထက်သာတို့ကလည်း သတ္တိကို ဝင်မတားပါ။ တော်ကြာ မင်းတို့တိုက်မလားဆိုလျှင် ပိုက်ဆံက ကုန်ဦးမည်။ ထို့ကြောင့် သူ့ဟာသူလာမှာကို ဝင်လျှာရှည်သော ချိုထွန်းကိုပဲ အလကားရသည့် မကြည်ကြည့်ဖြင့်သာ ကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းက သတ္တိ၏ တဖြုန်းစိမ့်ဖြု မှာယူစားသုံးနေသံများကို ကြားနေရသည်။ သုံးယောက်သား ငူငူကြီးထိုင်နေကြစဉ်မှာပဲ . . .

"ခုခေတ် ကောင်မလေးတွေများကွာ . . ."

ထိုသို့ မကျေမနပ်သလို (အားမလို၊ အားမရလည်း ဖြစ်နိုင်သည်။) ရေရွတ်ပြီး မခေါ်ဘဲဝင်ထိုင်လိုက်သူက ကိုချမ်းကြီး။ သူတို့ အုပ်စုနှင့် သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ဆိုသလို လာရောက် ပေါင်းသင်းနေသော လူပျိုကြီးဖြစ်သည်။ ကိုချမ်းကြီးဆို၍ ကိုချီးကြမ်း ဟု မတွေးစေလိုပါ။ သူ့နာမည် ကိုချမ်းမြေ့ကို ရှိသေသမှုနှင့် ကိုချမ်း ကြီးဟု ခေါ်ကြခြင်းဖြစ်သည်။ ကိုချမ်းကြီးက ကောင်မလေးများနှင့် ပတ်သက်လျှင် ပြောစရာတစ်ခုခု ပါးစပ်ထဲအမြဲရှိသူဖြစ်သည်။ ခုလည်း စလာပြီ။

မာန်ထက်သာက ထိုမီးကိုစရှို့၏။

"ဘာတွေဖြစ်လာတာလည်း ကိုချမ်းရာ ... ပြောပါဦး"

"ဘာဖြစ်ရမှာလဲ၊ ကောင်မလေးတွေပေါ့၊ ဝတ်တာစားတာ များကွာ . . အတိုတွေ၊ အကွဲတွေ ချည်းပဲ"

"ဒါများ ကိုချမ်းရာ၊ ကြည့်သောသူမှ မြင်တာပါ၊ အဟီး . . "

"နေရာတိုင်းမှာ မြင်နေရလို့ပေါ့၊ ငါကွာ . . မပြောလိုက်ချင် ဘူး၊ ခွေးဆို ပြေးကိုက်တယ် . . အဟုတ် . . . "

"ဟာဗျာ . . ကိုချမ်းကလည်း . . . "

နောက်ပိုင်းမှ နားထောင်နေသော သတ္တိပင် ကိုက်နေသည့် အီကြာကွေးကို မျိုချရန်နင်သွား၏။ ကိုချမ်းက သူ့ကိုမမြင်သေး။

"ဟိုကောင် ငတီကော မလာဘူးလား"

"ဝီဘာ . . ဝီဘာ . . . "

ဒီမှာ . . ဒီမှာ ဟုပြောလိုက်ခြင်းဖြစ်သည်။ ပါးစပ်ထဲ အီကြာ ကွေးပြည့်နေ၍ အသံက လုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းက မျက်လုံးကြီးပြူးကာ လှမ်းကြည့်ပြီး . . .

"မင်းက ဘယ်လိုဖြစ်နေတာလဲ၊ ဒီကိုလာလေကွာ"

"လာရင် . . ဒါတွေ ခင်ဗျားရှင်းမှာလား"

ကိုချမ်းမျက်နှာ တွန့်သွား၏။ အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားဟန်လည်း တူသည်။

"လာချင်လာ . . မလာချင်နေကွာ၊ ငါ ဆေးလိပ်ပဲ တိုက်နိုင်မယ်"

သတ္တိလည်း ဘာမှဆက်မပြောတော့ဘဲ ဆက်လက်စားသောက်နေလိုက်၏။ ကိုချမ်းတို့လည်း စကားပြန်ကောင်းနေကြသည်။ လိုက်နား မထောင်သော်ငြားလည်း သတ္တိမှာ ကြားနေရ၏။ စကားသာကောင်းကြသည်။ ပြောသည့်အကြောင်းအရာများကတော့ သိပ်မကောင်းချေ။ ဒီဇိုင်နာခန့်မင်းထက်က အင်တာနက်က ဓါတ်ပုံတွေအကြောင်း၊ ချိုထွန်းကလည်း သူ့အလုပ်လုပ်နေသည့် ဂျာနယ်တိုက်မှာ ဘယ်မင်းသမီးက ဘယ်လိုလာဖွ (ရင်ဖွင့်) သွားကြောင်းတွေ မစားရဝမခမ်း ပြောနေကြသည်။ လောလောဆယ် အလုပ်လက်မဲ့ မာန်ထက်သာနှင့် အလုပ်မလုပ်သူ အနုပညာသမား ကိုချမ်းတို့ကတော့ တဟီးဟီး၊ တဟားဟားနှင့် သဘောတွေကျနေကြ၏။

ထိုစဉ်မှာပဲ သတ္တိနှင့် တစ်စားပွဲတည်းထိုင်နေသော လူကြီးက-

"အဲဒါ . . မင်းသူငယ်ချင်းတွေလား"

ပွက်လောရိုက်နေသည့် ကိုချမ်းတို့ဝိုင်းကို မေးငေါ့ပြခြင်းဖြစ်သည်။ သတ္တိက ရုတ်တရက်မို့ ကြောင်သွား၏။

"ဟုတ်ပါတယ် အန်ကယ်၊ ဘာဖြစ်လို့လဲ မသိဘူး"

ထိုလူကြီးက ချက်ချင်းပြန်မဖြေပါ။ လူငယ်တွေ ပျော်ကြသားပဲဟုလည်း မှတ်ချက်မပေး။ သူ့ရှေ့ခုံပေါ် မှာတင်ထားသည့် ဘာစာအုပ်မှန်းမသိသော စာအုပ်ထူထူကြီးကို ပြန်ယူဖတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တိလည်း ငြိမ်နေလိုက်၏။ ကိုချမ်းတို့ဝိုင်းကလည်း အရှိန်ကထပ်မြင့်လာသည်။ ရပ်ကွက်ထဲတွင် လင်မယားရန်ဖြစ်၊ ဧည့်စာရင်းစစ်၊ နတ်ကတော်ပိုင်စိုး၊ တိုးနှောင်မိုးဝက်မျိုး စသော၊ စသော လူမှုရေးပဋိပက္ခများပင် ပါလာချေပြီ။ (ကာရံမိသွားလို့ ကိုတိုးနှောင်မိုး ကန်တော့နော်)

ထိုလူကြီးလည်း ကိုယ့်စာကိုယ်ဖတ်လို့ပဲ အာရုံမရလေလား၊ ကိုချမ်းတို့ပြောသမျှ အတွင်းရေးတွေကိုများ လိုက်နားထောင်နေမိလေလား မသိ။ စာအုပ်ကိုပိတ်ကာ မရှုစိမ့်ဟန်ဖြင့် လှမ်းကြည့်ပြီးမှ သတ္တိကို . . .

"မောင်ရင်က စာဖတ်တာ ဝါသနာပါလား"

"ဗျာ . . ဟုတ်ကဲ့ အန်ကယ်၊ ပါ . . ပါတယ်"

ထိုလူကြီးက ခေါင်းတဆတ်ဆတ်ညိတ်သေးသည်။ ပြီးမှ . . .

"အေး . . ကောင်းတယ်ကွ၊ လူငယ်ဆိုတာ စာဖတ်ရမယ်၊ ဒါမှ ခေတ်ကိုသိမှာပေါ့၊ တချို့တွေများ ပေါးလားဝါးလားနဲ့ကွာ၊ ကိုယ်လည်း ဗဟုသုတမရှိ၊ တခြားလူလည်း အနှောင့်အယှက်ဖြစ် ဘယ်ကောင်းမလဲ . . ."

"ဟုတ်ပါတယ် . . အန်ကယ်၊ မကောင်းပါဘူး"

တကယ်မကောင်းတတ်၍ ပြန်ဖြေနေရသည်။ ရှေ့ဝိုင်းကို စောင်းပြီး ကိုယ့်ကိုတော့ဖြုတ်နေမှန်း သတ္တိရိပ်မိပါသည်။ ထိုသို့ အလိုက်အထိုက်လေး ပြန်ဖြေဖော်ရသော မိမိကိုပင် မစာနာမထောက်ထားဘဲ ဆက်ပြောလာပြန်၏။

"အိုင်စတိုင်းဆို မင်းတို့အရွယ်မှာ ဘယ်မှမသွားဘူးကွ၊ အိမ်မှာပဲ စာထိုင်ဖတ်နေတာ . . ."

ဗုဒ္ဓေါ . . ။ ဘလိုင်းကြီးပါလား။ မသိဇင် သူနဲ့အိုင်စတိုင်းပဲ လည်ပင်းဖက်ကြီးလာသလိုလို။ သတ္တိစိတ်ညစ်သွား၏။ လူကြီးသူမတွေ အမြင်မတော်လို့ ဆုံးမတာကို သူနာခံပါသည်။ သို့သော်လည်း လိုတာ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပို့ပြီးဆုံးမလာသည့် ထိုပုဂ္ဂိုလ်ကြီးကိုတော့ တင်းသွား၏။ တစ်ဖွဲ့လုံး၏ သိက္ခာအတွက်ဟုတွေးကာ သတ္တိက ရင်ဆီးပြီး မခံနိုင်တော့။

"ဟုတ်ပါတယ် အန်ကယ် . . ၊ အိုင်စတိုင်း ကျွန်တော်တို့အရွယ်မှာ စာတွေဖတ်ပြီး တွေးတောကြံစီနေမှာပါ။ အင်း . . အန်ကယ်တို့လိုအရွယ်မှာလည်း အိုင်စတိုင်းဟာ အဏုမြူဗုံးထုတ်လုပ်တဲ့ ဖော်မြူလာနဲ့ ကမ္ဘာကျော်နေပြီဗျ . . ."

"ဖရူး . . . ဘာကွ"

အိုင်စတိုင်းဘော်ဒါကြီး ရေရွှေးသီးသွားသည်။ သတ္တိကို မျက်ထောင့်နီကြီးဖြင့်ကြည့်ပြီးမှ ကိုယ့်ဘဝကိုယ် သဘောပေါက်သွားပုံရသည်။ စားပွဲထိုးကို ပိုက်ဆံခေါ်ရှင်းကာ ဆောင့်ကြီးအောင့်ကြီးနှင့်ထွက်သွားလေ၏။ သတ္တိအတွက်တော့ ရှင်းပေးမသွား။ ကြိုးစားချင်လာအောင်လည်း ကိုယ်က သတိပေးပြောကြားရသေးသည်။ ရှိစေတော့။

ကိုယ်စားတာ ကိုယ်ရှင်းပြီး ရှေ့ဝိုင်းသို့ ကူးလိုက်၏။ ကိုချမ်းတိုက်သော စီးကရက်ကိုသောက်ပြီး ထိုအိုင်စတိုင်းဘော်ဒါကြီးအကြောင်းပြောပြလိုက်သည်။ တသောသောရယ်ကြပြီးမှ ကိုချမ်းက . . .

"ထင်သားပဲ၊ အဲဒီလူကြီးက ဂွကျကျကြီးကွ၊ မင်းတို့နဲ့ကပ်လျက်ဟိုဘက်ရပ်ကွက်ကလေ . . ၊ မင်းနဲ့တွေ့တော့ ပြီးရောပေါ့ကွာ၊ သူ့မှာသမီးတွေရှိတော့ ဘယ်ကောင့်ကိုမှ ကြည့်လို့ရတာ မဟုတ်ဘူး"

"သူ့သမီးတွေက ချောလို့လား"

မာန်ထက်သာက အတင်းဖြတ်မေးသည်။

"ချောတယ် ဟေ့ကောင်၊ ဒါပေမယ့် သွားမလုပ်နဲ့၊ ခုတောင်ဒီကောင်ပြောလိုက်လို့ အဖိုးကြီးအဏုမြူဗုံးသွားထွင်နေပြီလား မသိဘူး၊ မင်းပါ ပြာကျသွားမယ်"

ရယ်ကြရပြန်သည်။ သတ္တိလည်း စီးကရက်နောက်တစ်လိပ်ထို မီးကူးရင်း မနက်ကတွေ့ခဲ့သော မြေပဲယိုမလေးကို အဆီမဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သတိသွားရ၏။ ရင်ထဲမှာ နွေးပျူပျူဖြစ်သွားသည်။ ပြီးမှ အိုင်စတိုင်း ဘော်ဒါကြီးသမီးဆိုလျှင်တော့ဟု မဆိုကောင်းဆိုကောင်းတွေးမိကာ အဏုမြူပုံးနှင့် လိုက်ထုနေသော ပုဂ္ဂိုလ်ကြီးကို မြင်ယောင်မိသေး၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

လမ်းလျှောက်ရင်း ခတ္တာတစ်ယောက် တွေးလာမိသည်။ တွေးရသည်မှာလည်း မကောင်းချေ။ လမ်းလျှောက်နေရတာက တစ်ဖက်နှင့်။ သို့သော် ကိုယ်အခုသွားနေသောအိမ်မှ အပျိုကြီးမဝင်းမာအကြောင်းတော့ တွေးရမည်။ အပျိုကြီးမဝင်းမာနှင့် ကျောင်းတက်စဉ်ကပင် အတန်းမတူသော်လည်း ခင်ခဲ့ရ၏။ ခင်ဖို့လည်း ကောင်းပါသည်။ ခင်ဖို့ကောင်းသည့် ကြားထဲမှာပင် မဝင်းမာက ကြက်စိတ်ဓါတ်အနည်းငယ်ရှိသည်။

ပြောရသည်မှာလည်း မကောင်းပြန်ချေ။ မြန်မာပြည်ပေါက်တရုတ်နှင့် အနည်းငယ်စပ်ပြီးမွေးလာသော မဝင်းမာသည် တရုတ်ခရေဇီဖြစ်သည်။ တရုတ်ကိုပဲ အထင်ကြီးသည်။ စကားပြောလျှင်လည်း တရုတ်မပါလျှင် မပြီး။ ထိုသို့ ကိုယ့်ဘက်ကိုယ် ယက်လွန်းအားကြီးသောကြောင့် အပျိုကြီးမဝင်းမာကို ကြက်စိတ်ဓါတ်ရှိသည်ဟု သူလိုသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



များက တိုးတိုးတိတ်တိတ် သတ်မှတ်ထားကြခြင်းဖြစ်၏။ ကြားသွားပြန်လျှင်လည်း မကောင်းချေ။ အပျိုကြီး၊ မဝင်းမာ၊ ကြက်စိတ်ခါတ် . . . တစ်မျိုးကြီး။

ခင္တာရောက်သွားတော့ လူစုံသလောက်ဖြစ်နေပြီ။ မေသန္တာနှင့်ဇာခြည်တို့ကို အရင်တွေ့လိုက်ရ၏။ မမြတ်သစ်ကိုတော့ မတွေ့ရသေးချေ။ မရောက်သေးတာ ဖြစ်မည်။ ဘာမှပင် မလုပ်ရသေး။ လူစုံမှ စကြမည်ထင်သည်။ ထိုသို့ဆို၍ ပိုကာဒေါင်းကြမည် မဟုတ်ပါ။ မိန်းကလေးများ အားအားယားယားစုပြီး အပျိုကြီးမဝင်းမာအိမ်မှာ ဟီးဟားသဘော်ာသီးထောင်း လုပ်စားကြမည်ဖြစ်သည်။ ပြင်ဦးလွင်မှပြန်ရောက်လာတာ မကြာသေးသော ခင္တာနှင့် ဆုံချင်လွန်းလို့လည်း ဒီလိုပြန်စုမိကြခြင်း ဖြစ်၏။

"ဟဲ့ . . မမြတ်သစ် မရောက်သေးဘူးလား"

အိမ်ထဲကိုလှမ်းဝင်ရင်း ခင္တာက မေးလိုက်သည်။ ဘယ်သူမှ မဖြေခင်မှာဘဲ အိမ်ခန်းထဲမှထွက်လာသည့် မဝင်းမာက . . .

"ရောက်နေပြီ . . ရောက်နေပြီ၊ နင်ပဲနောက်ကျတာ . . ."

ပြောမှပဲ ဒီမနက် ကားပေါ်ကအဆင်းမှာ ကြုံရသည့်အဖြစ်ကို သတိပြန်ရသွားသည်။ ရလက်စနှင့် မြေပဲယိုလေးကို ထပ်ကိုက်လိုက်ပြီး . . .

"ဒါဖြင့် မမြတ်သစ်က ဘယ်မှာလဲ . . ."

"အိမ်သာထဲမှာဟေ့ . . အိမ်သာထဲမှာ၊ နင့်ရှေ့ကပဲ စိတ်ဆိုးမာန်ဆိုးနဲ့တက်လာပြီး အိမ်သာထဲမှာ ထိုင်ဖြနေလေရဲ့"

"ဟင် . . ."

လက်ထဲက မြေပဲယိုပင် လွတ်ကျမတတ်ဖြစ်သွား၏။ အားလုံးက မျက်လုံးမျှူး၊ မျက်ဆံပြူးနှင့် ဝိုင်းကြည့်လိုက်ကြသည်။ မဝင်းမာက ကမန်းကတမ်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မဟုတ်ဘူး . . မဟုတ်ဘူး၊ စကားလောသွားလို့ . .။ မနက်က မမြတ်သစ်ကို ရုပ်ကွက်ထဲက ကောင်တစ်ကောင်က စာလိုက်ပေးလို့တဲ့ . .။ အဲဒါ လူကြားထဲမှာကြောင့် ရှက်ရှက်နဲ့ယူလာရတယ်လေ၊ ခု စိတ်ဆိုးဆိုးနဲ့ အိမ်သာထဲမှာ ဖြဲပြီးလွှင့်ပစ်နေတာကို ပြောတာ . . ."

"ရှင်းရှင်းလေးပြောပါ မဝင်းမာရယ်၊ မထိတ်သာ မလန့်သာနဲ့"

ခုမှ သက်ပြင်းကိုယ်စီကျသွား၏။ မဝင်းမာက တခွီးခွီးရယ်လိုက်သေးသည်။

"မမြတ်သစ်က စွံတယ်နော်၊ ခဏ,ခဏ စာလိုက်ပေးခံရတယ်"

မေသန္တာက မှတ်ချက်ချသည်။ အားကျနေပုံလည်း ရ၏။ ဒါကိုပင် မဝင်းမာက မရှုစိမ့်ဟန်ဖြင့် . . .

"အို . . အေး၊ ခဏ,ခဏ စာလိုက်ပေးတာသာ ခံရတာပါ၊ တစ်ခါမှလည်း တရုတ်မပါဘူး"

ဘာမှလည်း မဆိုင်ချေ။ မဝင်းမာအတွက်တော့ တရုတ်သည် သူ့ဘဝ၊ သူ့အနာဂတ်လားမသိ။ ထိုအချိန်မှာပဲ ကုလားလေးဟဲမင်းဝေ စာလိုက်ပေးခံရသော မမြတ်သစ်က အိမ်သာထဲမှတဆင့်၊ အိမ်အလယ်ကိုဖြတ်ကာ အိမ်ရှေ့သို့ရောက်လာပါပြီ။

"ခုံမှပဲ . . ပေါ်သွားတော့တယ်ဟယ်"

"ဟင် . . မဝင်းမာပြောတော့ မမြတ်သစ် ရည်းစားစာသွားဖြဲပြီး လွှင့်ပစ်တာဆို . . ."

ခတ္တာက မေးမိသည်။ မမြတ်သစ်က ရှက်သလို၊ ရွံ့သလိုလုပ်ပြီးမှ . . .

"ငါလည်း အစကတော့ . . တန်းဖြဲမလို့ပဲ၊ ဒါပေမယ့်ဘာတွေများရေးထားလဲလို့ ဖတ်ကြည့်ချင်တာနဲ့ ဖတ်လိုက်သေးတယ်ဟာ . .၊



www.burmeseclassic.com

www.burmeseclassic.com



ဟဲမင်းဝေက ကုလားဆင်လေးပေမယ့် စာအရေးအသားကတော့ ညွှတ်နေတာပဲ၊ ဖတ်ရင်းနဲ့ ငါလည်း အိမ်သာတောင်တက်ချင်သွားတယ်၊ အဲဒါနဲ့ ကြာသွားတာ အဟီ"

ဟဲမင်းဝေကြားလျှင်ဖြင့် ရင်ကျိုးရပေမည်။ အဲဒီမှာ စတွေ့တာပဲဟု ယူကြုံးမရပင် ဖြစ်နေမလားမသိ။ ဒီကြားထဲမှာပင် မဝင်းမာက ဝင်ဟန့်သေးသည်။

"ထားစမ်းပါဟယ်၊ တရုတ်မဟုတ်ရင် စိတ်မဝင်စားနဲ့ . . ."

မဝင်းမာကို ပြန်ချေပမနေတော့ပါ။ မမြတ်သစ်၏လက်ကို စင်ကြယ်အောင်ဆေးခိုင်းပြီး သဘော်သီးခြစ်ခိုင်းရသည်။ ခတ္တာက ကြက်သွန်လှီး၊ မဝင်းမာက ငရုတ်သီး၊ ငရုတ်ကောင်းထောင်း၊ ပြီးလျှင် ဇာခြည်က လိုအပ်သည့် အစာများကိုထည့်ကာ နယ်ပြီးသကာလ၊ မေသန္တာကို စားသောက်ရန် ပြင်ဆင်ခိုင်းလိုက်သောအခါ အသင့်စားသုံးနိုင်သော ဟီးဟားသဘော်သီးထောင်း ရပါပြီ။ ကြော်ငြာခြင်း မဟုတ်ပါ။ (ထို 'ဟီးဟား' သဘော်သီးထောင်းနည်းကို အသေးစိတ်သိလိုပါက ကြယ်ပွင့်စာပေသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ စာရေးသူ)

'ဟီးဟား' သဘော်သီးထောင်းဟု ဆိုခဲ့သည့်အတိုင်း စားသောက်ပြီးကြတော့ မနက်က မမြတ်သစ်စာပေးခဲ့ရသည့် ကိစ္စကိုပြန်ပြောပြီး တဟီးဟီး၊ တဟားဟား ဖြစ်နေကြသည်။

မမြတ်သစ်က သူချည်းပဲ အပြောခံနေရသောကြောင့် ထင်သည်။ ခတ္တာဘက်ကိုလှည့်ပြီး . . .

"ကဲ . . မိတ္တာ ပြောပါဦး၊ ပြင်ဦးလွင်က ပြန်ရောက်နေတာပဲ နှစ်ပတ်လောက်ရှိပြီ၊ ငါတို့နဲ့ ခုမှတွေ့ရအောင် ဘာတွေများ အလုပ်များနေတာလဲ"

"ဒီလိုပါပဲ၊ ရန်ကုန်မှာ အိုက်လွန်းတာနဲ့ အပြင်မထွက်ဖြစ်တာ"

www.burmeseclassic.com



"အံမယ် . . ကြီးကြီးကျယ်ကျယ်၊ နင်လည်း ရန်ကုန်သူပါနော်"

ဇာခြည်က ဝင်ပြော၏။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ခတ္တာက ရန်ကုန်သူပေမယ့် ကျောင်းပြီးကတည်းက ပြင်ဦးလွင်မှာပဲ အနေများသည်။ ဟိုက အဒေါ်က ခတ္တာတို့ညီအစ်မသုံးယောက်ထဲမှာ ခတ္တာကို အချစ်ဆုံး။ သားသမီးလည်း မရှိသောကြောင့် ခတ္တာကို ပြင်ဦးလွင်မှာ နေစေချင်သည်။ သူမကလည်း ဟိုက ရာသီဥတုကို ကြိုက်သဖြင့် တစ်နှစ်မှာဆယ်လလောက် သွားနေဖြစ်၏။ ခုလည်း မေမေလှမ်းခေါ်၍ ရန်ကုန်ကို မြန်ဆင်းလာခြင်းဖြစ်သည်။

ဇာခြည့်စကားကို သူမက ပြုံးနေလိုက်သည်။ မေသန္တာက စကားစလာပြန်၏။

"ဟဲ့ . . မိတာ၊ ပြင်ဦးလွင်မှာကော ဇာတ်လမ်းတွေဘာတွေ မဖြစ်ခဲ့ဘူးလား"

"ထားစမ်းပါဟာ၊ ဟိုမှာ ပန်းပင်တွေနဲ့တင် အားတာမဟုတ်ဘူး"

"ဩော် . . အားရင်တော့ ဖြစ်ချင်တယ်ပေါ့"

"အေးလေ . . ငါလည်း ဒီအရွယ်ရောက်တော့မှ ရည်းစားလေးဘာလေး ရချင်ပြီပေါ့ဟာ၊ တော်ကြာ မဝင်းမာကြီးလို ဖြစ်နေဦးမယ်"

ခတ္တာက မဝင်းမာကို စလိုက်၏။ စကားက သူ့ဘက်လှည့်လာသောကြောင့် မဝင်းမာ မခံချင်ဖြစ်သွားရှာ . . .

"ကောင်မတွေနော်၊ ငါက မရှာချင်သေးလို့ဟဲ့၊ မရှာချင်သေးလို့ . . ."

"ဟုတ်မှာပါ၊ မဝင်းမာနဲ့ ယူမယ့်တရုတ်ဘွာ မမွေးသေးလို့နေတာတယ်"

"ဟော . . ဟုတ်လား၊ ဒီလောက် ကမ္ဘာမှာ လူဦးရေအများဆုံး



www.burmeseclassic.com

www.burmeseclassic.com



တရွှတ်ထဲမှာတောင် မမွေးသေးဘူးလား"

ဝိုင်းရယ်ဖြစ်ကြသည်။ မဝင်းမာလည်း ကိုယ့်စကားနှင့်ကိုယ် အရွှတ်ပြေလိုက်ရယ်နေရသည်။ ပြီးမှ ခတ္တာကိုကြည့်ပြီး . . .

"စကားမစပ် မေးရဦးမယ်၊ နင် ရန်ကုန်မှာ ဒီတစ်ခေါက် ကြာကြာနေဖြစ်မှာလား"

"မပြောတတ်သေးဘူး၊ အခြေအနေအရပဲ . . ."

ထိုစကားကို မမြတ်သစ်က သိပ်ဘဝင်မကျဘဲ . . .

"ဒါနဲ့ . . နင့်အိမ်က ဘာကိစ္စအရေးကြီးလို့ လှမ်းခေါ်တာတဲ့လဲ . . ."

"ဘာရှိရမှာလဲ၊ ကိုသစ္စာ ပြန်ရောက်နေပြီလေ၊ အဲဒါကြောင့်ပေါ့"

အားလုံးခတ္တာကို ဝိုင်းကြည့်မိကြသည်။ ကိုသစ္စာဆိုသည့်လူက ခတ္တာနှင့် လူကြီးချင်းသဘောတူထားသူ။ ခတ္တာက မကြိုက်သော်လည်း ကိုသစ္စာက ခတ္တာကို ဘယ်လိုရရယူမည့်သဘောရှိ၏။ ထိုကိုသစ္စာက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေခြင်း ဖြစ်သည်။ ဒီတစ်ခေါက်ပြန်လာလျှင် ခတ္တာနှင့်နေရာချပေးမည်ဟု သိထားသောကြောင့် အားလုံးစိတ်ဝင်စားသွားကြခြင်း ဖြစ်၏။

ခတ္တာကတော့ အေးအေးလူလူပင်။ မအေးနိုင်သော မဝင်းမာကြီးက ပူပင်လာသည်။

"ဟဲ့ . . မိတ္တာ၊ ဒါဆို နင် လင်ယူဖို့ ပြန်လာတာပေါ့၊ ဟုတ်လား"

"ပြန်လာတယ်ဆိုတာလည်း ဟုတ်တယ်၊ အချိန်တန်ရင် လင်ယူမှာလည်း ဟုတ်တယ်"

"ခုပဲ ကိုသစ္စာပြန်ရောက်နေပြီဆို"

"အာ . . မဝင်းမာကလည်း . . သူပြန်ရောက်တိုင်း ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ယူရမှာလား"

"နင်ပဲ အချိန်တန်ရင် လင်ယူမယ်ဆို . . ."

"ဟုတ်တယ်လေ၊ အဲဒါ ကိုသစ္စာတော့ မဟုတ်ဘူး"

"ဟယ် . . ဒါဆို နင့်မှာ ဘဲရှိနေပြီပေါ့၊ ကောင်မ ပြင်ဦးလွင်က မဟုတ်လား"

အားရဝမ်းသာဟန်နှင့် ဇာခြည်က ဝင်မေး၏။ သူမက ကိုသစ္စာကို ကြည့်မရသောကြောင့် ကိုသစ္စာကလွဲပြီး အားလုံးနှင့် သဘောတူသူဖြစ်သည်။ ခတ္တာကလည်း ကိုသစ္စာကလွဲသော အားလုံးထဲက တစ်ယောက်ကိုပဲ ယူချင်ပါသည်။ ထို့ကြောင့် ခတ္တာက . . .

"ပြင်ဦးလွင်ကလည်း မဟုတ်ဘူး"

စကားဖြတ်ကာ မဝင်းမာကို ကြည့်လိုက်ပြီးမှ . . .

"အဲ . . တရုတ်လည်း မဟုတ်ဘူး"

"ရှုပ်နေတာပဲ မိတာရယ်၊ ဒါဆို ဘယ်သူလဲ ပြော . . ."

စိတ်ညစ်သွားဟန်နှင့် မေသန္တာက ဝင်မေးပြန်သည်။ မဝင်းမာကတော့ မျက်နှာကိုမဲ့ပြ၏။ ခတ္တာက သူ့ဆံပင်စင်းစင်းလေးကို လွှင့်ရမ်းသွားသည်အထိ ခေါင်းခါလိုက်ရင်း . . .

"ဟင့်အင်း . . ငါလည်း မသိသေးဘူး၊ ဒါပေမယ့် ကိုသစ္စာကို မယူချင်ရင်တော့ တစ်ယောက်ယောက်တော့ ယူရတော့မှာပဲဆိုတာကို ပြောတာ . . ."

"ဟဲ့ . . မိတာ . . ."

မဝင်းမာက ချက်ချင်းစကားစဟန်ပြင်၏။ ခတ္တာက . . .

"ပြောပြီးသားနော် . . . တရုတ်မပါဘူး"

အားလုံး မဝင်းမာကို ဝိုင်းရယ်ကြတော့သည်။ ခတ္တာက ချင်းစရာကောင်းသူလေးမို့ မဝင်းမာက သူ့မောင်ဝမ်းကွဲ နေမျိုးကျော်နှင့် ကျိတ်ပြီးသဘောတူနေသောကြောင့် ဖြစ်သည်။ အမြဲလိုလို ဘောင်သွယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်၏၊ နေမျှိုးကျော်လို အရက်သမားကိုတော့ ခတ္တာက စိတ်မဝင်စားချေ။ ခုထိလည်း သူမနှလုံးသားကို မိန်းမောမှင်သက်စေလောက်သည့် တစ်ယောက်ယောက်က မရှိသေးပါ။ ကိုသစ္စာ၏ နဖူးပြောင်ပြောင်ကြီးကပဲ သူမကို ခြိမ်းခြောက်နေပါသေးသည်။

* * * *

www.burmeseclassic.com

## (၃)

ခတ္တာဆိုသော သူမက လောကီပညာတွေလိုက်စားပြီး အကြား၊ အမြင်ရနေသူ မဟုတ်ပါ။ ဗေဒင်ဆရာကြီးတစ်ဦး၏ တပည့်မလည်း မဟုတ်ရိုးအမှန်ပါ။ ဒါပေမယ့်လည်း ဒီမနက် ကိုသစ္စာအိမ်ကိုလာမည် ဆိုတာကိုတော့ သိနေ၏။ မြေကြီးကို ဖနောင့်နှင့်ပေါက်လျှင် နာသွားဦးမည်။ ကိုသစ္စာကတော့ မကြာမီပင် ရောက်လာပါတော့မည်။ သူမလည်း ဘယ်လိုမှကြည့်မရချေ။ နိုင်ငံခြားမှ ပြန်ရောက်ထဲက လာလာပြနေသော ကိုသစ္စာမျက်နှာကို ဖြစ်သည်။

ဒီနေ့လည်း အပြင်ထွက်ရန် အကြောင်းတစ်ခုခုက ပြရဦးမည်။ အိမ်ရှေ့မှာ စာထိုင်ဖတ်နေသော မမငုဝါကို ကြည့်လိုက်၏။ မမက တက္ကသိုလ်တစ်ခုမှ ကထိကတစ်ယောက်ဖြစ်သည်။ အမြဲလိုလို အေးအေးချမ်းချမ်းနေတတ်သော မမက လှပသော်လည်း ဆရာမပီသစွာ အိမ်ထောင်မပြုသေး။ အရွယ်ရှိသေးသော်လည်း လုံးဝစိတ်မကူး



www.burmeseclassic.com

www.burmeseclassic.com



တော့ဟု အတိအလင်း ကြေညာထားသည်။ မိမိမှာသာ ထိုသို့မကြေညာရဲ၍ ကိုသစ္စာနှင့် စိစဉ်ခံရခြင်းဖြစ်၏။ အငယ်မလေး ဇလပ်ဝါကလည်း ခုမှ လေးတန်းသာရှိသေးသဖြင့် မိမိဘက်ကို ဒီအရှုပ်ထုပ်ကြီးက ရောက်လာခြင်းဖြစ်သည်။ ဘယ်ကိုမှပို့မရသော ပြဿနာဦးခေါင်းကြီး။ ထိုသို့ စိတ်မောစွာတွေးပြီး မမအနားရောက်သွား၏။

"မမ . . ."

"ဟေ . . ဘာလဲ ညီမလေး . . ."

လက်ထဲက တရားစာအုပ်ကိုချရင်း မမက မေးသည်။ ခတ္တာက သက်ပြင်းချပြီး . . .

"ညီမလေး . . ယောကျ်ားမယူချင်သေးဘူး မမရာ . . ."

မမက ဒါဆိုလည်း ကိုသစ္စာကို ငါပဲယူလိုက်တော့မယ်ဟု မဖြေပါ။ သူမကိုပင် နဝေတိမ်တောင်ဖြင့် . . .

"အဲဒါကို မမက ဘယ်လိုလုပ်ပေးရမှာလဲ ညီမလေးရယ်၊ လူကြီးတွေ စီစဉ်ထားကြတာလေ"

ဒီလိုဆိုပြန်တော့လည်း မမက သူ့ဘာမှမလုပ်ပေးနိုင်သလိုမျိုး . .။ ဒါမျိုးကြီးကို မမပဲယူတော့ဟူ၍လည်း မထိုးပေးရက်ပြန်။ ကိုယ်ကပင် မယူချင်သေးသည်ပဲ။

မမကို စိတ်မညစ်စေချင်သောကြောင့် ခတ္တာက ဘာမှမဖြစ်သလို ပြုံးပြကာ . . .

"မမ . . ဖေဖေ လက်ဖက်ရည်ဆိုင်သွားပြီလား"

မမက သဘောပေါက်စွာပဲ . . .

"သွားပြီ၊ မေမေလည်း ဈေးသွားတယ်၊ ညီမလေး သူငယ်ချင်းအိမ်သွားချင်သွားလေ၊ မမ ကြည့်ပြောထားလိုက်မယ်"

ခတ္တာက မမကို သိုင်းဖက်ပြီး တစ်ချက်နမ်းလိုက်သည်။ မိဘတွေကို မလွန်ဆန်ချင်သောကြောင့် စိတ်ညစ်နေရသော သူမကို မမက



www.burmeseclassic.com

www.burmeseclassic.com



အမြဲစိတ်ချမ်းသာစေပါသည်။ အားရဝမ်းသာစွာပင် မမရှေ့က လှည့်ထွက်ခဲ့၏။ အိမ်ရှေ့ဝရံတာတွင် စာကျက်နေသည့် အငယ်မကိုပင် ကောင်းကောင်းကျက်နော်ဆိုပြီး ခေါင်းကို အားအားယားယား တစ်ချက်ခေါက်ခဲ့သေး၏။ အငယ်မဇလပ်ဝါက မိစွာတေး။ စလို့အလွန်ကောင်းသည်။ ခုလည်း အော်ဟစ်ပြီး ကျန်ခဲ့၏။

မဝင်းမာကြီးဆီသွားမယ်ဆိုပြီး ကားမှတ်တိုင်သို့ ဦးတည်လိုက်သည်။ ကားတစ်စီးက လူကျပ်ညပ်ပြီး ထိုးဆိုက်လာ၏။ ကားပေါ်ပြေးတက်မလိုလုပ်ပြီးမှ ဟိုတစ်ရက်ကလို ဖြစ်မှာစိုးသောကြောင့် ပိုက်ဆံအကြွေရှာလိုက်မိသည်။ ပိုက်ဆံအကြွေက မရှိချေ။ ထိုအချိန်မှာပဲ မေမေက ကားပေါ်မှ ဈေးခြင်းတောင်းကြီးနှင့် ဆင်းလာသည်ကို တွေ့လိုက်ရသည်။ အတွေ့ခံ၍ မဖြစ်ပါ။ မကြီးမငယ်နှင့် နားရွက်ဆွဲပြီး ခေါ်ခံရဦးမည်။ မေမေက ပြောလို့ရသည်မဟုတ်။ ကားမှတ်တိုင်မှ ခနွန်းသုန်းကား ပြေးထွက်လိုက်ရသည်။ စိတ်ရှုပ်လာသဖြင့် သိပ်မှ မဝေးတာဟုတွေးပြီး ခတ္တာ ကိုယ့်ခြေထောက်ကိုပဲ အားကိုးလိုက်ပါသည်။

လှမ်းလျှောက်လာရင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှ ဖြတ်အလျှောက်မှာ ခတ္တာသိလိုက်သည်။ သူ့နောက်မှ တစ်ယောက်ယောက်က ကပ်လိုက်လာပြီ။ သိပ်တွေးစရာမလိုပါ။ အကြောင်းအရင်းကို သိလိုက်၏။ ခတ္တာဆိုသည့် သူမကလည်း နာမည်နှင့်လိုက်အောင် ခါတတ်သူမဟုတ်ချေ။ သို့စင်လျက် သူမနောက်ကလိုက်သူ၊ ပြူးပြဲကြည့်သူတွေကို အမြဲကြုံရသည်။ စိတ်ရှုပ်စရာလည်း ကောင်းပါသည်။ ခပ်တည်တည်နှင့် ရိုးရိုးယဉ်ယဉ်ပဲ ဆက်လျှောက်လိုက်၏။

ခြေသံက သူမနောက်ကို တဖြည်းဖြည်းနီးလာကာ . . .

"မမ . . မမ . . ခဏလေးပါ"

ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူမထက် ငါးနှစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်မည်ဟုထင်ရသော ကလေးမသာရုပ်နှင့် ကောင်လေးတစ်ယောက်။ ထိုကောင်လေးက သူမနှင့် ဘေးချင်းယှဉ်လျှောက်လိုက်ပြီး . . .

"မမ . . ကျွန်တော်က မမတို့ရုပ်ကွက်ထဲကပါ။ မမ သိမလား မသိဘူး၊ ဥက္ကာပါ မမ"

"ဘယ်သိမှာလဲ၊ အုတ်ကျောတာလည်း မသိဘူး၊ ထရံကာတာလည်း မသိဘူး၊ မင်း ကိုယ့်လမ်းကိုယ်သွားရင် ကောင်းမယ်"

ခတ္တာက ခပ်တည်တည်နှင့် ပိတ်ဟောက်ပစ်လိုက်သည်။ ကောင်လေးက လုံးဝဂရုမစိုက်ဟန်နှင့် မထီတရီပင် ပြုံးလိုက်သေး၏။ ပြီး ဆက်လိုက်လာသေးသည်။

"ကျွန်တော်ကတော့ မမခတ္တာကို သိပါတယ်၊ ကျွန်တော့်ကိုလည်း မှတ်ထားပါ မမ၊ ဥက္ကာကိုကို (သံတွဲ) ဆိုပြီး ကဗျာတွေဘာတွေ ရေးတယ်လေ"

"ဟာ . . ရှုပ်ရှုပ်ယှက်ယှက်၊ ငါ ကဗျာလည်း မဖတ်ဘူး၊ မှတ်လည်း မထားနိုင်ဘူး၊ မင်းသွားတော့ . . . "

"ဥက္ကာကိုကို စိတ်ညစ်သွားပုံရသည်။ သူ့ကလောင်နာမည်က ဒီလောက်တောင် လူသိနည်းသွားပြီလားဟုလည်း သောကပင်လယ် ဝေသွား၏။ ဥက္ကာကိုကိုဆိုမှတော့ စိတ်မလျှော့နိုင်ချေ။ တစ်ညလုံး မအိပ်ဘဲရေးထားသည့် စာနှင့်ပူးတွဲပါ မမကဗျာရှည်ကြီးကိုထုတ်ကာ တစ်မျိုးထပ်လုပ်လိုက်၏။

"မမက ပြန်ဆိုရင်လည်း ကျွန်တော်ပြန်မှာပါ၊ ဒါပေမယ့် ဒီစာလေးကိုတော့ လက်ခံပေးပါ မမ"

"စာ ဟုတ်လား၊ ဘာစာလဲ . . . "

သိသိကြီးနှင့် ခတ္တာက မေးလိုက်သည်။ ဥက္ကာကိုကိုက ဆွေးရီ အက်ကွဲသော လေသံလေးဖြင့် အဝေးကိုကြည့်ပြီး . . .

"ကျွန်တော့်ရဲ့ မဖြစ်နိုင်ဘူးလို့ထင်ထားတဲ့ အိပ်မက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သင်ပုန်းချေချင်တဲ့ စာလေးပါ မမရယ်"

ခတ္တာက ဥက္ကာကိုကို့ကိုကြည့်ပြီး ရယ်ချင်ပက်ကျိဖြစ်သွားသည်။

"မဖြစ်နိုင်တာများ မင်းသိရဲ့သားနဲ့ကွာ၊ ဒီလို ကိုယ့်ဘဝကိုယ်နားလည်တတ်တာကိုတော့ မမ ဝမ်းသာပါတယ်၊ ကဲ . . ပြန်တော့နော် မောင်လေး . . လိမ္မာပါတယ်ကွယ်"

ဆုံးမသလိုလိုနှင့် တမင်ဟန်လုပ်ပြီး ခတ္တာပြောလိုက်သည်။ ဥက္ကာကိုကိုလည်း ဘာလုပ်ရမှန်းမသိအောင် သွက်ချာပါဒဖြစ်သွား၏။ ကိုယ့်စကားနှင့်ကိုယ် လေငန်းဖမ်းသလို ကျန်ခဲ့ရသည်။

ခတ္တာတစ်ယောက် မဝင်းမာအိမ်သို့ နောက်ထပ်အနှောင့်အယှက်မရှိဘဲ ရောက်သွားပါသည်။ ပို၍စိတ်ညစ်ရပြန်၏။ မဝင်းမာကြီးက အိမ်မှာမရှိပါ။ အမျိုးတစ်ယောက်လာခေါ်၍ လသာက တရုတ်တန်းဘက်သွားပြီး တရုတ်အစားအစာများ သွားစားကြသည်ဟု သူ့အမေတရုတ်မကြီးက ဆိုပါသည်။ သူသည်ပင် တရုတ်ဖယောင်းတိုင်တွေမှာလိုက်ကြောင်း ထပ်လောင်းပြောကြားလိုက်သေး၏။ ဒီလိုအဖြစ်မျိုးတွေလည်းရှိလားဟု မချိမဆန့်တွေးကာ မဝင်းမာကြီးအိမ်နှင့် သိပ်မဝေးသည့် ဇာခြည်တို့အိမ်ကို ထပ်သွားလိုက်၏။

လမ်းထိပ်ရောက်စဉ်မှာပဲ ခတ္တာအံ့သြသွားသည်။ ဇာခြည်ကို ကတုံးဆံပင်ပေါက် လူတစ်ယောက်နှင့်တွဲပြီး တွေ့လိုက်ရသောကြောင့်ဖြစ်၏။ သူ့ကိုမြင်တော့ ဇာခြည့်မျက်နှာက မလုံမလဲဖြစ်သွားပြီး . . .

"မိတာ . . ဘယ်သွားမလို့လဲ . . ."

သူတို့လမ်းထိပ်မှာ တွေ့တာကိုပဲ ဘယ်လဲလာလုပ်နေသည်။ နင့်အမေယောကျ်ားအိမ်ဆိုရင် မကောင်းက ဖြစ်ဦးမည်။ ခတ္တာက မလျော့မတင်းဟန်ဖြင့် . . .

"ဘယ်ကိုသွားရမှာလဲ၊ နင့်ဆီလာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်(စ်) . . ငါမအားဘူး မိတာရယ်၊ ကိုမင်းနဲ့ သွားစရာရှိလို့ဟာ . . ."

ပြောရင်း ဇာခြည်က ရှက်ကိုးရှက်ကန်း ဖြစ်နေသေးသည်။ ခတ္တာလည်း သဘောပေါက်သွားပြီး ဒီနေ့ကံမကောင်းသည့် ကိုယ့်ကိုယ်ကိုပဲ စိတ်ဖြေယူရသည်။

အတင်းကြီးစကားဖြတ်ချင်နေသော ဇာခြည်ကိုကြည့်ကာ-

"အေး . . အေး . . သွားလေ၊ ဟဲ . . ဇာခြည်မ . . ."

"ဟင် . . ဘာလဲ"

ဇာခြည်က သွားဟန်ပြင်ပြီးမှ ဆတ်ခနဲ လှည့်ကြည့်သည်။

"ဩော် . . ကြည့်သွား ကြည့်စားလို့ ပြောမလို့ပါ"

ဇာခြည့်ဘေးက ငနဲလည်း မျက်နှာမဲ့သွား၏။ အသံတိတ်လှမ်းဆဲသော ဇာခြည့်ကိုရယ်ပြပြီး ခတ္တာလှည့်ထွက်လာခဲ့သည်။ သူများတွေမှာတော့ တရုတ်အစားအစာနှင့် သာသာယာယာ၊ တချို့ကလည်း ဘေးက ဘာဘာညာညာနှင့်။ ကိုယ့်မှာပဲ မသာမယာဖြစ်ဖို့ဇာတာကပါလာလေပြီလားမသိ။

မမြတ်သစ်နှင့် မေဘာန္တာတို့ဆီလည်း ဝေးလွန်း၍ ကျူးကျူးကျော်ကျော် မသွားချင်တော့။ စိတ်မောလူမောကြီးနှင့် အိမ်ပြန်ရောက်သွား၏။ လမ်းမှာ တဖွဖွဆုတောင်းလာခဲ့သော်လည်း မပြည့်ဝရိုးအမှန်ပါ။ တွေ့လိုက်ရပါပြီ။ အိမ်ဦးခန်းမှာ တက်ထိုင်နေသူက ကိုသစ္စာ . .။ သူမကို မဟာနဖူးကြီးနှင့် ခြောက်ခြားစေသော ကိုသစ္စာရယ်ပါ။ ပြင်ဦးလွင်ကို တစ်ခါထဲ ထွက်ပြေးချင်စိတ်ပေါက်သွားသည်။

ကိုသစ္စာက ဖေဖေနှင့် စကားကောင်းချင်ဟန်ဆောင်နေသည်။ သူမကိုမြင်တော့ ဝုန်းခနဲ ထရပ်မလိုဖြစ်သွားသေး၏။ ပြီးမှ ဖေဖေ့ကိုရှိန်ပြီး စိတ်ထိန်းလိုက်ဟန်တူသည်။ ဒါတောင် စကားအတိုအစကထွက်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခတ္တာလေး ပြန်လာပြီလား၊ ကိုယ်တောင် ရောက်နေတာ အတော်ကြာသွားပြီ"

"ဩော် . . ဟုတ်လား၊ ပြန်တော့မလို့ ထင်တယ်၊ အားနာလိုက်တာ"

"အင်း . . ပြန် . . အဲ . . မပြန် . . ရပါတယ် ခတ္တာလေးရဲ့"

ကိုသစ္စာ အိုးနင်းခွက်နင်းဖြစ်သွား၏။ ဖေဖေက သူမကို ရှုတင်းတင်း တစ်ချက်လှမ်းကြည့်ပြီးမှ ကိုသစ္စာဘက်ကို ပြန်လှည့်ကာ-

"နေပါဦး မောင်သစ္စာရဲ့၊ ထမင်းစားပြီးမှ ပြန်မှပေါ့၊ မင်းအန်တီက မင်းလာမယ်ဆိုလို့ ပုဇွန်ထုပ်တွေချက်နေတာ . . ."

"ဟာ . . နေပါစေ၊ ဦးကလည်း အားနာစရာကြီး"

"ဘာကို အားနာနေတာလဲကွ၊ စားပြီးမှ ပြန် . . ."

ဖေဖေ့စကားကို မလွန်ဆန်ရဲသလို ခေါင်းညိတ်ပြပြီးမှ ခတ္တာကို လှမ်းကြည့်သည်။ ခတ္တာလည်း မသိကျိုးကျွန်ပြုရင်း အခန်းထဲဝင်လာခဲ့လိုက်၏။ ခပ်လှမ်းလှမ်းမှ မမက ခတ္တာကိုကြည့်ကာ မချိပြုံးလေးပြုံးပြရှာသည်။

ထိုသို့ဖြင့် ကိုသစ္စာကိုခြံရံပြီး သူတို့မိသားစု ထမင်းစားရပြန်၏။

ထမင်းဝိုင်းမှာ မေမေက ပျူငှာလွန်းသည်။ သူ့သားမက်လို့ အပိုင်တွက်ထားလေလား မသိ။

"မောင်သစ္စာ ထည့်စားလေ၊ သား ပုဇွန်ကြိုက်တယ် မဟုတ်လား"

"ကြိုက်ပါတယ်၊ ဟိုမှာဆို ဂျပွန်က သိပ်စားရတာ မဟုတ်ဘူး၊ ဒီရောက်မှ ဂျပွန်လတ်လတ်ဆတ်ဆတ် စားရတာဗျ"

ဗုဒ္ဓေါ . . ။ ခတ္တာပင်မက တစ်ဝိုင်းလုံး မျက်လုံးပြူးသွားကြသည်။ ပုဇွန်ကိုများ ဂျပွန်တဲ့ . . ။ ဘယ်နှာကြီးလဲ။ ကိုသစ္စာကတော့ သူ့စကားကိုသူ သတိမထားမိသေးပါ။ လူကြီးတွေက မသိချင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လိုက်သော်လည်း အငယ်မဇလပ်ဝါက မအောင့်နိုင်ဘဲ တခွိုးခွိုး ရယ်ပြီး . . .

"ဦးသစ္စာကြီးကလည်း ပုဇွန်ကို ဂျပွန်တဲ့ . . ဟီး . . ဟီး . . ဟီး . . . "

"ဟာ . . ဒီကောင်မလေး . . . "

ဖေဖေလှမ်းဟန့်တာပင် မမှီလိုက်ပါ။ မျက်နှာကြီးတစ်ခုလုံး ရဲရဲနီသွားပြီး ကိုသစ္စာခေါင်းမဖော်ရဲတော့ချေ။ ထမင်းကိုသာ တွင်တွင်ငုံ့စားနေပြီး သူပြောသည့် ဂျပွန်ကိုလည်း ယူမစားရဲတော့။ ခတ္တာနှင့်မမငုဝါလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိဖြစ်နေ၏။

ခဏကြာသွားတော့မှ ကိုသစ္စာအရှက်ပြေလောက်ပြီဟု မေမေက ယူဆမိလားမသိပေ။ ဟင်းထည့်မစားရဲတော့သည့် ကိုသစ္စာအတွက် ဖေးဖေးမမလေး ပြောပေးရှာသည်။

"မောင်သစ္စာ . . ဟင်းထည့်စားဦး၊ ဟဲ့ . . သမီးခတ္တာ၊ နင့်အကို့ကို ပဂျန်ထဲ အဲ ပုဂံထဲ ဂျပွန်တွေ ထည့်ပေးလိုက်လေ၊ အမလေး . . ငါတော်မှားကုန်ပြီဟဲ့"

တစ်ဝိုင်းလုံး ဘယ်သူမှ မအောင့်အီးနိုင်တော့။ တသောသော ရယ်ကြလေသည်။ ကိုသစ္စာမှာလည်း ရှက်ရှက်နှင့်လိုက်ရယ်နေရ၏။ ခတ္တာမှာလည်း ဂျပွန်တွေကို ပဂျန်ထဲ ထည့်ပေးခွင့်မရတော့ပါ။ ကောင်းပါသည်။ ကိုသစ္စာ မစားနိုင်မသောက်နိုင်ဘဲ ပြန်သွားရလေသည်။ ကောင်းပါ၏။ ဒီနေ့ ရက်ရာဇာဖြစ်ဖို့များပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

သတ္တိကို အလုပ်ရှိသည်ဟု ဆိုလို့မရသလို အလုပ်မရှိဟုလည်း ဆိုလို့မရပြန်ချေ။ အဖေမန္တလေးသားက အမေရန်ကုန်သူနှင့် ရပ်ကျော်ရွာကျော် အိမ်ထောင်ကျပြီး၊ သတ္တိကို မီးရှူးသန့်စင်ခဲ့ခြင်းဖြစ်သည်။ သတ္တိအရွယ်မရောက်ခင်ကပဲ ဖေဖေက မန္တလေးမှာ ကုမ္ပဏီသွားထောင်၏။ ငယ်သေး၍ သတ္တိကလည်း မတားမိခဲ့။ ခုအရွယ်ရောက်တော့ ဖေဖေ့အလုပ်က မန္တလေးမှာ အခြေချခိုင်မာနေပြီ။ မေမေသည်ပင် ဟိုမှာဖေဖေနှင့် လိုက်နေသည်က များ၏။ သတ္တိမှာပဲ မေမေ့ညီမ အဒေါ်အပျိုကြီးနှင့် စခန်းသွားနေရသည်။ အကောင်းလည်း မနေရပါ။ ဟိုက ဖေဖေလှမ်းမှာသည့် ပစ္စည်းများကို မကြာခဏ ဝယ်ပို့ပေးရသေး၏။ သားအဖချင်းဆိုတော့လည်း လခလည်း မယူရက်ပါ။ နောက်တော့မှ ဒီကုမ္ပဏီကြီးတစ်ခုလုံး အပိုင်စီးတော့မည်ဟု ဆုံးဖြတ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဈေးသေးတို့ ပစ္စည်းပို့ပြီး အိမ်ပြန်ရောက်တော့ ကိုချမ်းကြီးက အားအားယားယား ရောက်နေ၏။ တကူးတကန့်လာပုံထောက်လျှင် တော့ အကြောင်းရှိ၍ဖြစ်မည်။ ပြီး တစ်ယောက်ထဲလည်း မဟုတ်။ ခန့်မင်းထက်က ပါလာသေး၏။

နှစ်ယောက်သား အိမ်ပေါ်တက်ပြီး သူ့အဒေါ်၏မသထာ ရေစာကော်ဖီကို သောက်နေကြ၏။ သတ္တိအဒေါ်က အပျိုကြီးပီပီ ကပ်စီးနည်းသည်။ ခုလည်း ဒီကော်ဖီမျိုးပြီးရင် ရေတောင်တောင်း မသောက်နဲ့ဟူသော မျက်နှာပေးမျိုးနှင့် ခပ်လှမ်းလှမ်းက ကြည့်နေ၏။ သတ္တိကိုမြင်တော့မှ ကိုချမ်းကြီးက အသက်ရှူဝသွားဟန်ဖြင့် ဝမ်းသာ အဲလဲဖြစ်သွားသည်။

"ဟား . . ကြာလိုက်တာ ငတိရာ၊ ငါတို့ရောက်နေတာကြာ ပြီကွ"

"ဟဲ့ . . သတ္တိကို သတ္တိပဲခေါ်လေ၊ ဘာ ငတိလဲ"

ထိုစကားက သတ္တိပြောလိုက်ခြင်း မဟုတ်ပါ။ ချစ်တူလေးကို မထီလေးစားခေါ်သော ကိုချမ်းကြီးကို အဒေါ်က ဝင်ဆုံးမခြင်းဖြစ် သည်။ ကိုချမ်းကြီး အိခနဲ ဇက်ပုသွား၏။ ပါးစပ်ကလည်း လွှတ်ခနဲ-

"ဗျာ . . အန်တီ . . ."

"ဗျာ မလုပ်နဲ့၊ ဟုတ်ကဲ့ ပြော"

"ဟုတ် . . ဟုတ်ကဲ့ အန်တီ၊ ဟို . . ဘာ . . ဘာပြောရဦး မှာလဲ ခင်ဗျ"

ပုဝင်သွားသောဇက်ကို ပြန်ဆွဲမထုတ်နိုင်သေးဘဲ ကိုချမ်းကြီး က နဝေတိမ်တောင်ပြန်မေးသေး၏။

"မသိဘူးအေ . .၊ ပြောချင်တာ ပြောတော့၊ ဒါပေမယ့် ကောင်းကောင်းပြော . . ."

အသားလွတ်ကြီးမာန်မဲကာ အဒေါ်က ဆူနိုင်နှင့်ပိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ထသွားလေသည်။ သတ္တိအခေါ်ဆိုတော့လည်း ဒီလောက်တော့ လူပါး၀မည်ပေါ့။ ကိုချမ်းကြီးကိုကြည့်ပြီး တခွိခွိကျိတ်ရယ်နေသော ခန့်မင်းထက်က . . .

"ဟူး . . အခေါ်ကလည်း မလွယ်ဘူး"

"မလွယ်လို့ အပျိုကြီးဖြစ်နေတာပေါ့ကွ၊ လွယ်မှပဲ အရင်ကတည်းက ဒူးနဲ့မျက်ရည်သုတ်နေရမှာပေါ့"

ခုမှ သတ္တိက စပြောခြင်းဖြစ်သည်။

"အေးပါကွာ . . အေးပါ၊ ငါတို့ကိစ္စရှိလို့လာတာ ဟော့ကောင်"

"သိပါပြီ"

ကိုရီးယားကားမှ စကားလုံးမျိုး ပြောလိုက်၏။ ခန့်မင်းထက်က မရှုစိမ့်ဟန်ဖြင့်ကြည့်ပြီး . . .

"လုပ်မနေနဲ့ ဟော့ကောင်၊ လိုက်မှာလား မလိုက်ဘူးလား"

"ဘယ်လဲ . . ဘာလဲဆိုတာ ပြောဦးလေ၊ မင်းက စွတ်စက်ခေါ်နေတာပဲ"

ချက်ချင်းပင် ခန့်မင်းထက်မျက်နှာက ချိုသာသွား၏။ ပြီးမှ-

"ဒီနေ့ . . ငါ့ကောင်မလေးရဲ့ သူငယ်ချင်းတွေနဲ့ မြို့ထဲမှာ ချိန်းထားတယ်ကွ၊ အမှတ်တရပေါ့ကွာ၊ ဟိုဘက်ဒီဘက် သူငယ်ချင်းတွေကို မိတ်ဆက်ပေးရင်း ငါနဲ့ဇာခြည်က ဒိတ်ကာခံမလို့ . . ."

"ဟာ . . ဘယ်က ဇာခြည်လဲကွာ"

မဲ့ရွဲ့ရွဲ့နှင့် သတ္တိက မေးလိုက်သောကြောင့် . . .

"ငါ့ကောင်မလေးကွာ . . ငါ့ကောင်မလေး၊ ဇာခြည်ဆိုတာ ငါ့ရည်းစား၊ အသစ်စက်စက် ငါချစ်သူ . . ."

"သြော် . . ဒီလိုလား၊ ဘယ်သိမလဲကွ"

တကယ်လည်း သတ္တိမသိချေ။ ခန့်မင်းထက် ကောင်မလေးအစ်ယောက်ကို လိုက်နေသည်ဟုသာ လက်ဖက်ရည်ဆိုင်မှာ အစွန်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြားမိခြင်းသာ ရှိသည်။ ခုမှ ရည်းစားရနေပြီမှန်း သိရခြင်းဖြစ်၏။ ခန့်မင်းထက်က . . .

"ကဲပါကွာ . . သွားရအောင်၊ ဟိုနှစ်ကောင်ကို အလုပ်သွားလို့ မခေါ်လိုက်ရဘူး"

"အေး . . အေး . . လိုက်ခဲ့မယ်လေ"

"ဒါဆိုလည်း အဝတ်အစားလဲဦးလေကွာ"

ငြိမ်ကျသွားသော ကိုချမ်းကြီးက ဝင်ပြောပြန်၏။ ဒါကိုပင် အဒေါ်က အခန်းထဲကအထွက်မှာ ကြားဖြစ်အောင်ကြားသွားပြီး . . .

"ဘာအဝတ်အစားလဲဦးမှာလဲ၊ ခုမှ အပြင်ကပြန်လာတာ မမြင်ဘူးလား"

"ဟုတ် . . ဟုတ်ကဲ့ မြင်ပါတယ် အန်တီ . . ."

"ဒါဆိုလည်း သွားတော့လေ"

အဖြေစကားပင် မပေးနိုင်တော့ဘဲ ကိုချမ်းကြီး ဆင်းပြေးတော့သည်။ သတ္တိက သူ့အဒေါ်ကို ပြုံးစိစိနှင့်ကြည့်လိုက်၏။ သူ့အဒေါ် နောက်နေမှန်း ကိုချမ်းကြီး သိမည်မဟုတ်၍ဖြစ်သည်။

သပ်ရပ်ကျယ်ပြန့်သော စားသောက်ဆိုင်တစ်ခုမှာ ခန့်မင်းထက်က စီစဉ်ထားခြင်းဖြစ်သည်။ ခန့်မင်းထက်ဝင်ထိုင်လိုက်သော ဝိုင်းကို ကြည့်ကာ သတ္တိရင်ထဲ အအေးလှိုင်းတစ်ခုက ဖြတ်သွား၏။ စားပွဲဝိုင်း အလယ်တည့်တည့်မှာ ရေခဲတုံးကြီးတင်ထားသောကြောင့် မဟုတ်ပါ။ ဝိုင်း၏တဖက်စွန်းမှာ ထိုင်နေသူက ကားစီးရင်းဆုံခဲ့ရသည့် လတ်လတ်ဆတ်ဆတ် မြေပဲယိုလေး။ လသာရင် စိတ်ကူးယဉ်ရသူလေး။ သူမကလည်း သတ္တိကိုကြည့်ကာ တွေခနဲ ဖြစ်သွား၏။ ဒါဆိုရင် မှတ်မိတာ သေချာပြီ။ အဟီး . . ။

ခန့်မင်းထက်က ဦးဆောင်ကာ တစ်ယောက်ချင်း မိတ်ဆက်ပေးနေသည်။ သတ္တိအလှည့်ရောက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . သတ္တိတဲ့၊ သတ္တိ . . ဒါက ငါ့ဇာခြည်ပေါ့ကွာ၊ ဟိုဘက်က မဝင်းမာ၊ ပြီး မေသန္တာ၊ မမြတ်သစ်နဲ့ ခတ္တာတဲ့ . . ."

"ဟုတ်ကဲ့ . . တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့ မခတ္တာကို ကျွန်တော်မြင်ဖူးသလိုပဲ"

ခပ်တည်တည်နှင့် သတ္တိက စကားစလိုက်၏။ ခတ္တာကလည်း အမူအရာပင် မပျက်ဘဲ . . .

"ဪ . . ဟုတ်လား၊ လူမှားတာ ဖြစ်ပါလိမ့်မယ်"

ပြောပြီး တဖက်ပင် လှည့်သွားသေး၏။ သတ္တိမှာပဲ အောင့်သက်သက်နှင့် . . ။ ခဏနေတော့လည်း သူတို့နှစ်ယောက်ကို သတိထားမနေကြဘဲ အားလုံးမှာယူစားသုံးကြလေပြီ။ ငါနဲ့ဇာခြည် ဒကာခံမည်ဟုဆိုသော်လည်း ငမိုက်သားခန့်မင်းထက်ပဲ အကုန်ရှင်းရပါသည်။ ဇာခြည်က သူ့သူငယ်ချင်းများနှင့် စကားကောင်းနေတာ တကယ်ပဲလား မသိပါ။

အားလုံးရှင်းပြီးသွားမှ ဇာခြည်က ပြောပါသည်။ ရေခဲမုန့်လေးစားဦးလေ . . ဟု လုံးဝမဟုတ်။

"ကဲ . . ကိုမင်းနဲ့ပတ်သက်တော့လည်း သူငယ်ချင်းတွေပေါ့နော်၊ ဒီက ကျွန်မသူငယ်ချင်းတွေကိုလည်း ခင်လို့ရပါတယ်၊ သူငယ်ချင်းလိုပေါ့နော်၊ ဘာယ်လိုပြောရမလဲ၊ ကျွန်မရယ် မဝင်းမာရယ် ခတ္တာရယ်က ရပ်ကွက်ချင်းနီးတော့ လမ်းမှာတွေ့နိုင်တာပေါ့နော်၊ ခေါ်ပြောနိုင်ပါတယ်၊ ကိုမင်းပြောလို့ ကိုသတ္တိနဲ့ ကိုချမ်းမင်းအပြင် ကျန်တဲ့သူငယ်ချင်းနှစ်ယောက်ကိုလည်းပေါ့နော်၊ ကျေးဇူးတင်ပါတယ် . . အဟင်း . . ."

တောက်လျှောက်ကြီး ပေါ့နော်တွေချည်း လုပ်သွားသည်။ မည်သို့မည်ပုံပြန်ပြောရမည်ကို မသိတော့။ မည်သို့ပင်ဖြစ်စေ သတ္တိခင်ထဲမှာ လေးနက်သွားသည့် နွေလည်နေ့ခင်းလေးပဲ ဖြစ်သည်။

မြို့ထဲမှပြန်လာပြီး သုံးယောက်သား ရပ်ကွက်ထိပ်က လက်ဖက်

www.burmeseclassic.com



ရည်ဆိုင်မှာ ထိုင်ဖြစ်ကြသေးသည်။ သူနှင့်ဆုံဖူးတာကို မသိချင်ဟန်ဆောင်နေသည့် ခတ္တာကို သတ္တိစိတ်မနာနိုင်ပါ။ အမှတ်မထင် ပြန်တွေ့လိုက်ရသောကြောင့် ဝမ်းပင်သာနေသည်။ ခတ္တာနှင့်ဆုံခဲ့သည့် အဖြစ်အပျက်ကိုလည်း မအောင့်အီးနိုင်ဘဲ ပါးစပ်ဖွာလိုက်၏။

ခန့်မင်းထက်က ဟေ . . တကယ်လားဆိုပြီး အံ့သြနေသည်။ ကိုချမ်းကြီးကတော့ သတ္တိကိုကြည့်ကာ ပြုံးစိစိလုပ်နေ၏။

လက်ဖက်ရည်ဆိုင်မှာ တနေ့ခင်းလုံး လေပန်းနေပြီး ညနေစောင်းကာမှ အိမ်ပြန်ရောက်သည်။ ဖျော့တော့သွားသော နေရောင်ခြည်အစား ချိုအေးသည့်လေညှင်းကပင် တစ်ချက်တစ်လှည့် တိုက်ခတ်နေပြီ။ သာယာလင်းမြေ့သော ညနေခင်းဖြစ်သည်။

အိမ်ထဲကိုလှမ်းဝင်ဝင်ချင်း အဒေါ်က ဆီးပြော၏။ (ဟဲ့ . . အပြင်က ပြန်လာတာ သေးပေါက်ဦးလေဟု မဟုတ်ပါ။)

"သတ္တိ . . သားမေမေဆီက ဖုန်းလာတယ်၊ ဒီညနေ ပြန်ဆက်မယ် ပြောတယ်"

"ဟုတ်ကဲ့ . . ဒေါ်လေး၊ သားစောင့်လိုက်မယ်"

အေးအေးလူလူ စာအုပ်တစ်အုပ်ဖတ်ရင်း စောင့်နေလိုက်၏။ မကြာပါချေ။ ဖုန်းဝင်လာပါသည်။ ဖုန်းက တဒေါက်ဒေါက်နှင့် အိမ်ပေါ်တက်လာခြင်း မဟုတ်ပါ။ သေချာအောင်ပြောရလျှင် မန္တလေးမှ မာတာမိခင်ဆက်သည့်ဖုန်းက လေလှိုင်းထဲမှတဆင့် သားလေးသတ္တိရှိသော ရန်ကုန်ကဖုန်းမှာ အသံထမြည်ခြင်း ဖြစ်ပါသည်။

"ဟာလို မေမေ ပြော . .၊ သား မနက်က ပစ္စည်းပို့လိုက်သေးတယ်"

"အေး . . အေး . . ပြီးရော၊ ဒါနဲ့ သားကို မေမေ တာဝန်ပေးစရာရှိသေးလို့"

"ဘာများလဲ မေမေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"သားကြီးကြီးမြရဲ့သမီး နန္ဒာလေ၊ သိတယ် မဟုတ်လား"

"သိပါတယ် မေမေရာ၊ ဖေဖေ့အစ်မကြီးကြီးမြ မဟုတ်လား၊ သားညီမအစုတ်ပလုတ်လေးနန္ဒာကို သိတာပေါ့"

"သားကလည်း လုပ်တော့မယ်၊ အဲဒီ သားညီမလေးပေါ့"

"ဘာလဲ . . လင်နောက်လိုက်သွားပြီလား"

"သားနော် . . မေမေ အကောင်းပြောနေတာ"

"သိပါပြီ၊ ပြောပါ မေမေ . . ."

"နန္ဒာက နောက်နှစ်ရက်လောက်ကြာရင် ရန်ကုန်ဆင်းလာလိမ့်မယ်၊ ဆယ်တန်းအောင်ပြီဆိုတော့ သူ အဲဒီမှာ သင်တန်းတွေတက်မလို့တဲ့ကွာ၊ ဒီမှာက အစုံမရှိဘူးလေ သားရဲ့၊ ရန်ကုန်မှာဆိုတော့ တစ်နေရာနဲ့တစ်နေရာ နီးနီးလေးတက်လို့ရတာပေါ့၊ မေမေလည်း မြန်လာဦးမှာပါ၊ ဒီကြားထဲ သားညီမလေးကို သုံးလေးလလောက် စောင့်ရှောက်လိုက်ဦး၊ ဒါပဲနော် သား . . ."

စောဒကပင် မတက်လိုက်ရပါ။ မေမေဖုန်းချသွား၏။ ဒီတစ်ခါတော့ ဖုန်းခနဲ နရင်းချခံလိုက်ရသလိုမျိုး သတ္တိခံစားလိုက်ရသည်။ ကိုယ့်ညီမအကြောင်း ကိုယ်အသိဆုံး။ ဒီဆပ်စလူးမလေးကို အဘယ်သို့ထိန်းကျောင်းရမည်ပ။ သတ္တိရင်လေးသွားသည်။ ယောက်ဖခေါ်ခံရမည့်အရေးတွေ ကြိုမြင်နေရ၏။ နန္ဒာကလည်း သူနှင့်ရုပ်ချင်းခပ်ဆင်ဆင်မို့ ချောမောလှပပြေပြစ်သူကလေး ဖြစ်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

မနက်မိုးလင်းပြီဆိုလျှင် ခက္ကာစိတ်ညစ်ရပြီ။ အပြင်ထွက်ရန် ထွက်ပေါက်ရှာရပြီ။ အိမ်မှ အိမ်ဦးနတ်ဖေဖေ့ထက် ပါဝါကော၊ နက္ခတ်ကော ကြီးမြင့်သည့်မေမေ့ကို လှည့်ပတ်ရပြီ။ ကိုသစ္စာရောက်ရောက်လာသောကြောင့် ဖြစ်၏။ ကိုယ်ကလည်း ဘယ်လိုမှခံစားလို့မရတာ မတတ်နိုင်။ မနေ့ကလည်း မေမေရှိနေ၍ အပြင်ထွက်လို့မရဘဲ ကိုသစ္စာကို ဧည့်ခံလိုက်ရသေးသည်။

ဒီနေ့တော့ အခြေအနေကြည့်ရမည်။ ဖေဖေက ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ကိုသွားပြီ။ မေမေ မီးဖိုချောင်ဝင်ပြီး အားကြိုးမာန်တက် ချက်ပြုတ်ကြော်လှော်နေပြီဆိုလျှင် အနေအထားက မလှတော့။ ကိုသစ္စာ မုချရောက်လာလိမ့်မည်။

မေမေ့အလစ်မှာ မမကိုကပ်ပြောပြီး အိမ်နောက်ရင်းရှပ်အကျီဖားဖားကြီးနှင့်ပင် မဝင်းမာအိမ်သို့ ထွက်လာခဲ့၏။ မဝင်းမာတို့ အိမ်နီး



www.burmeseclassic.com

www.burmeseclassic.com



နားချင်းတွေကလည်း ပြောရှာမည်။ ဒီကောင်မလေး ရုပ်ကလေး လှသလောက် အိမ်လည်ပက်စက်သည်ဆိုပြီးပေါ့။

မည်သို့ပင်ဆိုစေ မတတ်နိုင်ပါ။ အိမ်မှာဆိုလည်း ကိုသစ္စာနှင့် ဒုက္ခ။ လမ်းမှာဆိုလည်း ဥက္ကာဆိုသည့် သတ္တဝါလေးကို ကြည့်ရှောင် ရသေးသည်။ လွတ်လပ်သောနိုင်ငံမှာနေရင်း မလွတ်လပ်သလို ခံစား နေရ၏။ ကိုသစ္စာနှင့် ဥက္ကာကို ရန်တိုက်ပေးလျှင် ကောင်းမလားဟု စိတ်ပေါက်ပေါက်နှင့် တွေးမိသေးသည်။ ဆက်မတွေးဝံ့တော့။ အတွေး ထဲမှာ ကိုသစ္စာနှင့် ဥက္ကာတို့က နိုင်တဲ့သူကို နင်ယူမလားဟု မေးသော ကြောင့်ဖြစ်သည်။

လမ်းမှာ ဥက္ကာကို ဖြတ်ခနဲ တွေ့လိုက်ရ၍ ဆတ်ခနဲ ကွေ့ ပတ်လာရသေးသည်။ မဝင်းမာတို့အိမ်ရောက်မှ သက်ပြင်းကချ၏။

ကော်ဖီတစ်ခွက်ဖျော်ပေးရင်း မဝင်းမာက . . .

"မမတာ . . ရော့ ကော်ဖီသောက်ဦး၊ နင့်မှာလည်း ဒုက္ခပါပဲ တယ်၊ ဩော် . . ဒီနေ့ မေသန္တာနဲ့ မမြတ်သစ်တောင်လာမယ်တဲ့ ဖုန်း ဆက်တယ်"

အားလုံးနှင့် တိုင်ပင်ရမည်ဟု ခတ္တာတွေးလိုက်၏။ ဇာခြည်မ ကတော့ မဝင်းမာနှင့် အိမ်ချင်းသိပ်မဝေး၍ နေ့တိုင်းလိုလိုရောက်ပါ သည်။

"ဟုတ်လား . . ကောင်းတာပေါ့၊ ကျွန်မလည်း စိတ်တော် တော်ညစ်နေပြီ၊ ဒီကြားထဲ နောက်တစ်မှုက ရှိသေးတယ်"

"ဟေ . . ဘာများလဲ"

အရေးမကြီးဟု တွေးမိသဖြင့် အရင်က ဥက္ကာစကားလိုက် ပြောသည့်အကြောင်းကို မပြောပြဖြစ်။ ခုတော့ ဥက္ကာကလည်း ဆိုတ် နာမည့်ပုံမပေါ်၍ မဝင်းမာကို ပြောပြလိုက်သည်။

မဝင်းမာက တအံ့တသြနားထောင်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲဒီကောင်လေးက နင်တို့ရုပ်ကွက်ထဲကပဲပေါ့ . . . ဟုတ်လား . . ."

"ဟုတ်ပါတယ် ဆို . . ."

"ဒါဆိုလည်း သူ့မိဘတွေနဲ့ တိုင်လိုက်ပေါ့ဟယ်"

ဒီအရွယ်ကြီးနှင့် မဝင်းမာက ကလေးအထာ လာပြောနေပြန်သည်။ ခတ္တာက စိတ်ညစ်ညစ်နှင့်ပင် . . .

"ဖြစ်မလား မဝင်းမာရဲ့၊ ဟိုကောင်လေးကလည်း လိုက်ပြီး ရမ်းကားနေတာမှ မဟုတ်တာ၊ ကျွန်မအရွယ်နဲ့ သွားတိုင်လို့ ကောင်းပါ့မလား"

"အဲဒါဆိုရင် ကိုသစ္စာနဲ့ နင်ဘာညာဆိုပြီး ပြောလိုက်ဟာ"

"ရိပ်ဖမ်း သံဖမ်း ပြောသားပဲ၊ မရဘူး"

မဝင်းမာ အကြံအိုက်သွားဟန်တူသည်။ စဉ်းစားသလိုလုပ်ပြီးမှ . . .

"ခက်တော့တာပဲဟယ်၊ ဟဲ့ . . မိတာ၊ အဲဒီကောင်လေးက ဗမာလား၊ တရုတ်လား"

ခတ္တာ ပိုပြီးစိတ်ညစ်သွားလေသည်။ ထို့ကြောင့် . . .

"တစ်ခုမှ မဟုတ်ဘူး မဝင်းမာရေ၊ ရခိုင် . . ရခိုင် . . သိပြီလား"

ဒါသည်ကိုပင် မဝင်းမာက . . .

"ရခိုင်လည်း မဆိုးပါဘူးတဲ့၊ ဟိုလေ . . နေတိုးဆိုလည်း ရခိုင်ပဲဟာကို . . ."

အရေးထဲ ကြော်ငြာဝင်နေသော မဝင်းမာကို စိတ်ကုန်ခန်းသွား၏။ လာမပြောနဲ့ မော်ဒန်ဖတ်ပြီးသားဟု ပြန်ပြောလိုက်လျှင် ကောင်းမည်။ သို့သော်လည်း မပြောဖြစ်တော့။ မေသန်းနှင့် မမြတ်သစ်တို့ ရောက်လာသောကြောင့် ဖြစ်သည်။ အိမ်အာရုံးနီးသော ဇာခြည်မ



www.burmeseclassic.com

www.burmeseclassic.com



တိုသာ ဖုန်းဆက်ခေါ်ယူရသည်။ ဇာခြည်မက သူ့ဘဲခန့်မင်းထက်နှင့် မနက်စာသွားစားကြောင်းကို ရောက်ရောက်ချင်း တဖွဲ့တနွဲ့ပြောနေသေး၏။

တစ်ယောက်မှ ရည်းစားမရှိသောကြောင့် ဇာခြည့်စကားကို အောင်းအီးကာ နားထောင်ပေးလိုက်ပြီး အဆုံးမှာ မဝင်းမာက သူမနှင့် ဥက္ကာအကြောင်းကို စက်ရုပ်သတင်းအနေနှင့် ကြေညာလိုက်သည်။

ထုံးစံအတိုင်း မေသန္တာက စိတ်ပါလက်ပါနှင့် စပြောလာ၏။

"ဟယ် . . မိတာတို့ စန်းပွင့်တော့လည်း ဒလဟောပဲ၊ နှစ်ယောက်တောင် အဟိ . . ."

"အေး . . နင့်အလှည့်ကျရင်လည်း တစ်ကျိတ်လောက်ပြုပြီး ဝိုင်းလိုက်လိမ့်မယ်"

မဝင်းမာက ဝင်ငေါ့သည်။ မေသန္တာက မခံဘဲ . . .

"အို . . လိုက်ပါစေ၊ ခေါင်းခေါက်ရွေးယူလိုက်မယ်၊ ဒါပေမယ့် တရုတ်တော့ မပါဘူး"

"ကောင်မနော်၊ နန့်မနေနဲ့၊ တရုတ်ကလည်း ခေါင်းအခေါက်မခံဘူးဟဲ့"

"ဒါဆို ဘာအခေါက်ခံမှာလဲ"

မမြတ်သစ်က ပါဝင်လာတော့သည်။ မဝင်းမာက မေသန္တာကိုကြည့်ကာ . . .

"မသိဘူးလေ၊ မေသန္တာ ခေါက်ချင်တယ်ဆိုရင်လည်း ဟိုကလှန်ပေးလိမ့်မယ်"

"မဝင်းမာကြီးနော် . . ."

"ဆံပင်ကို ပြောတာဟဲ့၊ ဆံပင် . . ဆံပင်၊ နင်ခေါင်းခေါက်ရတာ အဆင်ပြေအောင် ဆံပင်လှန်ပေးလိမ့်မယ်လို့ ပြောတာ . . ."

အကုန်လုံး ရယ်မိကြသည်။ ခတ္တာ၏ လက်ရှိပြဿနာတိုင်



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားကြ၏။

ဇာခြည်က တစ်ခုခု စဉ်းစားမိဟန်ဖြင့် အရယ်ရပ်ပြီး . . .

"ဟဲ့ . . မိတာ၊ ငါ အခုမှ သတိထားမိတယ်၊ နင်တို့သုံးယောက် စလုံးက ပတ်ဆင့်တွေချည်းပဲနော်"

"ဘာဆင့် . . ဟင် . . ဇာခြည်မ မယုတ်ပတ်နဲ့"

"ဟာ . . ပတ်ဆင့်ဆိုတာ ပါဋိလို ပါဠ်ဆင့်လို့ပြောတာ၊ နင်တို့နာမည်တွေက ခတ္တာ၊ သစ္စာ၊ ဥက္ကာဆိုတော့ ပါဠ်ဆင့်တွေချည်းပဲ ပေါ့"

ခုမှပဲ သဘောပေါက်ကြသည်။ ဟုတ်သည်ကိုး။ ဒါတောင် ပါဋိလို ပါဠ်သွားပြီး ရိုးရိုးဆင့်သွား၍ တော်သေးသည်။ မဟုတ်လျှင် ရှုပ်ကုန်မည်။ ဇာခြည်ကပဲ . . .

"မထူးတော့ပါဘူးဟယ်၊ ဒီလောက် ပါဠ်ဆင့်တွေဆုံနေတာ ဟို ကိုမင်းသူငယ်ချင်း သတ္တိကိုပါခေါ်ပြီး နင့်ဘဲလို့ ဟန်ဆောင်ခိုင်း လိုက် . .၊ လေးပါဠ်ဆင့်နဲ့ ကိစ္စက ရှင်းသွားလိမ့်မယ်"

သတ္တိဟုဆို၍ ခတ္တာက ပြာပြာသလဲ . . .

"ဟာ . . မဖြစ်ပါဘူးဟာ၊ သူနဲ့ ငါနဲ့က . . . "

"ဘာဖြစ်လို့လဲ၊ အားနာလို့လား၊ ဟိုက ကူညီမှာပါ၊ နင့်လို အချောအလှလေးကို . . . "

ခတ္တာက ဘာပြန်ပြောရမှန်း မသိတော့ဘဲ အိုးတိုးအတာဖြစ် ကာ . . .

"မဟုတ်ပါဘူး၊ ဟာကွာ . . သူနဲ့က မဖြစ်ပါဘူး"

"ဘာလဲဟာ . . မျက်စိပျက်မျက်နှာပျက်နဲ့၊ နင့်ကိုက အကဲပို နေတာ၊ ဟွန်း . . . "

ခတ္တာလည်း ငြိမ်နေလိုက်ရသည်။ ကိုယ့်အဖြစ်ကို သူတို့မှ မသိဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သစ်က မေးလာပြန်၏။

"ဟဲ့ . . မိတာ၊ မဝင်းမာ ဖုန်းထဲမှာပြောတော့ အဲဒီသစ္စာကြီးက နင့်အိမ်ကို နေ့တိုင်းလာနေတာဆို"

ခတ္တာ၏ မျက်နှာလှလှလေးက မဲ့သွားပြီး . . .

"နေ့တိုင်း မဟုတ်ဘူးဟော့၊ ခုလို ငါလစ်ထွက်လာရင် ညဘက်ကိုပါ လာသေးတာ"

"ဟေ . . ညကြီးသန်းခေါင် ဘာလာလုပ်တာလဲ"

"ဘာသန်းခေါင်လဲ . . နင်နော်၊ ညဦးပိုင်းကို လာတာ . . ."

"ဩော် . . ဩော် . . ."

ကိုသစ္စာကလည်း ကိုသစ္စာပင်။ ညဘက်တွေမှာပါ အပ်ကျမတ်ကျ ရောက်လာသေးသည်။ မေမေဆူမှာစိုးသောကြောင့် စကားတစ်ခွန်းနှစ်ခွန်း လက်ခံပြောပြီး အိပ်ခန်းထဲဝင်နေလည်း ပြန်တော်မမူသေး။ ဖေဖေနှင့်အတူ တီဗွီကြော်ငြာတွေ ထိုင်ကြည့်နေသည်။ အငယ်မ ဇလပ်ဝါပါ ရှိသေး၏။ မေမေနှင့် မမက ဘုရားရှိခိုးနေပြီ။

ကိုသစ္စာက ဇလပ်ဝါကို ကလေးဆိုပြီး သတိမထားမိဘဲ တီဗွီကြော်ငြာမှ သရုပ်ဆောင်မင်းသမီးကိုကြည့်ကာ ဖေဖေ့ကို . . .

"အန်ကယ် . . ဒီမော်ဒယ်လေးက တော်တော် sexy (ဆက်ဆီ) ဖြစ်တယ်နော်၊ လူတွေ တအားပြောကြတာပဲ"

"အေးကွ . . ကလေးမလေးလည်း မဆိုးပါဘူး၊ ကြည့်ကောင်းသားပဲကွ"

ဖေဖေက ကျေကျေနပ်နပ်ပင် ထောက်ခံသည်။ သူမလည်း အိပ်ခန်းထဲမှ ကြားနေရ၏။ ကိုသစ္စာကို နှာဘူးကြီးဟု ထောပနာပြုလိုက်ပြီး ဖေဖေ့ကိုတော့ အပြစ်မမြင်မိ။ ထိုအချိန်မှာပဲ . . .

"ဖေကြီး . . ဦးသစ္စာပြောတဲ့ sexy (ဆက်ဆီ) ဆိုတာ ဘာလဲ"

အငယ်မဇလပ်ဝါရှေ့မှာ ဒင်းမို့လို့ သွားပြောရသည်။ ဒါတရက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြောသံမကြားရ။ ဖေဖေကာဝဲ . . .

"သမီးရယ် . . sexy ဆိုတာက . . အဲ . . sexy ဆိုတာ လှတာကိုပြောတာ သမီးရဲ့"

"အာ . . ဘာဆိုင်လို့လဲ၊ လှတာက သမီးသိပါတယ်၊ beauty (ဗျူးတီး) ပဲဟာကို . . ."

ဖေဖေ ဘာပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ သူမွေးထားသည့် သူ့သမီးအကြောင်းကိုသိသောကြောင့် . . .

"မတူဘူး သမီးရဲ့၊ sexy ဆိုတာက ဟို အနောက်တိုင်းအလှ ပေါ့ကွာ၊ ဟုတ်ပြီလား"

ဒါကိုလည်း အငယ်မက ကျေနပ်တော်မမူပါ။

"ဖေကြီးစကားကလည်း မရေမရာနဲ့ သမီးကို နားလည်အောင် ရှင်းပြပါ၊ သိချင်လို့ပါဆို . . ."

လေးတန်းကျောင်းသူလေးပ်ဝါနှင့် နှစ်ယောက်သား တိုင်ပတ်နေကြသည်။ ဖေဖေ့အသံက စိတ်ရှုပ်သွားသည့်အသံ။

"မောင်သစ္စာ . . မင်းပဲ ရှင်းတော့ကွာ၊ မင်းလည်း ဟိုက ပြန်လာတာပဲ"

နိုင်ငံခြားမှဟု ဆိုလိုခြင်းဖြစ်သည်။ ခတ္တာရယ်ချင်ပက်ကျိနှင့် နားထောင်နေမိသည်။ ဒင်းက အသားယူသေး၏။ ကြည့်ကြသေးတာပေါ့။

"ဒီလို ညီမလေးရဲ့၊ ကိုကြီးရှင်းပြမယ်၊ sexy ဆိုတာ . . အင်း . . ဘယ်လိုပြောရမလဲ၊ လိင်ပိုင်စနဲ့ ပတ်သက်ပြီး . . ."

"ဟင် . . ဘာ . . ဘာလိင်ပိတ်စလဲ"

သူမအခန်းထဲမှ ခွီးခနဲ ရယ်မိသည်။ ကိစ္စကိုမှားပိတ်စတဲ့။ ဆက်နားထောင်လိုက်၏။

"ဟာ . . ဆောရီး . . ဆောရီး၊ လိင်ကိစ္စကိုပြောတာ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိင်ကိစ္စနဲ့ပတ်သက်ပြီး ဆွဲဆောင်မှု . . ."

"နေပါဦး . . ဦးသစ္စာရဲ့ လိင်ဆိုတာကကော ဘာကိုပြော တာလဲ"

အငယ်မက ဖြတ်မေးလိုက်သည်။ ကိုသစ္စာကပဲ . . .

"လိင်ဆိုတာက ညီမလေးရယ်၊ ဟို မျိုးပွားအင်္ဂါနဲ့ . . ."

"ဟော့ . . ဟော့ . . မောင်သစ္စာ . . တော်ပါတော့ကွာ၊ ဘာတွေ ပြောနေမှန်း မသိဘူး . . ကလေးကို . . ."

ကိုသစ္စာအသံက ထွက်မလာတော့ချေ။ ဇလပ်ဝါက မပြီးမစီး စွာ . . .

"ဒါဆိုလည်း ဖေကြီးပြော . . ."

အတန်ကြာ ငြိမ်သက်နေသည်။ ဖေဖေ့လို စာပေသမားပင် တွေးတွေးဆဆအသံနှင့် . . .

"သမီးက လှတာကို သိတယ်နော်"

"သိတယ် . . ."

"ဟုတ်ပြီ၊ ဒါဆို သမီးမေမေက သမီးတို့ကိုဆူရင် ပြောပြော နေတဲ့ ရွတယ်ဆိုတာကော သိလား"

"သိတာပေါ့ ဖေကြီးကလည်း . . ."

"အေး . . သမီးရယ်၊ sexy ဆိုတာ ရွတဲ့အလှကို ပြောတာပဲ၊ ဟုတ်ပြီလား"

"အင်း . . သိပြီ . . သိပြီ၊ အဲဒါကိုပဲ အစောကြီးက မပြော ဘူး၊ လွယ်လွယ်လေးကို . . ."

ခုမှပဲ ဇလပ်ဝါက ကျေနပ်တော်မူသွားပါသည်။ သက်ပြင်းချ သံ အတုံးကြီးနှစ်ခု ကြားလိုက်ရ၏။ ကိုသစ္စာတော့ sexy တစ်လုံးပဲ နှင့်ပင် ပြောမိသည့်ပါးစပ် ကိုယ့်ဟာကိုယ် ပြန်ရိုက်ချင်စိတ်ပေါ်သွား နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာစကားဆုံးတော့ တသောသောရယ်ကြ၏။ မဝင်းမာက ခတ္တာကိုကြည့်ပြီး ပြောသေးသည်။

"အေးလေ . . နင့်ကိုလည်း အဲဒီလို sexy ဖြစ်လို့ ကိုသစ္စာက ကြိုက်နေလားမှ မသိတာ"

"အောင်မာ . . ကျုပ်က ရှနေလို့လား၊ မဝင်းမာနော်"

"ဩော် . . မရှပေမယ့်လည်း . . ."

ဆက်မပြော၍ ခတ္တာက ဘောက်ဆတ်ဆတ်အသံလေးနှင့်-

"ဘာလဲ . . ဘာလဲ . . ."

"မရှပေမယ့်လည်း လှတာကိုးလို့ ပြောတာပါဟယ်"

ရယ်သံများ တစ်အိမ်လုံး စည်ဝေသွား၏။ ခတ္တာမျက်နှာလေးက အရှက်ဖြင့် နီရဲနေပြန်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

ထိုရက်များအတွင်းမှာ ခင်တ္တာ အင်တော်စိတ်ညစ်ရသည်။ အိမ်မှာလည်း မနေရဲ၊ အပြင်ထွက်လျှင်လည်း၊ ဥက္ကာက တကောက်ကောက်လိုက်နေသည်။ သူမအနေနှင့်လည်း နည်းမျိုးစုံသုံးကာ ငြင်းပြီးပြီ။ အကြမ်းကော၊ အနုကော စုံနေပြီ။ မည်သို့မျှလည်း ပြောဆိုဆုံးမ၍ မရချေ။ ဥက္ကာနှင့်က တစ်ရပ်ကွက်ထဲ ဖြစ်နေသောကြောင့် စာအုပ်လေးဘာလေး ထွက်ငှားရမည်ကိုပင် ကျိုးကန်းတောင်းမျှော် ကြည့်ရသေး၏။ အိမ်မှာငြိမ်နေလျှင်လည်း ကိုသစ္စာအလာကို ငံ့လင့်ကြိုဆိုနေသလိုလို။ ဘာကြီးမှန်းမသိ။

ကျောင်းပိတ်ရက်မို့ အိမ်မှာလူစုံတက်စုံ ရှိနေသည်။ အများပြည်သူအားလပ်ရက်မှာ ကိုသစ္စာတစ်ယောက် မလာပါစေနှင့်ဟု ဆုတောင်းနေရ၏။ ခုထိတော့ ပေါ်မလာသေး။ ကောင်းပါသည်။ အကျီစပေါ် ဇာထိုးပန်းထိုးလုပ်နေသည့် မမငုဝါအနားသို့ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။

"မမ . . ."

"ပြော . . ."

လှည့်ပင်မကြည့်ဘဲ မမက ဆို၏။ ခတ္တာက . . .

"ဟိုလေ . . မမကျောင်းတုန်းက ရည်းစားလေးဘာလေး မထားခဲ့ဘူးလား"

သရဲခြောက်ခံဖူးသလားဟု မေးခံလိုက်ရသော မျက်နှာထားမျိုးနှင့် မမက ပြန်ကြည့်၏။ ပါးစပ်ကလည်း . . .

"အာ . . မထားဖူးပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက် . . ."

"ဟုတ်လား . . ညီမလေးလည်း မထားဖူးပါဘူး"

အမှန်တော့ ခတ္တာတို့ ညီအစ်မတွေအားလုံးက လှပပြေပြစ်ပါသည်။ ကျောင်းတုန်းက ချစ်ရေးဆိုသူတွေတော့ ရှိကြသည်ပေါ့။

"မမကို ကြိုက်တဲ့သူတွေတော့ ရှိမှာပေါ့နော်"

မမက ခုံပြာတန်းနှင့် ကုံကော်ပန်းတို့ကို ပြန်သတိရသွားသလို လွမ်းမောသံလေးနှင့် . . .

"အဲဒီတုန်းကတော့ ရှိတာပေါ့ဟယ်၊ မမကလည်း ကျောင်းစာမှ ကျောင်းစာပဲ ဖြစ်နေတာကိုး"

အသံက နှာမျောသံပင် ရောစွက်နေသယောင်။ အပျိုကြီးတွေဟာ ဒီလိုပါပဲ။ ခတ္တာက သက်ပြင်းချရင်း . . .

"အင်း . . ညီမလေးလည်း မမလိုပါပဲ၊ ဒါပေမယ့် ခုကျမှ ဘာဖြစ်လို့ မမနဲ့မတူတော့တာလဲ မသိဘူး"

"ဟင် . . ဘာကိုလဲ ညီမလေးရဲ့"

"ဘာရှိရမှာလဲ၊ ဖေဖေနဲ့ မေမေလေ၊ မမကိုတော့ အိမ်ထောင်ချမပေးဘဲ ညီမလေးကိုပဲ အသဲအသန် စီစဉ်ချင်နေတယ်"

မကျေမနပ်နှင့် ခတ္တာဆိုမိသည်။ မမက . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ညီမလေးရယ်၊ ဟိုကလည်း ညီမလေးကို သဘောကျ၊ မေမေတို့ဘက်ကလည်း စကားတွေ ကျွံနေလားမှ မသိတာ"

"အို . . ဘာကျွံကျွံပေါ့၊ ညီမလေးတော့ သဘောမကျပါဘူး"

"ဒါပေမယ့် မေမေ သဘောကျတယ်လေ"

ဒါဆိုလည်း မေမေယူလိုက်ပါလားဟု ပြော၍မကောင်းချေ။ ခတ္တာ မအီမသာဖြစ်သွား၏။

ထိုအချိန်မှာပဲ အခန်းထဲကို မေမေဝင်လာပြီး . . .

"သမီးခတ္တာ အိမ်ရှေ့ကို ခဏလာဦး၊ မေမေနဲ့ဖေဖေ ပြောစရာရှိလို့"

စိတ်မသက်မသာနှင့် ထလိုက်သွားရသည်။ အိမ်ရှေ့ရောက်တော့ ပက်လက်ကုလားထိုင်မှာ မိန့်မိန့်ကြီးထိုင်နေသော ဖေဖေက အသင့်စောင့်နေဟန်ဖြင့် . . .

"လာ သမီး . . ထိုင်၊ ဖေဖေတို့လည်း ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်သေးတာ"

"ဟုတ်ကဲ့ ဖေဖေ . . ."

"သမီးနဲ့ မောင်သစ္စာကို လူကြီးချင်းစကားပြောထားတာ၊ ခုတစ်ခေါက် မောင်သစ္စာပြန်လာရင် နေရာချထားပေးမယ်ဆိုတာ သမီးသိတယ်နော်"

"သိပါတယ် ဖေဖေ၊ ဒါပေမယ့် . . ."

"သမီး . . စကားဖြတ်မပြောနဲ့၊ ကိုချစ်ခင် တော်ပြော . . ."

မေမေ့အသံဖြစ်သည်။ မေမေ့ကိုတော့ တစ်အိမ်လုံးကြောက်ရသည်။ ခုလည်း ဖေဖေက မေမေ့စကားအတိုင်း . . .

"အေး . . သမီးရယ်၊ သမီးလည်း အရွယ်ရောက်ပြီပဲ၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုတဲ့စကားနဲ့အညီ . . ."

"ကိုချစ်ခင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . ဘာလဲ မခင်မေမြင့်ရာ"

"ရှင် တော်တော်ရှုပ်လှုအားထွေးပြားနေပါလား၊ မောင်သစ္စာတို့ဘက်က လက်ထပ်ဖို့ကိစ္စကို စီစဉ်ချင်နေပြီလို့ ပြောနေတာကို ပြောရမှာလေ"

"အေး . . သမီးအမေ ပြောတဲ့အတိုင်းပဲကွာ"

ဒီနေရာမှာတော့ ခတ္တာက ဖေဖေ၊ မေမေတို့သဘောပါပဲဆိုပြီး ရှက်စနိုးလုပ်နေလို့ မဖြစ်ချေ။ ထို့ကြောင့် . . .

"သမီး နည်းနည်းပြောပါရစေ၊ သမီး အိမ်ထောင်မပြုချင်သေးဘူး၊ နောက်ပြီး ကိုသစ္စာကို သမီးသဘောမကျဘူး မေမေ"

ဒီကိစ္စမှာ မေမေက အခရာ၊ မေမေ့ကို ဒဲ့ပြောရသည်။ မေမေက ချက်ချင်းပဲ . . .

"ဟဲ့ . . ညည်းသဘောမကျရအောင် ညည်းကို ဟိုက ဘာတွေလုပ်နေလို့လဲ"

"မလုပ်ပါဘူး မေမေ၊ ရှေ့ဆက်ပြီးလည်း ဘာမှထပ်မလုပ်ရင်ကောင်းမှာပါ"

"မိခတ္တာနော်၊ ငါလက်နဲ့ရေးတာကို ခြေနဲ့မဖျက်ချင်နဲ့၊ လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်ထားတာ . . ."

"ဟုတ်သားပဲ သမီးရဲ့"

"မဖြစ်နိုင်ပါဘူး၊ မေမေ စီစဉ်တာပဲ၊ မေမေပဲ ဖျက်လိုက်ပေါ့၊ သမီး သူ့ကိုမယူနိုင်ပါဘူး"

"နေစမ်းပါဦး၊ သူ့ကို မယူချင်ပြောရအောင် ညည်းက ဘယ်သူ့ကို ယူချင်လို့လဲ"

"သမီးချစ်တဲ့လူဆို ယူမှာပေါ့"

"ပြောပါဦး . . ညည်းလူက ဘယ်ကမ္ဘာမှာလဲ"

မေမေက ရွဲ့ပြီးမေး၏။ ဒီကလည်း ခတ္တာပဲ။ အမေတူသမီး



www.burmeseclassic.com

www.burmeseclassic.com



ဂျီးပေဂျီးပေါ့။

"ဒီ www.com ထဲမှာပါ"

"ဘာ . . ."

"ဩော် . . ဒီကမ္ဘာဆိုတဲ့ ရွာကြီးထဲမှာပါပဲလို့ ပြောတာ"

"အောင်မာ . . ကြီးကြီးကျယ်ကျယ်၊ မလိုချင်ဘူး . . မလို ချင်ဘူး"

"သမီးကတော့ လိုချင်ပါတယ်"

"မိခတ္တာ ညည်းနော်၊ ဟင်း . . ."

"မေမေရယ် . . သမီးကို အတင်းအကျပ်ကြီး မလုပ်ပါနဲ့၊ သမီးဘက်ကိုလည်း ထည့်စဉ်းစားပေးပါဦး"

ခတ္တာ လေပြေထိုးရပြန်သည်။ ဒီတစ်ခါတော့ ဖေဖေက မေမေ့ကို ရဲဝံ့စွာ လက်ကာပြပြီး (ရှားရှားပါးပါး) . . .

"မခင်မေမြင့် ခဏ . . ခဏ၊ ဒီမှာသမီး ဖေဖေတို့ မောင်သစ္စာ နဲ့ စီစဉ်ပေးတယ်ဆိုတာ သမီးအတွက်ပါ၊ ခုချိန်မှာ မောင်သစ္စာက အစစအရာရာ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်နေပြီ"

မေမေက လိုလိုလားလား ခေါင်းဝင်ညိတ်သည်။ သူမကတော့ မညိတ်နိုင်ပါ။

"သူ့ဟာသူ အောင်မြင်တာ သမီးနဲ့ဘာဆိုင်လဲ ဖေဖေ"

"ဆိုင်လာမယ်လေ သမီးရဲ့၊ အောင်မြင်တဲ့ ယောကျ်ားဆိုတာ အိမ်ထောင်ရေးမှာလည်း သူ့မိန်းမသုံးတာထက် ပိုရှာနိုင်တဲ့သူကိုခေါ် တာ၊ အောင်မြင်တဲ့ မိန်းမဆိုတာကော သမီးသိလား"

"ပြောလိုက်စမ်းပါ . . ပြောလိုက်စမ်းပါ"

မေမေ့အသံပဲဖြစ်သည်။ ဖေဖေ့မှာ နေရင်းထိုင်ရင်း မေမေ့ ဘက်ကိုလှည့်ကာ ခေါင်းညိတ်ပြရသေး၏။ ပြီးမှ . . .

"အောင်မြင်တဲ့ မိန်းမဆိုတာ အဲဒီလိုယောကျ်ားမျိုးကို ရှာယူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာကိုခေါ်တာ သမီး . . ."

"ညည်းနားလည်တယ်နော်၊ ငါလည်း အဲဒီလိုလုပ်ခဲ့လို့ ညည်းတို့ ခုလိုနေနိုင်တယ်မှတ်ပါ"

"ဒါဆို မေမေက ဖေဖေ့ကို ချစ်လို့ယူတာ မဟုတ်ဘူးပေါ့"

ခဏ္တာစကားကြောင့် မေမေက ဖေဖေ့ကို ရှက်ကိုးရှက်ကန်း တစ်ချက်ကြည့်ပြီးမှ . . .

"ဟဲ့ . . ရွေးတယ်ဆိုမှတော့ ချစ်တာလည်းပါတာပေါ့"

"သမီးလည်း မေမေ့လိုပဲ ရွေးချင်ပါတယ် မေမေ၊ အောင်မြင်ပြီး သမီးချစ်တဲ့လူကိုပဲ ယူပါရစေ"

မေမေဘာပြောရမှန်း မသိဖြစ်သွား၏။ မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။ ဖေဖေက သဘောပေါက်ဟန်ဖြင့် . . .

"အင်း . . ငါ့သမီးက ဒီလောက်ဖြစ်နေပုံထောက်ရင်တော့ သမီးမှာ ချစ်သူရှိနေပြီထင်တယ်၊ ဒါဆိုလည်း ခေါ်လာခဲ့လေ၊ ဖေဖေတို့ အကဲခတ်ကြည့်မှာပေါ့"

"ကိုချစ်ခင် . . ."

"မခင်မေမြင့် . . ဒီတစ်ခါလေးတော့ ငါပြောပါရစေ၊ သမီးဘက်ကိုလည်း ငဲ့ဦးမှပေါ့ကွာ"

"ဟိုမှာက ပြောပြီးဆိုပြီးသား ဖြစ်နေပြီနော်"

"အေးပါကွာ၊ ကဲ . . သမီး ဖေဖေတို့ ဘယ်တော့တွေ့လို့ရမလဲ"

"ရှင် ဖေဖေ . . ."

"သမီးကောင်လေးကို ခေါ်လာမယ်ဆို၊ အဲဒါကိုပြောတာ"

ခုမှပဲ ခဏ္တာ ပိုစိတ်ညစ်ရတော့သည်။ မိမိမှာ ချစ်သူမှမရှိသည်ပဲ။ သို့သော်လည်း ဝေလည်ကြောင်ပတ် ထပ်လုပ်နေလျှင် ပိုပြီး ဖိအားပေးလာနိုင်သောကြောင့် စဉ်းစားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . ဟို . . တွေ့ပေးပါမယ် ဖေဖေ၊ သမီးကို အချိန်နည်းနည်းပေးပါ"

"ဟော . . ဘာဖြစ်လို့လဲ"

"သူက ငလောလောဆယ် ရန်ကုန်မှာ မရှိလို့ပါ"

ဖေဖေက ခေါင်းတညိတ်ညိတ်လုပ်ပြီး . . .

"အိုကေ . . အိုကေ . . သိပြီ၊ မြင့်ဦးလွင်ကပေါ့၊ သမီးတို့အဆင်ပြေတဲ့အချိန်သာ ပြောပါ။ ဟုတ်ပြီလား"

ယောင်နနနှင့် ခတ္တာခေါင်းအသာညိတ်ပြလိုက်၏။

"ကိုယ့်ဇာတ်ကို ကိုယ်နိုင်အောင်ကနေ့် ကိုချစ်ခင်၊ ကျုပ်ကတော့ မောင်သစ္စာမှ မောင်သစ္စာပဲ"

ပြောပြီး မေမေက လှည့်ထွက်သွား၏။ မောင်သစ္စာမှ မောင်သစ္စာဆို၍ ဖေဖေအောင့်သက်သက် ဖြစ်သွားပုံရသည်။ မည်သို့ပင်ဆိုစေ လောလောဆယ် အသက်ရှူချောင်သွားပြီ။ ဟိုလိုလို ဒီလိုလိုနှင့် မြင့်ဦးလွင်မှ ပြန်ကာမလာဘဲ နေလိုက်မည်ဟုပင် ခပ်လွယ်လွယ်တွေးလိုက်မိသည်။

စိတ်ထဲအတော်ပေါ့သွားပြီး ထမင်းသုံးပန်းကန်တောင် နင်းတန်စားလိုက်မိသည်။ ပြီး မိန်းကလေးပီသစွာ နေ့လည်တရေးလောက်မှေးလိုက်ဦးမည်ဟု တွေးနေစဉ်မှာပဲ . . .

"ဟဲ့ . . မိတာ . . မိတာ . . အခန်းထဲမှာလား"

လှမ်းခေါ်သံနှင့်အတူ အိပ်ခန်းထဲ ဖိုးဖိုးဇပ်ဇပ် ဝင်လာသူကမဝင်းမာကြီး။ အလှတွေ စွတ်ပြင်ထားပြီး နှုတ်ခမ်းနီကို ရဲရဲနီအောင်ဆိုးထားသေးသည်။

"ဘယ်လိုဖြစ်လာတာတုန်း ပုံစံကြီးက . . ."

မဝင်းမာက ရှက်ကိုးရှက်ကန်းနှင့် . . .

"ဟဲ့ . . ဘာဖြစ်နေလို့လဲ ငါက . . ."



www.burmeseclassic.com

www.burmeseclassic.com



မဝင်းမာက နီးစပ်ရာကြမ်းပြင်မှာ ပိပိပြားပြားထိုင်ချရင်း . .

"ငါ သင်တန်းသွားတက်မလို့ဟ၊ နင့်ကို အဖော်လာခေါ်တာ"

"သင်တန်း ဟုတ်လား၊ ဘာသင်တန်းလဲ"

"တရုတ်စကားပြော သင်တန်းလေ၊ နင်ပါတက်ပါလား အဖော်ရတာပေါ့ဟာ"

လာပြန်ပြီ။ ခတ္တာ မဝင်းမာကိုကြည့်ပြီး စိတ်လက်ကုန်ခန်းသွားသည်။

"ဒီအရွယ်ကြီးရောက်မှ မဝင်းမာရယ်၊ မတော်ပါဘူး"

"အောင်မာ . . ဘာမတော်ရမှာလဲ၊ ဘာမတော်ရမှာလဲ"

ဆွေ့ဆွေ့မခုန်ဘဲ မဝင်းမာ ဒေါသထွက်သွား၏။ ခတ္တာက အရယ်တဝက်နှင့်ပင် . . .

"ဩော် . . မဝင်းမာ ပင်ပန်းတာပေါ့၊ အိမ်မှာပဲ စာအုပ်နဲ့ အခွေဝယ်ပြီးလေ့ကျင့်ရင် ပိုမကောင်းဘူးလားလို့"

"နင်နော် အမျိုးမျိုးမပြောနဲ့၊ ငါက နင့်အတွက်ပါ စဉ်းစားမိလို့ လာပြောတာ"

"ကျွန်မအတွက် . . ဟုတ်လား"

ခတ္တာ စိတ်ဝင်စားချင်ယောင်ဆောင်လိုက်၏။ မဝင်းမာက ယုံယုံကြည်ကြည်ပင် အနားကိုကပ်ကာ လေသံတိုးတိုးနှင့် . . .

"နင်ပဲ အိမ်မှာ ဟိုလူကြီးလာလို့ မနေချင်ဘူးဆို၊ ငါနဲ့သင်တန်းလိုက်တက်ရင် ရှောင်ပြီးသားလည်းဖြစ်၊ နင်တောင် တရုတ်စကားပြောတတ်သွားဦးမယ်"

ထိုစကားကိုတော့ ခတ္တာ တကယ်စိတ်ဝင်စားသွားသည်။ ဟုတ်သားပဲဟုလည်း တွေးမိ၏။

"အင်း . . မဆိုးဘူးပဲ၊ လိုက်ကြည့်လိုက်မယ်လေ၊ အဆင်ပြေရင် တက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပင် မဝင်းမာက သိပ်မကျေနပ်ဘဲ . . .

"ဘာမှ အဆင်မပြောစရာ မရှိဘူး၊ တရုတ်ဆိုတာ ကမ္ဘာမှာ အကြီးဆုံးနိုင်ငံပဲ၊ တရုတ်စကားပြောတတ်ထားတော့ ကောင်းတာပေါ့"

မဝင်းမာကိုတော့ ချေပမနေတော့ပါ။ ဖေဖေ့ဆီမှာ ခွင့်တောင်းလိုက်၏။

ထိုသို့ဖြင့် မြို့ထဲရှိ နာမည်ကြီး တရုတ်စကားပြောသင်တန်းတစ်ခုသို့ ရောက်သွားကြသည်။ သင်တန်းက အပေါ်ထပ်မှာဖြစ်သောကြောင့် အပေါ်မတက်မီ အောက်က ကင်တင်းလိုလို စားသောက်ဆိုင်လေးမှာ အမောပြေ အအေးဝင်သောက်ကြ၏။

ထိုအချိန်မှာပဲ . . .

"ဟဲ့ . . သတ္တိ . . သတ္တိ . . ."

မဝင်းမာ၏ လှမ်းခေါ်သံကြောင့် ခတ္တာပါ လှမ်းကြည့်မိသည်။ သတ္တိနှင့် ကောင်မလေးတစ်ယောက်ကိုပါ တွေ့လိုက်ရ၏။ သတ္တိက ကောင်မလေးကိုကပ်ပြီး ဘာပြောလိုက်သည်မသိ။ ကောင်မလေးက သင်တန်းရှိရာ အပေါ်ထပ်သို့ တက်သွားသည်။

သတ္တိက သူတို့ဝိုင်းဖက်လျှောက်လာပြီး ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်ကာ . . .

"မဝင်းမာတို့ သင်တန်းလာတက်တာလား"

"အေးလေ . . ဒီသင်တန်းက လူအပြည့်ပဲနော်၊ အင်းလေ . . ခေတ်မီသူတိုင်း တရုတ်စာသင်နေကြပြီလား မသိဘူး"

ဘာမှလဲ မဆိုင်ချေ။ ဒီ မဝင်းမာကြီးနှင့် ခက်လှသည်။ သတ္တိက မရိပ်မိစွာဘဲ . . .

"တတ်ထားတာတော့ ကောင်းတာပေါ့ဗျာ၊ ဒါပေမယ့် မဝင်းမာပြောသလိုဆိုရင်တော့ ကျွန်တော်ခေတ်မီတော့မှာ မဟုတ်ဘူး"

"ဘာလဲ သတ္တိက သင်တန်းလာတက်တာ မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တုတ်တယ် . . ဒါနဲ့ ဒီက မခတ္တာလည်း လာတက်တာလား"

သတ္တိအမေးကြောင့် ခတ္တာ ဆတ်ခနဲ ဖြစ်သွား၏။ ဘာမှမပြော ရသေးခင်မှာ မဝင်းမာက . . .

"သူလား . . ငါအတင်းခေါ်လာတာလေ၊ အဂျောင်းနဲ့ခေါ် လာရသေးတယ်၊ အင်တင်တင်နဲ့ . . ."

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ၊ သူ့အိမ်ကို လာလာနေတဲ့ သူ့ချစ်ချစ်ကြီးကို မတွေ့ချင်ဘူးဆိုလို့ သင်တန်းတက်ခိုင်း . . ."

"အာ . . မဝင်းမာကလည်း ဘာတွေပြောနေမှန်း မသိဘူး"

ဘာကြောင့်မှန်းမသိ သူမ မကျေမနပ် ဝင်ပြောမိသည်။ သတ္တိက ရယ်ရယ်မောမောနှင့်ပင် . . .

"ဒီလိုလား၊ သိပြီ . . သိပြီ . . သဘောပေါက်ပြီ"

ခတ္တာ ပိုပြီးစိတ်တိုသွား၏။ သတ္တိကို စူးစူးရဲရဲကြည့်ပြီး . . .

"နေပါဦး . . ရှင်က ဘာတွေသိပြီး၊ သဘောပေါက်နေတာ လဲ"

"ဟမ် . . မသိဘူးလေ၊ ရေးတေးတေးပါ"

"ဟွန်း . . ."

ခတ္တာက မျက်စောင်းထိုးလိုက်၏။ ဘေးက အနေအထိုင် မတတ်သည့် မဝင်းမာက . . .

"ကဲ . . မိတာ တော်တော့၊ လာ သင်တန်းသွားအပ်ရအောင်"

"သွား . . မလိုက်ဘူး"

စိတ်တိုတိုနှင့် မဝင်းမာကို အော်လိုက်၏။ မဝင်းမာကလည်း စိတ်မရှည်ဟန်ဖြင့် ထရပ်ကာ . . .

"ဒါဆိုလည်း ပြီးရော၊ ဒီကပဲ သတ္တိနဲ့စောင့်နေဦး၊ ငါအပေါ် တက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာက စူပုတ်ပုတ်မျက်နှာလေးနှင့် ကျန်နေခဲ့သည်။ ဒီမျက်နှာပေးနှင့်ပင် ခပ်စွာစွာလုပ်နေသော ခတ္တာကို . . .

"မခတ္တာ . . အဲ ခတ္တာလို့ပဲခေါ်မယ်နော်"

"ဘာလဲ . . ဘာလဲ . . ."

မျက်ခုံးနှစ်ဘက်ကိုစုပြီး ခတ္တာက မာခေါက်ခေါက်ပြန်မေးလိုက်သည်။ သတ္တိက မျက်နှာစိုးစဉ်းမျှမပျက်ဘဲ ပြုံးစစနှင့် . . .

"ခတ္တာနဲ့ ကျွန်တော်နဲ့က အတော်ရေစက်ဆုံတယ်နော် . . အဟဲ"

"ဘာတွေလာပြောနေတာလဲ . . ."

"ဩော် . . ခတ္တာနဲ့ ဟိုးတစ်ခါ ကားပေါ်ကအဆင်းမှာ ဆုံခဲ့တာကိုပြောတာပါ၊ ကျွန်တော်က သတိရနေတာဗျ"

ခတ္တာက ခပ်တင်းတင်းကြည့်လိုက်၍ သတ္တိက သဘောပေါက်ဟန်ဖြင့် . . .

"ဒီလိုလေ၊ ကျွန်တော့်လို အကျင့်မျိုးပဲဆိုပြီး ထူးထူးခြားခြားမှတ်မိသွားတာပါ၊ ကျွန်တော်က အဲဒီလို မိန်းကလေးတွေကို သဘောကျတာဗျ"

"ဘာပြောတယ်၊ ရှင်နော် ရိတိတိမလုပ်နဲ့"

"ဟာ . . မဟုတ်ပါဘူး၊ ခတ္တာ ကျွန်တော့်ကို အထင်လွဲနေပြီထင်တယ်၊ သဘောကျတယ်ဆိုတာ ခတ္တာကို ကျွန်တော်က ကြိုက်တယ်ပြောတာ မဟုတ်ဘူး၊ မကြိုက်ဘူးနော်၊ ခတ္တာကို ကျွန်တော် လုံးဝမကြိုက်ဘူး၊ အဲလိုဆိုချင် . . ."

ထပ်တလဲလဲပြောနေသောကြောင့် နားထောင်ရတာပင် နားရှုပ်လာသည်။ ထို့ကြောင့် . . .

"ဒီမှာ နေစမ်းပါဦး၊ ရှင့်ကိုကော ဘယ်သူက ကြိုက်ပါလို့ပြောနေလို့လဲ၊ ဘာမှန်းကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ . . ခတ္တာသဘောပေါက်သွားပြီ၊ အဲဒီလို သတိရနေတာကို ပြောတာပါ၊ ဒါနဲ့ ကျွန်တော့်ပုံစံက ခတ္တာကို ကြိုက်နေတယ်လို့ အထင်လွဲစရာကောင်းနေလို့လား"

သတ္တိက တော်တော်သတ္တိကောင်းနေပုံရသည်။ ပြောင်ကြီးပင် မေးနေသေး၏။

"အို . . ဒါတော့ ဘယ်သိမလဲ"

"မသိတာပဲ ကောင်းပါတယ်လေ၊ အင်း . . နောက်တော့ ပိုသိလာမှာပါ"

"ဘာရှင့် . . ."

အပြစ်ကင်းစင်ဟန်လေးနှင့်ပင် သတ္တိက . . .

"ဩော် . . သတ္တိဆိုတဲ့ကောင်ဟာ ငါ့အပေါ်မှာ မရိုးမသားနဲ့ ရိသဲ့သဲ့လုပ်နေတာ မဟုတ်ဘူးဆိုတာကိုပါ"

စိတ်ထဲမှာ ရယ်ချင်သွားပြီး ခတ္တာမျက်စောင်းထိုးမိသည်။ ရင်ထဲမှာလည်း တစ်မျိုးလေးဖြစ်သွား၏။

"ကိုကို . . ."

ခတ္တာက အရှက်မရှိခေါ်လိုက်ခြင်း မဟုတ်ပါ။ ခုနက သတ္တိနှင့်တွေ့ရသော ကောင်မလေးက လှမ်းခေါ်ခြင်းဖြစ်သည်။

သတ္တိက ခတ္တာကို ပြုံးမြမြဖြင့်ကြည့်ပြီး . . .

"ကဲ . . ခတ္တာ ကျွန်တော်သွားဦးမယ်၊ နောက်ဆုံဦးမှာပါ။ ရေစက်ဆိုတာ တစ်ခါတည်းနဲ့ ရပ်မနေပါဘူး"

သတ္တိထထွက်သွား၏။ ဆိုင်ထဲမှထွက်သွားသော သတ္တိနှင့် ကောင်မလေးတို့ကိုကြည့်ကာ ဘာကြောင့်မှန်းမသိ။ သူမ မောလျှင် သာစွာ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၇)

မနက်ပိုင်း လက်ဖက်ရည်ဆိုင်သွားရန် လုပ်နေစဉ်မှာပဲ မာန်အက်သာနှင့် ချိုထွန်းတို့ ရောက်လာသောကြောင့် သတ္တိအံ့ဩသွား၏။ ပြီးမှ နှစ်ကောင်စလုံး၏ ပြီတီတီမျက်နှာပေးများကြောင့် သဘောပေါက်လာသည်။ သူ့ညီမ မန္တလေးက ရောက်နေတာကို သတင်းကြားပြီး လာကြည့်ခြင်းဖြစ်မည်။

အိမ်ပေါ်တက်လာပြီး မထိုင်နိုင်သေးဘဲ နှစ်ကောင်စလုံးက အိမ်အတွင်းဘက်ကို ပြူးတူးပြတဲ လှမ်းကြည့်နေ၍ . . .

"ဟော့ကောင်တွေ ဘာကြည့်နေတာလဲ၊ အိမ်သာတက်ချင်လို့လား"

"မဟုတ်ပါဘူးကွာ၊ ဟိုလေ . . ငါတို့ကြားထားတာ ဟုတ်လားလို့ . . ."

ချိုထွန်းက မရဲတရဲလေး မေးလာသည်။ သတ္တိက သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ငွေ့ချပြီးမှ . . .

"အေးကွာ . . ဟုတ်တယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲကွာ၊ မရှုသွားတာဘဲ တော်သေးတာပေါ့"

နှစ်ကောင်သား အူကြောင်ကြောင် ဖြစ်သွားကြ၏။ မာန်ထက်သာက မျက်လုံးကြီးပြူးကာ . . .

"ငတိ . . မင်း ဘာတွေလာပြောနေတာလဲ"

"ငါတို့လမ်းထိပ်က ဝက်သားဒုတ်ထိုးရောင်းတဲ့ ကိုလူငြိမ်းနိုင်ကြီးလေ၊ မင်းတို့လည်း သိတာပဲ၊ ဒုတ်ထိုးရောင်းနေတာ သူ့မိန်းမကောင်ရှေ့တွဲလွဲဖြစ်နေပြီ၊ အဲဒါကို ဥပဒေနဲ့မလွတ်ကင်းတဲ့ နှစ်လုံးလောင်းကစားသွားလုပ်တယ်လေ၊ လုံးပါးပါးပြီး သူ့မိန်းမရှေ့တွေလည်းကုန်သူ့ဆိုင်လည်းပြုတ်၊ အဲဒါ စိတ်ညစ်ညစ်နဲ့ အရက်တွေပဲ နင်းကန်သောက်နေတာ၊ ခု သူ့မိန်းမလည်း နောက်ယောကျ်ားတစ်ယောက်နဲ့ဆိုလားထွက်ပြေးသွားလေရဲ့၊ နာလိုက်တဲ့ဇာတ်ကွာ၊ သနားပါတယ် ကိုလူငြိမ်းနိုင်ကြီး . . ."

သတ္တိစကားကြောင့် ချိုထွန်းက လက်ကားယား၊ ခြေကားယားနှင့် . . .

"ဟာ . . ဟေ့ကောင် . . ငါတို့ကြားတယ်ဆိုတာ အဲဒါကိုပြောတာ မဟုတ်ဘူး၊ ဟာကွာ"

"မသိဘူးလေကွာ၊ ဒီသတင်းကလည်း ဒီမနက်မှ ပျံ့နေတာဆိုတော့ . . ."

"ရှီးမှပဲ ငတိရာ၊ ငါတို့ပြောတာက အဟီး မင်းညီမလေးမန္တလေးက ရောက်နေတယ်ဆို"

သတ္တိက မျက်နှာစိုးစဉ်းမှ မပျက်ဘဲ . . .

"ဪ . . ဒါလား၊ ဟုတ်တယ်လေ . . ဘာလဲ မင်းတို့ကတွေ့ချင်လို့လား၊ နန္ဒာရေ ညီမလေး လာပါဦး၊ ဒီမှာ ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်လို့တဲ့"

"ဟာ . . ."

"ဟော့ကောင် . . တော် . . မဟုတ်သေးဘူးလေ"

နှစ်ယောက်သား မျက်ကလူးဆန်ပြာ ဖြစ်သွားကြသည်။ သို့သော်လည်း မမီတော့။ နန္ဒာက ကြံ့သကာလိုအပြုံးလေးနှင့် မြန်ဆန်စွာ ရောက်ရှိလာလေပြီ။ သတ္တိ၏ညီမပီသစွာပဲ နှစ်ကောင်လုံးကို ရဲရဲတင်းတင်းကြည့်ပြီးမှ . . .

"ကိုကို . . ခေါ်တယ်ဆို ဘာလဲ . . ."

ခုမှ ဟိုလိုလို၊ ဒီလိုလို လုပ်နေသည့် ချိုထွန်းနှင့်မာန်ထက်သာကို မေ့ငေါ့ပြကာ . . .

"ဒီမှာလေ . . ကိုကို့ညီမလေးကို တွေ့ချင်လို့တဲ့ . . ."

"ဟာကွာ . . သတ္တိ၊ ငါတို့က စကားအဖြစ် မေးကြည့်တာပါ"

"အေးလေ . . မင်းကလည်းကွာ"

မျက်နှာတွေပျက်ပြီး အိုးနင်းခွက်နင်းပုံစံ ဖြစ်နေကြ၏။ နန္ဒာက နှစ်ယောက်ပေါင်းကို မျက်စောင်းတစ်ချက်ပဲထိုးရင်း . . .

"ကိုကိုနော်၊ ညီမလေးက စကားအဖြစ်မေးစရာလား"

"မသိဘူးလေ၊ ဒီကောင်တွေ ပြောတာပဲ၊ မေးကြည့်ပေါ့"

နန္ဒာမျက်နှာက သူတို့ဘက်ကို ပြန်လှည့်လာသဖြင့် တွန့်သွားကြသည်။ ချိုထွန်းက သူ့သွားသုံးဆယ့်နှစ်ချောင်းခန့်ကို အကုန်ပေါ်အောင်ရယ်ပြပြီး . . .

"ဒီလိုပါ . . ညီမလေးရဲ့၊ အကိုတို့က တော် အဲ သတ္တိသူငယ်ချင်းတွေဆိုတော့ ညီမလေးကို မြင်ဖူးထားချင်လို့ပါ"

"ဘာလုပ်မလို့ မြင်ဖူးချင်တာလဲ"

"ဒါကလည်း . . အင်း ဒီလိုလေ . . တစ်နေရာရာမှာတွေ့ရင် ဘူညီလို့ရတာပေါ့ . . အဟဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကူညီရအောင် ရှင်တို့က ရဲဝန်ထမ်းတွေလား"

သတ္တိက ပြုံးစိစိနှင့် ကြည့်နေလိုက်သည်။

ချိုထွန်းအကျပ်ရိုက်သွား၏။ ဘေးက မာန်ထက်သာက မနေသာတော့ဘဲ . . .

"ရဲဝန်ထမ်းမှ မဟုတ်ပါဘူး၊ အကိုတို့ ရန်ကုန်သားတွေကလည်း ကူညီတတ်ပါတယ်၊ ဥပမာ ကိုယ့်သူငယ်ချင်းညီမလေးကို တစ်ယောက်ယောက်က လမ်းမှာနှောင့်ယှက်တာမျိုးမှာပေါ့"

"ဪ . . ဒီလိုလား၊ ကောင်းပြီလေ၊ ကျွန်တော့်ကို ကူညီပေးသလိုနဲ့ အခွင့်အရေးမယူရင်ပြီးတာပဲ"

နန္ဒာက အခန့်သားပြောရင်း အဆန့်သား အိမ်ခန်းထဲ ပြန်ဝင်သွားလေသည်။

မာန်ထက်သာက နဖူးက ချွေးစများကိုသုတ်ကာ . . .

"ဟူး . . ငတိတို့ ကိုယ့်ရွှေကိုယ်မျိုးတွေကတော့ စံပါပဲကွာ၊ လက်တွေကော၊ ခြေတွေကော လန်ပါတယ်"

"တော်ပြီလား၊ ငါ့အဒေါ်ကို နှုတ်ဆက်သွားဦးမလား"

သတ္တိစကားကို ချိုထွန်းက ငါးပြေမဆားပက်ခံရသည့် မျက်နှာမျိုးနှင့် . . .

"တော်ပြီ . . တော်ပြီ၊ ကိုချမ်းကြီးတောင် ထွက်ပြေးရတာ၊ ဒါနဲ့ ဟော့ကောင် . . ခန့်မင်းထက်က ပြောတယ်၊ သူ့ကောင်မလေးရဲ့ သူငယ်ချင်းတစ်ယောက်က မင်းနဲ့ဇာတ်လမ်းရှိဖူးတယ်ဆို၊ ပြီးတော့ အမိုက်စားလေးတဲ့ ဟုတ်လား"

ပြောမှပဲ ခတ္တာကို သတိရသွားသောကြောင့် သတ္တိပြုံးမိသွား၏။

"ငါနဲ့ မတော်တဆ ဆုံဖူးတာပါကွာ၊ ဇာတ်လမ်းမဟုတ်သေးပါဘူး၊ ဒါပေမယ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်လဲ ပြောလေ . . ."

"မင်းပြောတဲ့ အမိုက်စားလေးထက် ပိုလန်းတယ်ကွ"

"နှာဘူး၊ ဒါမျိုးကျတော့ မြင်တတ်တယ် ဟုတ်လား"

သတ္တိက မိန့်မိန့်ကြီးပြုံးကာ . . .

"မတတ်နိုင်ဘူးလေကွာ၊ ငါ့ထိုက်နဲ့ ငါ့ကံပဲပေါ့၊ ဟဲဟဲ . . ငါ့ညီမသင်တန်းလိုက်အပ်ပေးတုန်းကတောင် ပြန်ဆုံသေးတယ်"

"ဒါဆိုလည်း လက်ဖက်ရည်လိုက်တိုက်ကွာ သွားမယ်"

ဘာမှလည်း မဆိုင်ချေ။ သို့သော်လည်း လက်ဖက်ရည်ဆိုင်ကို ရောက်သွားပါသည်။ ထိုင်နေကျဆိုင်ဖြစ်သောကြောင့် ကိုချမ်းကြီးနှင့် ခန့်မင်းထက်တို့က ရောက်နေကြပြီ။

သူတို့အုပ်စု ဝင်ထိုင်လိုက်စဉ်မှာပဲ ခန့်မင်းထက်က သတ္တိကို လှမ်းပြောသည်။

"သတ္တိ . . မင်းစုံစမ်းခိုင်းလို့ ငါဇာခြည့်ကို မေးပြီးပြီကွ၊ အနေအထားကတော့ သိပ်မလှဘူး"

ထိုသို့အစချီကာ ခတ္တာ၊ သစ္စာနှင့် ဥက္ကာ သုံးပွင့်ဆိုင်အရှုပ်ထုပ်ကို ပြောပြလေသည်။ သတ္တိက ဘာမှဝင်မမေးဘဲ အေးအေးလူလူပဲ နားထောင်နေလိုက်၏။ ခန့်မင်းထက်စကားဆုံးတော့မှ . . .

"ဒါပေမယ့် . . အဲဒီနှစ်ယောက်က ခတ္တာကိုပဲ တစ်ယောက်တစ်နည်းနဲ့ လိုက်ပတ်သက်နေတာ၊ ခတ္တာက ဘယ်သူ့ကိုမှ ပြန်မပတ်သက်ဘူး မဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်လေ၊ ဒါပေမယ့် ကိုသစ္စာဆိုတဲ့လူနဲ့က သူ့အိမ်က သဘောတူထားတာ၊ အိမ်အဝင်အထွက်လည်း ရှိတယ်၊ ဥက္ကာဆိုတဲ့ကောင်လေးကတော့ လိုက်စကားပြောရုံလောက်ပဲ၊ သူ့ကို ရုပ်ကွက်ထဲကလို့ ပြောတယ်"

"ဟာ . . ဒါဆို ဒီရပ်ကွက်ထဲကလား၊ ငါတို့လည်း မတွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

ထိုရပ်ကွက်မှ အပျိုအားလုံးကိုသိသော ချိုထွန်းက ဝင်မေး၏။ ခန့်မင်းထက်ကပဲ . . .

"ငါတို့ရပ်ကွက်က မဟုတ်ပါဘူး၊ဟိုဘက် ရပ်ကွက်ကပါကွာ"

"ဒါဆို တေိတို့ ရပ်ကွက်ကပဲပေါ့"

"မင်းတို့ကလည်းကွာ ရှုပ်လိုက်တာ၊ အဲဒါလည်း မဟုတ်ဘူး၊ တေိတို့နဲ့ ဘေးချင်းကပ်ရပ်ကွက်က ရှင်းပြီလား"

ဘေးမှနားထောင်နေသည့် ကိုချမ်းကြီးက စိတ်မရှည်သံနှင့် ဝင်ပြော၏။ ခုမှပဲ ငြိမ်သွားကြလေသည်။

သတ္တိက ကိုချမ်းကို အံ့ဩသလိုကြည့်ပြီး . . .

"ခင်ဗျားက သိလှချည်လားဗျ၊ ကိုချမ်းကြီးရ . . ."

"သိသားပဲ၊ အဲဒီကောင်မလေးက ပြင်ဦးလွင်မှာနေတာ၊ ပြန်လာတာ မကြာသေးတာလည်း သိတယ်"

"အေး . . ဟုတ်တယ် . . ဟုတ်တယ်၊ ငါပြောဖို့ မေ့နေတာ"

ခန့်မင်းထက်ကပါ ဝင်ပြောသည်။ စဉ်းစားနေသလိုနှင့် ငြိမ်သွားသည့် သတ္တိကိုကြည့်ကာ ကိုချမ်းကြီးက . . .

"ဘာလဲ . . မင်းက အဲဒီကောင်မလေးကို စိတ်ဝင်စားလို့လား"

"အဲဒါထက် ပိုတယ်၊ အေးဗျာ . . ဒါပေမယ့်လည်း . . ."

"မလွယ်ဘူး ဆိုပါတော့"

ကိုချမ်းကြီး၏ ခနဲ့သလိုအမေးကို သတ္တိက ခေါင်းခါရင်း . .

"မဟုတ်ပါဘူးဗျာ၊ ခတ္တာကပဲ နာမည်နဲ့လိုက်အောင် နှစ်ယောက်စလုံးကို ပညာသားပါပါနဲ့ ခါတတ်ပါစေပဲ ဆုတောင်းနေတာ၊ သစ္စာဆိုတဲ့လူကိုလည်း အပြစ်မရှာချင်ဘူး၊ ဥက္ကာကိုလည်း မဟုတ်တာ မလုပ်ချင်တာအမှန်ပဲ၊ ဒါပေမယ့် ဒီလိုမှ မဟုတ်ရင်တော့လည်း . . အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်လိုလုပ်မှာလဲ"

တစ်ဝိုင်းလုံးနီးပါး မေးလိုက်ကြ၏။ သတ္တိက စဉ်းစဉ်းစားစား နှင့် တစ်လုံးချင်းပြောလိုက်သည်။

"ဩော် . . သစ္စာနဲ့ဥက္ကာသာ မဆုတ်ခွာရင်တော့ သတ္တိနဲ့ ထပ်ငြိတော့မှာပဲလို့ တွေးမိတာပါ"

"တော်ပါကွာ၊ စကားကြီးစကားကျယ်နဲ့ . . ."

ကိုချမ်းကြီး၏ ရေရွတ်သံအဆုံးမှာ တစ်ဝိုင်းလုံးက မဲ့ရွဲ့ပြီး သတ္တိကို ဝိုင်းကြည့်ကြလေသည်။ သတ္တိကတော့ မျက်နှာကိုချိုကာ အေးအေးဆေးဆေးပင်။ ဖြေးဖြေးလေးလေးပဲ အိမ်ကို လမ်းလျှောက် ပြန်ခဲ့၏။

အိမ်ရောက်တော့ နန္ဒာက စပ်စုသေးသည်။

"ကိုကို . . မနက်က ကိုကို့သူငယ်ချင်းတွေ ပြောနေတာ ဟို တရုတ်စကားပြောသင်တန်းမှာ တွေ့တဲ့တစ်ယောက်လား"

"အင်း . . ဟုတ်တယ်၊ ဟိုတစ်ခါ ကိုကိုသွားထိုင်နေတဲ့ ဝိုင်း ကလေ . . ."

"သိပြီ . . သိပြီ၊ အဲဒီမမကို သင်တန်းမှာ တွေ့ပါတယ်၊ ချော ချောလေးလေ . . ."

"ဟင် . . သူလည်း သင်တန်းတက်နေတာလား"

သူနှင့်ဆုံစဉ်က ခတ္တာသင်တန်းမတက်ချင်ဘူးဟု မဝင်းမာကို ပြောဖူးသောကြောင့် သတ္တိအံ့ဩသွားခြင်း ဖြစ်သည်။

နန္ဒာက ခေါင်းညိတ်ပြကာ . . .

"တက်နေတယ်လေ၊ ညီမလေးတွေ့သားပဲ"

"ညီမလေး . . ."

"ဘာလဲ . . ."

"ညီမလေးသင်တန်းကို တစ်ယောက်ထဲမသွားနဲ့တော့ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချဘူး မနက်ဖြန်တစပြီး ကိုကိုလိုက်ပို့မယ် . . ဒါပဲ"

နန္ဒာက အားရဝမ်းသာနှင့် . . .

"တကယ် . . သင်တန်းတွေ အကုန်ကိုလား"

"ဟင့်အင်း . . တရုတ်စကားပြောတစ်ခုထဲ . . ."

"အာ . . သွားပါ၊ ကိုကို လူလည်ကြီး"

မကျေမနပ်ပြောရင်း နန္ဒာက လိုက်ရိုက်တော့၏။ သတ္တိက ရှောင်ရင်းတိမ်းရင်းနှင့်ပင် မနက်ဖြန် ဘာအင်္ကျီဝတ်သွားရင် ကောင်းမလဲဟု ခေါင်းထဲစဉ်းစားမိသေးသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

ထိုသို့ဖြင့် . . . ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း အလည်အပတ်သွားရန် စိတ်ကူးမရှိ။ ဒီနိုင်ငံမှာလည်း တရုတ်စကားပြန်လုပ်ရန် အကြောင်း မရှိပါဘဲ ခတ္တာတစ်ယောက် တရုတ်စကားပြောသင်တန်း တက်နေရ သည်။ မည်သို့ပင်ဖြစ်စေ သူမကြိုးကြိုးစားစား သင်ယူပါသည်။ သင် နေသော ဆရာကိုလည်း လေးစားရပေမည်။

သူမဘေးက မဝင်းမာကြီးကတော့ အထူးပင်တက်ကြွနေ၏။ သူမကိုပင် တရုတ်လို တတ်သလောက်၊ မှတ်သလောက် လှမ်းလှမ်း ပြောနေသေးသည်။ အရေးထဲမှာလည်း သတ္တိ၏ရည်းစားဖြစ်ဟန်တူ သည့် ကောင်မလေးက လှမ်းလှမ်းကြည့်နေ၍ စိတ်က ကသိကအောက် ဖြစ်ရပြန်၏။ သူမကတော့ သိပ်စိတ်မဝင်စားပါ။ အိမ်မှာ မနေရတာ တစ်ခုထဲနှင့်ပင် အားလုံးကို ခဝါချနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တင်သွားဦးမည်။ သူမ တောင်စဉ်ရေမရ တွေးမိနေစဉ်မှာပဲ . . .

"အင်း . . တစ်လအတွင်းမှာ နင်ရည်းစားရဖို့ကလည်း မဖြစ်နိုင်ပြန်ဘူး၊ အင်းလေ . . တရုတ်ဇာတ်လမ်းတွဲမှာလည်း ဒါမျိုးတွေ မရှိပါဘူး၊ တစ်ခုပဲရှိတယ်၊ နင် ဗမာကားထဲကလို ရည်းစားအတုသာ ရှာပေတော့. မိတာ . . ."

ခတ္တာ ပို၍၊ ပို၍ စိတ်ညစ်သွားသည်။ မဖြစ်နိုင်သော၊ သူမ မလုပ်ချင်သော ကိစ္စကြီးဖြစ်သည်။ ဒီလောက်ကြီးတော့ မျက်နှာပြောင် မတိုက်ရဲပါ။ တစိမ်းယောကျ်ားတစ်ယောက်ကို ရည်းစားဆိုပြီး အိမ်ပေါ် ခေါ်တင်သွားရမည့်ကိစ္စ။ တွေးရင်းနှင့်ပင် ခေါင်းကို ခါယမ်းလိုက်ပြီး ငြင်းလိုက်၏။

"မဖြစ်သေးပါဘူး မဝင်းမာရာ၊ ယောကျ်ားလည်း မလိုချင်ဘူး၊ ရည်းစားအတုလည်း မခေါ်ပြချင်ဘူး၊ နှစ်ခုစလုံးအဆင်ပြေမယ့် နည်းလမ်းလေးမရှိဘူးလား"

မဝင်းမာက 'ဂိုးရို (Gold Rose) ရှိတယ်လေ' ဟု တီဗီကြော်ငြာထဲကလို မဖြေပါ။ ထိုသို့ဖြေလျှင် ရယ်ရဦးမည်။ ခုတော့ သူကပဲ အပူသည်ကြီးလို ငူငူကြီးလုပ်နေသည်။ သူမကပဲ ပြန်ဖျောင်းဖျရတော့၏။ တရားကျစရာပင် ကောင်းလှသည်။

"ကဲပါ မဝင်းမာရယ်၊ ကျွန်မအတွက် ဒီလောက်ခေါင်းရှုပ်ခံမနေနဲ့၊ ကျွန်မစဉ်းစားပါဦးမယ်၊ ကဲ . . ဟိုမှာ ဆရာဝင်လာပြီ"

အတန်းထဲဝင်လာသောကြောင့် စကားကို ဖြတ်လိုက်ရ၏။ ဆရာ့ကိုကြည့်ပြီး မဝင်းမာမျက်နှာက ဝင်းပသွားသည်။ ခုဝင်လာသူ ဆရာဦးအောင်လတ်က အသင်အပြအရမ်းကောင်းသည့်အပြင် လူပုံကြီးပြီး သူ့အကြိုက် ဖြူဖြူဖွေးဖွေး တရုတ်ကြီးဖြစ်သောကြောင့် မဝင်းမာ အတွက်တော့ ကောင်းခြင်းငါးဖြာဖြင့် ပြည့်စုံနေသည်။ ဆရာ၊ ဆရာနှင့် အမြဲပါးစပ်က တဖွဖွဖြစ်နေသဖြင့် ခတ္တာပင် ထိုဆရာကို သိပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တင်သွားဦးမည်။ သူမ တောင်စဉ်ရေမရ တွေးမိနေစဉ်မှာပဲ . . .

"အင်း . . တစ်လအတွင်းမှာ နှင်ရည်းစားရဖို့ကလည်း မဖြစ်နိုင်ပြန်ဘူး၊ အင်းလေ . . တရုတ်ဇာတ်လမ်းတွဲမှာလည်း ဒါမျိုးတွေ မရှိပါဘူး၊ တစ်ခုပဲရှိတယ်၊ နှင် ဗမာကားထဲကလို ရည်းစားအတုသာ ရှာပေတော့မိတာ . . ."

ခတ္တာ ပို၍၊ ပို၍ စိတ်ညစ်သွားသည်။ မဖြစ်နိုင်သော၊ သူမ မလုပ်ချင်သော ကိစ္စကြီးဖြစ်သည်။ ဒီလောက်ကြီးတော့ မျက်နှာပြောင် မတိုက်ရဲပါ။ တစိမ်းယောကျ်ားတစ်ယောက်ကို ရည်းစားဆိုပြီး အိမ်ပေါ် ခေါ်တင်သွားရမည့်ကိစ္စ။ တွေးရင်းနှင့်ပင် ခေါင်းကို ခါယမ်းလိုက်ပြီး ငြင်းလိုက်၏။

"မဖြစ်သေးပါဘူး မဝင်းမာရာ၊ ယောကျ်ားလည်း မလိုချင်ဘူး၊ ရည်းစားအတုလည်း မခေါ်ပြချင်ဘူး၊ နှစ်ခုစလုံးအဆင်ပြေမယ့် နည်းလမ်းလေးမရှိဘူးလား"

မဝင်းမာက 'ဂိုးရို့ (Gold Rose) ရှိတယ်လေ' ဟု တီဗီကြော်ငြာထဲကလို မဖြေပါ။ ထိုသို့ဖြေလျှင် ရယ်ရဦးမည်။ ခုတော့ သူကပဲ အပူသည်ကြီးလို ငူငူကြီးလုပ်နေသည်။ သူမကပဲ ပြန်ဖျောင်းဖျရတော့၏။ တရားကျစရာပင် ကောင်းလှသည်။

"ကဲပါ မဝင်းမာရယ်၊ ကျွန်မအတွက် ဒီလောက်ခေါင်းရှုပ်ခံမနေနဲ့၊ ကျွန်မစဉ်းစားပါဦးမယ်၊ ကဲ . . ဟိုမှာ ဆရာဝင်လာပြီ"

အတန်းထဲဝင်လာသောကြောင့် စကားကို ဖြတ်လိုက်ရ၏။ ဆရာ့ကိုကြည့်ပြီး မဝင်းမာမျက်နှာက ဝင်းပသွားသည်။ ခုဝင်လာသူ ဆရာဦးအောင်လတ်က အသင်အပြအရမ်းကောင်းသည့်အပြင် လူပျိုကြီး ပြီး သူ့အကြိုက် ဖြူဖြူဖွေးဖွေး တရုတ်ကြီးဖြစ်သောကြောင့် မဝင်းမာ အတွက်တော့ ကောင်းခြင်းငါးဖြာဖြင့် ပြည့်စုံနေသည်။ ဆရာ့ဆရာနှင့် အမြပါးစပ်က တဖွဖွဖြစ်နေသဖြင့် ခတ္တာပင် ထိုဆရာ့ကို သိပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မရချေ။ နေရင်းထိုင်ရင်း . . ။

ဟောရင်း၊ ပြောရင်း သင်တန်းချိန်က ပြီးဆုံးသွား၏။ ဒါကိုပင် မဝင်းမာက အချိန်ကုန်တာကလည်း မြန်လိုက်တာဟယ်ဟု လုပ်နေသေးသည်။ မဝင်းမာနှင့် နှစ်ယောက်သား အောက်ဆင်းလာတော့-

"ဟော့ . . မိတာ . . မဝင်းမာကြီး . . . "

ခေါ်သံကြားလိုက်ရသောကြောင့် အောက်ထပ်ကင်တင်းထဲ လှမ်းကြည့်မိသည်။ မမြတ်သစ်၊ မေသန္တာ၊ ဇာခြည်တို့ကို အုပ်စုလိုက်ကြီး တွေ့လိုက်ရ၏။ လောလောဆယ် စိတ်ညစ်နေရသည်ကိုပင်မေ့သွားပြီး ခတ္တာအပြေးတပိုင်းနှင့် ရောက်သွား၏။ အနားရောက်တော့မှ မမြတ်သစ်တို့ချည်းပဲ မဟုတ်မှန်း သိရသည်။ ဇာခြည်၏ရည်းစားခန့်မင်းထက်အပြင် သူမနှင့်ဆုံဖူးသော သတ္တိ၊ ကိုချမ်းမြေ့တို့နှင့် မျက်နှာစိမ်းနှစ်ယောက်က ပါသေး၏။

ရုတ်တရက် ဝင်မထိုင်ဖြစ်ဘဲ ရပ်နေ၍ ဇာခြည်က . . .

"မိတာ . . ထိုင်လေဟာ၊ ငါတို့က နင်နဲ့တွေ့ချင်လို့လာတာကို . . ၊ ထိုင်ပါဟ . . ဒါက ကိုမင်းသူငယ်ချင်းတွေပါ၊ သတ္တိဆိုလည်း နင်သိတာပဲဟာကို . . . "

"ဩော် . . အေးအေး . . . "

ပြောရင်း ခတ္တာဝင်ထိုင်လိုက်၏။ မဝင်းမာကြီးကဖြင့် စားသောက်ရန်ပင် မှာယူနေပြီ။ ဇာခြည်က ဘယ်သူမှမခိုင်းဘဲ မိတ်ဆက်ပေး၏။

"မိတာ . . ဒီနှစ်ယောက်က ချိုထွန်းနဲ့ မာန်ထက်သာတဲ့၊ ဒီဘက်ကတော့ ခတ္တာ၊ ဟိုဘက်က မဝင်းမာကြီး၊ အားလုံးပဲ မှတ်ထားကြနော်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ သတ္တိပြောလို့ မခတ္တာကို ကြားဖူးနေတာ ကြာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချိုထွန်းဆိုသော လူ၏စကားကြောင့် ခတ္တာမျက်နှာလေးရဲ သွားသည်။ သတ္တိဘာတွေမဟုတ်တမ်းတရား ပြောထားလဲဟုတွေးကာ ခပ်စူးစူးကြည့်လိုက်တော့ . . .

"ဟာ . . ဒီကောင်၊ ခတ္တာ ကျွန်တော်ဘာမှမပြောဘူးနော်၊ ဟိုအရင် ခတ္တာနဲ့ ကားပေါ်မှာဆုံတဲ့အဖြစ်လေးကိုပဲ ပြောပြဖူးတာပါ"

သတ္တိပြာပြာသလဲ ဝင်ပြောတော့မှ ပိုဆိုးကုန်သည်။ ထုံးစံအတိုင်း မေသန္တာကစပြီး . . .

"ဟယ် . . သတ္တိနဲ့ခတ္တာက သိတယ်ဟုတ်လား၊ မိတာနော် ငါတို့ကိုလည်း မပြောပြဘူး"

"ဟုတ်ပ၊ ကောင်မ လျှိုထားတယ်၊ ခုပြော . . ."

"ဟုတ်ပါတယ် . . ပြောပြပါ"

ဝိုင်းအော်ကြတော့သည်။ ခတ္တာလည်း ဂယောက်ခြောက်ခြားနှင့် မျက်နှာလေးရဲတွက်နေ၏။ မသိလျှင်ပဲ သူနှင့်သတ္တိကို ဝိုင်းစနေသလိုမျိုး။ ရင်ထဲမှာ တလှပ်လှပ်နှင့် ခတ္တာရှက်လာသည်။ ဘယ်က ဘယ်လို စပြောရမှန်းလည်း မသိ။ ကိုယ့်ကပဲ ဖုံးဖိထားသလို ဖြစ်ရပြီ။

သည်းသည်းအုံ့ရှက်နေသော ခတ္တာကိုကြည့်ပြီး သတ္တိက . .

"ဟ . . နေကြပါဦး၊ ဒီမှာ ခတ္တာအနေခက်နေပြီ၊ ကျွန်တော်ပဲ ပြောပြပါ့မယ်"

သတ္တိကပဲ နှစ်ရာကီစ္စကို ရှင်းပြနေသည်။ ခုတော့ လန်ဒန်မြေပဲယိုကိစ္စလည်း အကုန်သိသွားကြပြီ။ အရင်က စွာသလောက် ဒီအစ်ခါရှက်နေမိခြင်းကို သူမစဉ်းစားမရအောင် ဖြစ်နေမိသည်။

အပြန်မှာ မေသန္တာကပဲ မှတ်ချက်ချသွားသေးသည်။

"ဟဲ့ . . မိတာ၊ ငါထင်တာ မမှားဘူးဆိုရင် သတ္တိနှင့်ကို စိတ်ဝင်စားနေသလိုပဲ"

သူမဘာမှ မတုန့်ပြန်ဖြစ်ချေ။ သက်ပြင်းတိုးတိုးလေးကိုချပြီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို မော့ကြည့်မိသည်။ အရောင်ကွဲတိမ်များဖြင့် ဆည်းဆာဂ မညီမညာ အုပ်ဖွဲ့ပျံ့သန်းနေသလိုပင်။

* * * *

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

(၉)

ထိုနောက်ပိုင်းရက်များမှာ မဝင်းမာကြီးအိမ်သို့ သွားရခြင်းက သတ္တိအကွက် မထူးဆန်းတော့ချေ။ ဖြစ်နိုင်လျှင် ခတ္တာကို သူစိတ်ဝင်စားနေကြောင်း တစ်လောကလုံးကို သိစေချင်လှပြီ။ ထို့ကြောင့် ရှေ့မျက်နှာရှေ့ထားပြီး သွားရ၏။

အိမ်မှထွက်လာပြီး ကားမှတ်တိုင်မှာ မယောင်မလည် စောင့်ကြည့်သေးသည်။ ဆယ့်ငါးမိနစ်လောက်စောင့်ပြီးမှ တစ်ယောက်ထဲ အကြောင်းကြောင်းဖြစ်လာ၍ လမ်းမှာများ မတော်တဆ ဆုံလေမလား ဟုတွေးကာ ဟိုကြည့်ဒီကြည့်နှင့် လမ်းလျှောက်လာခဲ့၏။ လမ်းမှာလည်း မတွေ့။

ထိုသို့ဖြင့် မဝင်းမာကြီးအိမ်မှာများ ဘွားခနဲ သွားဆုံလေမလားဟု မျှော်တလင့်လင့်နှင့် ရောက်သွားပါသည်။ ခဲလေသူ့သဲရေ ဘူရ၏။ မဝင်းမာကြီးတစ်ယောက်သာ သူ့အိမ်မှာ ငွါးငွါးစွံ့စွံ့ကြီး ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မဝင်းမာ . . မဝင်းမာ . . ."

သတ္တိအသံပြုလိုက်တော့မှ . . .

"ဩော် . . သတ္တိပါလား၊ လာလာ တစ်ယောက်ထဲလား"

"ဟုတ်ကဲ့ . . ."

"အိမ်ပေါ်တက်လေ၊ ငါလည်း တစ်ယောက်ထဲပဲ"

"ဗျာ . . ."

ခြေလှမ်းပင် တွန့်သွားရသည်။ သတ္တိဖြစ်သွားသည့် ပုံစံကို ကြည့်ပြီး . . .

"လာလေဟယ်၊ ငါလည်း တစ်ယောက်ထဲဆိုပြီး ပျင်းပျင်းနဲ့ တရုတ်ကားထိုင်ကြည့်နေတာ"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ဧည့်ခန်းထဲ ဝင်ထိုင်လိုက်သည်။ မဝင်းမာက ဘာမှဆက်မမေးဘဲ တီဗီဘက်ကို ပြန်လှည့်သွား၏။ ကောင်းခန်းဖြစ်ပုံရသည်။ ဂျက်လီနှင့် လူဆိုးများချနေကြပြီ။ သတ္တိမှာလည်း နေရင်းထိုင်ရင်း ဂျက်လီကို ထိုင်ကြည့်နေရသေးသည်။ ကိုယ်က ဂျက်လီပရိသတ်လည်း မဟုတ်ပါ။ လူဆိုးတွေ အကုန်သေသွားတော့မှ ဂျက်လီအတွက် မဝင်းမာရတက် အေးသွားဟန်တူ၏။ ရီမုဒ်ဖြင့် ဇာတ်လမ်းကို ခဏရပ်လိုက်ကာ . . .

"ကဲ . . သတ္တိ ဆို၊ ဘာကိစ္စရှိလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီနေ့ သင်တန်းပိတ်ရက်ဆိုတော့ မဝင်းမာကြီး အိမ်မှာရှိမှာပဲဆိုပြီး ဝင်လာတာ"

မဝင်းမာက မျက်ခုံးကို ပင့်လိုက်ပြီးမှ . . .

"ဟုတ်လား၊ ဒီမှာ ခတ္တာရှိချင်ရှိနေမှာလို့ကော မတွေးမိဘူး လား"

"ဟာဗျာ . . မဝင်းမာကြီးကလည်း . . ."



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ကြီးမေးလိုက်၍ သတ္တိရှက်သွားသည်။ မဝင်းမာကကြည့်ပြီး တဟင်းဟင်း ရယ်တော့၏။

"ဟင်း . . ဟင်း . . မောင်လေးရယ်၊ မမတို့လည်း ငယ်ရာကကြီးလာတာပါကွယ်၊ ဘာလဲ ငြင်းဦးမလို့လား"

နောက်သလိုလို အပြောကြောင့် သတ္တိရဲတင်းလာသည်။ မဝင်းမာပုံစံကလည်း သူနှင့်ခတ္တာကို ဖြစ်စေချင်သည်ဟု တဖက်သတ်တွေးလိုက်ပြီး . . .

"ခတ္တာက ဒီကိုအမြဲလာတတ်တယ်ဆိုတော့ တွေ့ချင်လည်းတွေ့မှာပေါ့လို့တွေးမိတာ မငြင်းပါဘူးဗျာ . . အဟဲ၊ ဒါနဲ့ ခတ္တာ ဒီကိုမလာဘူးလား"

"ဟင် . . ခုနကတော့ ငါအိမ်မှာရှိတယ်ဆိုလို့ လာလည်တာဆို . . ."

"ဟုတ်တယ်လေ၊ မဝင်းမာရှိမှ ခတ္တာလည်း ရှိမှာပေါ့၊ မဟုတ်ဘူးလား"

မဝင်းမာက မျက်စောင်းတစ်ချက်ထိုးလိုက်သေးသည်။ ပြီးမှ-

"အမလေး . . ဟုတ်ပါပြီဟယ်၊ နင် မိတာကို စိတ်ဝင်စားနေမှန်း ငါတို့အားလုံးသိပါတယ်"

"ခတ္တာကော သိရဲ့လား"

သတ္တိအမေးကို မဝင်းမာက ပိုရန်ကောဟူသော အကြည့်နှင့်-

"သိမှာပေါ့ဟဲ့၊ သူလည်း မိန်းကလေးပဲ၊ ဒါပေမယ့် မိတာခမျာ သနားပါတယ်ဟယ်၊ ခုတလော အိပ်ပျော်စားဝင်ရဲ့လား မသိဘူး"

"ဗျာ . . ရောဂါများ ဖြစ်နေလို့လား"

"အာ . . နင်ကလည်း မိတာက အလတ်ကြီးပါဟ၊ သူ့အိမ်က ယောက်ျားပေးစားနေလို့ စိတ်ညစ်နေတာဟဲ့"

သတ္တိသဘောပေါက်သွား၏။ အလတ်ကြီးဆိုသည့် စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပိုစိတ်ချမ်းသာသွားသည်။ သို့သော်လည်း . . .

"ဩော် . . ဒါကြောင့်လား"

"အေး . . ဒါတင်မကသေးဘူး၊ သူတို့ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်ကလည်း တမျှော်၊ သူ့အစား ငါတောင်စိတ်ညစ်တယ်"

"ဒါပေမယ့် ခတ္တာက နှစ်ယောက်စလုံးကို စိတ်မဝင်စားဘူး မဟုတ်လား၊ ကျွန်တော်သိပါတယ်"

"တယ်ဟုတ်ပါလား၊ နင့်ကို ဇာခြည်ကတဆင့် ခန့်မှန်းထက် ပြောတာထင်တယ်၊ ဇာခြည်က အဲဒီသစ္စာဆိုတဲ့လူကို ကြည့်လို့ရတာ မဟုတ်ဘူး"

"မဝင်းမာကကော . . ."

သတ္တိအမေးကြောင့် မဝင်းမာက မျက်လုံးပြူးကာ . . .

"အမလေး . . မလုပ်ပါနဲ့ဟယ်၊ ငါ့ဘဝလေးနဲ့ ငါနေပါရစေ"

မဝင်းမာအပြောကြောင့် ရယ်မိသည်။ သတ္တိက မဝင်းမာကို နောက်ချင်လာသောကြောင့် . . .

"ဒါနဲ့ မဝင်းမာ အသက်ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်မလို့လဲ"

အသက်မေး၍ အသံက မာသွား၏။ သတ္တိကလည်း အကြံနှင့်မို့ . . .

"ဘာရယ်မဟုတ်ပါဘူး၊ မဝင်းမာက ခတ္တာတို့ ဇာခြည်တို့နဲ့ ပေါင်းနေပေမယ့် ဇာခြည်ပြောသလောက် မကြီးသေးဘူးလို့ ထင်လို့ပါ"

"ဇာခြည်မက ဘယ်လောက်လို့ ပြောလို့လဲ"

"သုံးဆယ့်သုံးလို့ ပြောတာပဲ"

"ဟီဟိ . . ငါ သုံးဆယ့်ခွန်တောင်ရှိပြီဟဲ့"

သတ္တိက အံ့ဩဟန်လုပ်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မထင်ရဘူးနော်၊ ရုတ်တရက်ကြည့်ရင် လေးဆယ်လောက်ပဲ ထင်ရတယ်"

"နင်နော်၊ ပေါက်ကရ . . ."

"နောက်တာပါဗျာ၊ ဒါဆို မဝင်းမာလည်း အိမ်ထောင်အမြန်ပြုတော့လေ"

"ဟင် . . ဘာဖြစ်လို့တုန်း . . ."

ဒီတစ်ခါတော့ အံ့သြသွားသူက မဝင်းမာပါ။ သတ္တိက ရယ်တဲကဲနှင့်ပဲ . . .

"ဩော် . . အရစ္စတိုတယ်(လ်)ဆိုတဲ့ ပညာရှိကြီးက ပြောဖူးတယ်လေ၊ အသက်နှစ်ဆယ်ကနေ သုံးဆယ့်ခွန်နှစ်နှစ်အထိကို အိမ်ထောင်ပြုတာ အကောင်းဆုံးပဲတဲ့ မဝင်းမာရ"

"အို . . သူပြောတိုင်း ငါက ယူရမှာလား၊ သူ့ဟာသူ အားအားယားယား ကန့်သတ်သွားတာကို . . ."

အရစ္စတိုတယ်(လ်)ကြားလျှင်တော့ ဒိုချင်စိတ်ပေါက်သွားလောက်သည်။ မဝင်းမာကပဲ . . .

"ဟဲ့ . . အဲဒီဘာတိုတယ် . . ."

"အရစ္စတိုတယ်(လ်)ပါ"

"အေး ထားပါတော့၊ သူက ဘယ်ကလဲ . . ."

"ဟာ . . မဝင်းမာကလည်း ဂရိကပဲပေါ့"

"ထင်သားပဲ . . တရုတ်မဟုတ်ပါဘူးလို့၊ ကွန်ဖြူးရှပ်တို့ မော်စီတုံးတို့တောင် ဒါမျိုးမပြောဘူး"

သတ္တိနဝေတိမ်တောင် ဖြစ်သွားရ၏။ ဘယ်ကနေဘယ်လို ဆက်စပ်ကြီးတွေပါလာသည် မသိချေ။ မဝင်းမာကတော့ သူ့အတွေးနှင့်သူ ပြုံးနေသေးသည်။ ပြီး . . သတိရဟန်နှင့် စကားကို ကွန်းဘဲ ပြန်ကောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . စကားတွေက ဟိုရောက်ဒီရောက်နဲ့ . . ."

"ဟုတ်ပ့ါဗျာ . . ခုနက ခတ္တာစိတ်ညစ်နေတာမှာ ဆုံးသွားတာ"

မဝင်းမာက မျက်စောင်းတစ်ချက်ထပ်ထိုးပြီးမှ ခတ္တာ၏ တစ်လအတွင်း အိမ်ကိုရည်းစားခေါ်ပြရေး ပြဿနာကိုပါ ပြောပြတော့သည်။ သတ္တိကိုလည်း (မြန်မာဗီဒီယိုကားထဲကအတိုင်း) . . .

"ဟဲ့ . . သတ္တိ၊ နင် ခတ္တာကို ကူညီလိုက်ပါလား"

"ဘာလဲ . . သူ့ချစ်သူဆိုပြီးတော့လား"

"အေးလေ . . မကူညီချင်ဘူးလား၊ နင်ပဲ ခတ္တာကို စိတ်ဝင်စားနေတယ်ဆို"

သတ္တိက ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ . . .

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဇာတ်လမ်းက မြန်မာကားကျနေတာပဲဗျာ၊ အဲဒီလောက် လွယ်ပ့ါမလား၊ ပြီးတော့ ခတ္တာက လက်ခံပ့ါမလား"

"သူ့မှာ ရွေးစရာလမ်းမရှိဘူးဟဲ့"

ချက်ချင်းပင် သတ္တိက . . .

"ရှိတာပေါ့ . . ဘာလို့မရှိရမှာလဲ"

"ဟင် . . ဘာလဲ ပြောပါဦး"

"ကျွန်တော် သူ့ကိုချစ်နေပြီပဲ၊ ကျွန်တော့်ကို ပြန်ချစ်လိုက်လေ၊ ပွဲကပြတ်ပြီ၊ ဘာမှဟန်ဆောင်စရာမလိုဘူး"

"အောင်မာ . . နင်က သူ့ကို ရည်းစားစကားတောင် ပြောရသေးလို့လား"

"ဟာ . . ဟုတ်သားပဲ၊ ကျွန်တော်ပြန်တော့မယ်ဗျာ"

"ဟဲ့ . . ဘယ်ကိုလဲ ချက်ချင်းကြီး . . ."

"အိမ်ပြန်မယ်လေဗျာ၊ ပြီးရင် ခတ္တာကို ရည်းစားစကားပြောဖို့ စီစဉ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . နင်ကတော့လေ"

မဝင်းမာဆီမှ ခတ္တာ၏ဖုန်းနံပါတ်တောင်းပြီး ပြန်ခဲ့၏။ နေ့လည်ခင်းမို့ တံလျှပ်တွေက လမ်းပေါ်မှာ လှိုင်းထလောင်ကျွမ်းနေကြသည်။ ပူပြင်းသောအချိန်ကြောင့်လား မသိ။ ကားအသွားအလာပင် ကျဲပါးနေ၏။ တဖြေးဖြေး အိုက်စပ်လာသောကြောင့် ကားမစောင့်တော့ဘဲ ဆိုက္ကားဂိတ်သို့ထွက်ခဲ့သည်။

ဆိုက္ကားဂိတ်ရောက်တော့ လေးငါးစီးလောက် တွေ့ရသည်။ ဆိုက္ကားသမားတစ်ယောက်က နှုတ်သွက်လျှာသွက်ဖြင့် . . .

"သွားမယ်လေ . . အကိုလေး . . ."

"အေး . . သွားတာပေါ့ကွာ၊ ဟိုဘက်ထိပ် ဘယ်လောက်လဲ"

"ရှိုးရှိုးလား၊ ရှယ်လား အကို . . ."

သတ္တိကြောင်တောင်တောင် ဖြစ်သွားရသည်။ စီးလေ့စီးထ သိပ်မရှိ၍ နားမလည်ပါ။ ရှိုးရှိုးနဲ့ရှယ်တဲ့။

"ဘာလဲဟ . . ရှိုးရှိုးနဲ့ရှယ်က . . ."

"သွားရင်သိရမှာပေါ့ အကိုလေးရာ၊ နှစ်ရာပဲကျတာပါဗျ"

ထိုအချိန်မှာပဲ . . .

"ဟေ့ကောင် . . မြတ်ကိုကို၊ ပွားမနေနဲ့၊ ရှိုးရှိုးဆိုရင် ဒီကိုလွှတ်လိုက်၊ ငါဒီမှာ လူတစ်ယောက်ရထားပြီ"

"နေစမ်းပါ ထွန်းနောင်ဝင်းရာ၊ ဒီအကိုလေးက ရှယ်စီးမှာကွ"

ခေါ်သံကြားရာကို လှည့်ကြည့်လိုက်၏။ ထိုဆိုက္ကားသမားရှေ့ခန်းကတင်ထားသည့် အဖိုးကြီးကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။ လက်ဖက်ရည်ဆိုင်မှာ သူနှင့်ငြိဖူးသည့် အိုင်စတိုင်းဘော်ဒါကြီး။ သူ့ကိုပင် တစ်ချက်ကြည့်ကာ မဲ့ပြသေးသည်။ အိုင်စတိုင်းဘော်ဒါကြီးနှင့်တော့ တစ်စီးထဲအတူ မစီးချင်ပါ။ သူက ရှိုးရှိုးဆိုတော့ ဖြစ်ချင်တာဖြစ် တို့ယ်က ရှယ်စီးရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ . . ရှယ်ပဲစီးမယ်ကွာ၊ ခေတ်လူငယ်ပဲ . . ."

အသံကျယ်ကျယ်နှင့်အော်ပြောရင်း 'အဖေ့သားတုတ်ကြီး' ဟု စာတန်းရေးထားသည့် မြတ်ကိုကိုနင်းသော ဆိုက္ကားခေါင်းခန်းပေါ်သို့ ဆောင့်ကြွားကြွားတက်လိုက်၏။ ထိုအချိန်မှာပဲ အိုင်စတိုင်းဘော်ဒါကြီး စီးနင်းလိုက်ပါသွားသည့် ဆိုက္ကားက အရင်ထွက်သွားလေပြီ။

အငြိမ်မနေတတ်သော သတ္တိက စပ်စုမိသေးသည်။

"ညီလေး . . ခုနက ညီလေးကို မြတ်ကိုကိုလို့ ခေါ်လိုက်တာ ကြားတယ်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ အကိုလေး"

"ဒါနဲ့ မင်းဆိုက္ကားနောက်မှာ အဖေ့သားတုတ်ကြီးလို့ ရေးထားလို့မေးကြည့်တာပါ၊ မင်းကို တုတ်ကြီးလို့ ခေါ်ကြသေးလို့လား"

ဆိုက္ကားသမားလေး မြတ်ကိုကိုက နင်းနေရင်း တဟားဟား ရယ်ပြီး . . .

"မဟုတ်ပါဘူး အကိုလေးရာ၊ အကိုလေးတစ်ယောက်ပဲ ပေါက်ပေါက်ရှာရှာ မေးဘူးသေးတယ်၊ ဒီလိုဗျ၊ ကျွန်တော်တို့လမ်းထဲမှာ အရမ်းဇီဇာကြောင်ပြီး အပေါက်ဆိုးတဲ့ အပျိုကြီးတစ်ယောက်ရှိတယ်၊ ဘယ်သူနဲ့မှလည်း မတည့်ဘူး၊ အဲဒါကို သူက အမေ့သမီးခိုင်ဆိုပြီး စာအုပ်ဆိုင်ဖွင့်တယ်လေ၊ အမှန်က သူ့နာမည်မှာလည်း ခိုင်ပါတာ မဟုတ်ဘူး"

"သူ့နာမည်က ဘာမို့လို့လဲ"

"မလှကြည်တဲ့ဗျာ၊ ဆိုင်နာမည်က တမင်လှအောင်များ မှည့်ထားလား မသိပါဘူး၊ အဲဒါနဲ့ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ သူတောင် ဒီလိုမှည့်သေးတာပဲဆိုပြီး အဖေ့သားတုတ်ကြီး လုပ်ချလိုက်တာ၊ ကျွန်တော့်ဆိုက္ကားဆို ဘယ်တော့မှမစီးတော့ဘူး၊ စာအုပ်သွားငှား လည်း မငှားတော့ဘူးဗျ၊ ဟား ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



သတ္တိလည်း လိုက်ရယ်မိသည်။ အင်းပေါ့လေ . . မလှကြည်တောင် 'အမေ့သမီးခိုင်' ဖြစ်လို့ရသေးတာ၊ မြတ်ကိုကိုလည်း 'အဖေ့သားတုတ်ကြီး' တော့ ဖြစ်ခွင့်ရှိရမည်ပေါ့။ ဒါ လူ့အခွင့်အရေးချိုးဖောက်ခြင်း မဟုတ်ပါ။

စီးနင်းလာရင်း ရှေ့မှာခုံးတက်ကြီးမို့ သတ္တိက . . .

"ညီလေး . . ကိုယ်ဆင်းပေးမယ်လေ၊ ခုံးတက်ကြီး . . ."

"ဟာ . . မဆင်းနဲ့ မဆင်းနဲ့၊ ရှယ်ဆိုတာ ဒါပဲလေ၊ ဘယ်လောက်မြင့်မြင့် ဆင်းစရာမလိုဘူး"

ပြောရင်း မြတ်ကိုကိုက အရှိန်ပင် ထပ်တင်လိုက်သေး၏။ ဟုတ်ပါသည်။ ရှေ့နားရောက်တော့ ဆိုက္ကားတစ်စီးက ဆင်းတွန်းနေပြီး အိုင်စတိုင်းဘော်ဒါကြီးက လမ်းဆင်းလျှောက်နေရပါသည်။

သတ္တိအခန့်သား စီးနင်းလိုက်ပါလာသော ဆိုက္ကားက သူတို့ကို ဖြတ်ကျော်စဉ်မှာပဲ အိုင်စတိုင်းဘော်ဒါကြီး၏ ဆိုက္ကားသမားက-

"နင်းထားကွ . . အဖေ့သားတုတ်ကြီးရ"

ဒီကလည်း မခံပါ။ အဖေ့သားတုတ်ကြီးပဲလေ။ ချက်ချင်းပဲ-

"ဟေ့ကောင် ထွန်းနောင်ဝင်း၊ မင်းက ရိုးရိုးဆိုတာနဲ့ လမ်းဆင်းလျှောက်ခိုင်းတော့တာပဲကွ၊ တကယ့်ကောင်"

အဖေ့သားတုတ်ကြီးအပြောကြောင့် ရှေ့ခန်းက မိန့်မိန့်ကြီးသတ္တိကလည်း . . .

"ဖိမ်ပဲကွာ၊ နောက်ဆို ရှယ်ပဲစီးတော့မယ်၊ ပိုက်ဆံနှစ်ရာလောက်ကို ကပ်စီးနည်းပြီး ကြည့်မနေတော့ဘူး၊ အဟား . . ."

"ဟေ့ကောင် . . ဘာစကားပြောတာလဲ၊ စောင်းပြောတာလားကွ၊ ဟေ . . ."

ဒေါသအိုးပေါက်ကွဲသွားသော အိုင်စတိုင်းဘော်ဒါကြီး၏ အသံကို ကြားလိုက်ရသည်။ မျက်ထောင့်ကြီးနီလာသော အဖိုးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သတ္တိက ရယ်ပြရင်း . . .

"မဟုတ်ပါဘူး အန်ကယ်ရာ၊ အိမ်မှာ စာဖတ်စရာလေးရှိလို့ အမြန်ပြန်တာပါ . . ဟဲ ဟဲ . . ."

အဖိုးကြီးတော့ သူပြောဖူးသောစကားနှင့်သူ ဆွေ့ဆွေ့ခုန် ကျန်ခဲ့လိမ့်မည်။ သူကတော့ ချွေးမစို၊ နေမထိုးပဲ ချောချောမောမော အိမ်ပြန်ရောက်သွားပါသည်။

အိမ်ရောက်ရောက်ချင်း မဝင်းမာကြီးပေးလိုက်သည့် ဖုန်း နံပါတ်ကို ရင်ခုန်ခြင်းများစွာဖြင့် နှိပ်ကာ . . .

"ဟလို . . ခတ္တာလား"

"မဟုတ်ဘူး . . မမ ဖုန်းလာနေတယ်"

ခတ္တာ၏ညီမဖြစ်မည်။ ခဏနေတော့မှ . . .

"ဟလို . . ဘယ်သူလဲ မသိဘူး"

ချစ်စရာအသံလေးကို ကြားရပါပြီ။ သတ္တိနှင့် ခတ္တာဆိုတော့ လည်း တိတိနှင့်တာတာပေါ့ဟု တွေးကာ . . .

"တိတိပါ၊ ခုပြောနေတာ တာတာလား"

"ဘာတွေပြောနေတာလဲ"

"တိတိပါ . . ကြားလား၊ တိတိမှတာတာ . . တိတိမှတာတာ ကြားလား . . ကြားလား"

ခတ္တာ ဒေါသထွက်လာဟန်တူသည်။ မာခေါက်ခေါက်အသံ နှင့် . . .

"ဒီမှာ ရှင်နှောင့်ယှက်နေတာလား"

"ဟာ . . မဟုတ်ပါဘူး၊ တိတိလေ တာတာရဲ့၊ မသိသေးဘူး လား၊ လန်ဒန်မှမြေပဲယို . . လန်ဒန်မှမြေပဲယို ကြားပြီလား၊ သိပြီလား အကြောင်းပြန်ပါ"

"ဖုန်းသရဲလား၊ အရူးလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ . . ခတ္တာကလည်း ကျွန်တော်သတ္တိပါ"

"သိသားပဲ၊ အရှူးလိုပဲ"

စိတ်ဆိုးသံမပါတော့ချေ။ သတ္တိပျော်သွား၏။

"ဟော . . တာတာသိသွားပြီ၊ တိတိကို တာတာသိသွားပြီ"

"သတ္တိ . . ရှင်အားအားယားယား နောက်နေရအောင် ကျွန်မ မအားဘူး"

"ဟုတ်ပါပြီ ခတ္တာရယ်၊ ကျွန်တော်ပြောစရာရှိလို့ပါ"

"ဘာကိစ္စလဲ"

"ဩော် . . ခုနက ခတ္တာက အရှူးလို့ပြောသွားမှ သတိရသွားတာ၊ ကျွန်တော် ရူးနေပြီဗျ၊ သိရဲ့လား"

"ဒါဆိုလည်း ရှာသာကြီးကို ဖုန်းဆက်လိုက်ပေါ့"

အသံက ချွဲအီအီလေးမို့ သတ္တိမနေနိုင်တော့ပါ။ ထို့ကြောင့်-

"ရှာသာကြီးကို လှမ်းမေးပြီးပြီ ခတ္တာရဲ့"

"အမြန်လာခဲ့တဲ့လား"

"မဟုတ်ဘူး၊ အဲဒီမှာ ရိုးရိုးအရူးပဲလက်ခံတာ၊ အချစ်ရူးကို လက်မခံဘူးတဲ့ ခတ္တာရယ်"

"ရအောင်ပြေကြည့်ပေါ့၊ လက်ခံမှာပါ"

"ဟုတ်လား . . ပြောကြည့်မယ်နော် . . နားထောင်ကြည့်၊ ကျွန်တော် ခတ္တာကိုချစ်တယ်၊ လက်ခံပါနော် ခတ္တာ"

"အောင်မာ . . အောင်မာ . . ရှင်လူလည်မကျနဲ့နော်၊ ဟွန်း"

"မလည်ပါဘူး၊ အနှုတ်အနှုတ်ချင်း မြှောက်ချင်တာပါဗျာ"

"ဘာပြောတယ်"

"ခတ္တာလည်း ချစ်သူမရှိသေးဘူးလေ၊ ကျွန်တော်လည်း ချစ်သူ မရှိဘူး၊ အဲဒါ အနှုတ်လက္ခဏာပဲပေါ့၊ ကျွန်တော်တို့ ပေါင်းလိုက်ရအောင်"

"ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ ခတ္တာရဲ့၊ အနှုတ်နဲ့ အနှုတ်နဲ့မြှောက်ရင် အပေါင်းပဲရတာလေ၊ ဒါမှမဟုတ်ရင်လည်း ရေလိုပဲ တစ်စက်နဲ့တစ်စက်ပေါင်းပြီး တစ်စက်ပဲဖြစ်ကြပါစို့ ခတ္တာရယ်နော်"

"အရှူး . . ."

ခတ္တာဖုန်းချသွား၏။ အရှူးလို့ပြောကတည်းက အခြေအနေက သိပ်မဆိုးနိုင်ပါ။ သတ္တိက ဖုန်းစကားပြောခွက်ကလေးကို ပျော်ပြီး နမ်းမိသည်။ နည်းနည်းနံသွား၏။ ရှိစေတော့။ ခတ္တာ၏ပါးပြင်လေးကတော့ မွှေးနေလိမ့်မည်။ လာမည်ကြာမည်ပေါ့နော်။

"ကိုကို . . သိနေတယ်နော်"

ရုတ်တရက် နန္ဒာအသံကြားလိုက်ရသည်။ ပြီတီတီလုပ်နေသည့် နန္ဒာ့ကိုကြည့်ကာ . . .

"နင်က ဘာသိတာလဲ"

"လာမပြောနဲ့ သိပြီးသား"

"ဩော် . . နင်လည်း မော်ဒန်ဂျာနယ်ဖတ်တာကိုး"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ခတ္တာကို ဖုန်းနှင့် ရည်းစားစကားပြောပြီးနောက်ပိုင်း သတ္တိတစ်ယောက် အပြင်မထွက်ဖြစ်ဘဲ အိမ်တွင်းပုန်းလုပ်နေမိသည်။ ကိုယ့်ရည်းစားစကားကိုယ် တာဝန်မယူချင်လို့၊ ယောက်ျားလေးပီပီ အရှက်အကြောက်ကြီးနေလို့ မဟုတ်။ တင်ပါးမှာ သွေးစုနာကြီးပေါက်နေခြင်းကြောင့် ဖြစ်သည်။ အနာကဖြင့် ဝင်းမှဲ့နေပြီ။ ထိုအနာကြီးကိုပင် သတ္တိတာ မမြဲသောခန္ဓာကိုယ်၏ ဖောက်ပြန်ခြင်းဟုပင် တရားသဘော နှလုံးသွင်းမိသေး၏။

ကိုယ့်အဖြစ်နှင့်ကိုယ် ဘယ်မှမထွက်ဖြစ်သောကြောင့်လားသိ။ ချိုထွန်းနှင့် မာန်ထက်သာက အိမ်အထိရောက်လာပြန်သည်။

"မင်းပျောက်နေလို့ အိမ်လိုက်လာတာကွ"

သတ္တိမမေးရဘဲ ချိုထွန်းက ဖြေ၏။ နှစ်ကောင်စလုံးကို မျက်လုံးပေါ် တင်ကြည့်ရင်း သတ္တိက . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . အပြင်ထွက်ဖို့မပြောနဲ့ အိမ်မှာတောင် ငါ့မှာ ဖွဖွလေး ထိုင်နေရတယ်"

"မင်းက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဖင်မှာ သွေးစုနာပေါက်နေလို့လေ၊ ဒီနေ့ မနက်ကမှ ပေါက်ထွက်သွားတာ"

"ဟုတ်လို့လား ငတိရာ"

မာန်ထက်သာအမေးက မယုံသလို။ ကိုယ့်ဖင်နှင့်ကိုယ် သွေးစုနာပေါက်တာကိုပဲ ညာနေရမည်လားဟု ခပ်ချဉ်ချဉ်တွေးလိုက်မိသည်။ ထို့ကြောင့် သူတို့ဖက်နောက်လှည့်ကာ ပုဆိုးလေးလှန်ပြရန် ပြင်လိုက်ပြီး . . .

"ဘာလဲ . . မင်းတို့က မယုံလို့လား၊ ဒီမှာကြည့်လေ"

"ဟာ . . တော်ပြီ . . တော်ပြီ၊ စကားအဖြစ်မေးတာပါ ငတိရာ"

"အေး . . ငါကလည်း ပုံနှင့်တကွ ရှင်းပြမလို့လေ"

"စလာပြန်ပြီ၊ မင်းကတော့လေ"

နှစ်ကောင်သား စိတ်မသက်မသာ ဖြစ်သွားပုံရ၏။ ခုမှ သတ္တိက ဆိုဖာဆက်တီပေါ်မှာ ရွရွလေးထိုင်လိုက်ရင်း . . .

"ဒီသွေးစုနာက နယ်နယ်ရရ မဟုတ်ဘူးကွ"

"လုပ်မနေနဲ့ ဟောကောင်၊ ဘယ်သွေးစုနာမှ ရွှေမထွက်ဘူး၊ ပြည်ပုတ်ပဲ ထွက်တာ . . ."

ချိုထွန်းက ရွဲ့ရွဲ့ဟန်ဖြင့် မျက်နှာကို မဲ့ရင်းပြောသည်။

သတ္တိက ဂရုမစိုက်ဘဲ . . .

"ဟုတ်ပါတယ်၊ ရိုးရိုးသွေးစုနာပါပဲ၊ ဒါပေမယ့် ငါ့သတ္တာကို ရည်းစားစကားပြောပြီးတဲ့နေ့မှာ စ,ပေါက်လာတာလေ၊ မှတ်မှတ်ရရပဲ ငါလည်း အချစ်နဲ့သွေးစုနာဆိုတာ တားလို့မရမှန်း သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ် .. အဟဲ၊ ဒါတင်မကသေးဘူး . . ."

"ပြောစမ်း ပေါက်ကရ . . ."

မာန်ထက်သာက စကားထောက်ပေး၍ သတ္တိက ရယ်ကျဲကျဲ လုပ်ကာ . . .

"ငါ့ဆီကို မနေ့က ရပ်ကွက်ထဲက ကောင်လေးတစ်ယောက် အကူအညီလာတောင်းတယ်ကွ"

"မင်းညီမကို ကြိုက်နေလို့လား"

"ဖွီ .. ဘယ်ကဟုတ်ရမှာလဲ၊ သူလိုက်နေတဲ့ ကောင်မလေး ကို ရည်းစားစာပေးမလို့ လာရေးခိုင်းတာ၊ သူလည်း ဝတ္ထုစာအုပ်တွေ ဖတ်ပြီး တတ်သလောက် ရေးချတ်ပေးပြီးပြီပေါ့ကွာ၊ အဲဒါကို ကောင် မလေးက ရိုးလွန်းလို့တဲ့၊ ငါ့ကို ထူးထူးခြားခြားလေး ရေးပေးပါဆိုပြီး အားကိုးတကြီးရောက်လာတာ"

"မင်းက ဆရာကြီးပေါ့ ဟုတ်လား၊ ဒါနဲ့ ဘာတွေရေးပေး လိုက်လဲ"

"ငါလည်း မနေ့တုန်းက စဉ်းစားတာပဲကွာ၊ ထူးခြားအောင် ဘယ်လိုရေးရမလဲပေါ့၊ အရေးထဲ ဖင်ကလည်း နာနေသေးတယ်"

စကားအဆုံးမှာ နှစ်ယောက်စလုံး စိတ်ဝင်စားလာပုံရသည်။ မအောင့်နိုင်သော ချိုထွန်းက . . .

"လုပ်စမ်းပါဦး၊ ထူးခြားအောင် ဘာတွေရေးပေးလိုက်လဲ၊ ငါ တို့လည်း လိုအပ်ရင် ရေးခိုင်းရတာပေါ့ကွာ"

"ဟုတ်တယ်ကွ .. ပြော . . ."

ဆရာကြီးစတိုင်လ်နှင့်ကြည့်ကာ သတ္တိက ဖင်လေးကို နေရာ ရွှေ့လိုက်ပြီးမှ . . .

"အင်း .. ဒီမနက်မှ ရေးပေးလိုက်ရတာကွ၊ ဟိုကောင်တော့ တော်တော်သဘောကျသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတွေ ရေးပေးလိုက်လို့လဲ"

"သွေးနဲ့လေ၊ စာတစ်စောင်လုံး ကောင်မလေးနာမည်ကို သွေးနဲ့ရေးပေးလိုက်တာ"

"ဟာ . . ."

တအံ့တသြ ရေရွတ်ကြရင်း နှစ်ကောင်သား သတ္တိကို ပြူးပြဲကြည့်ကြသည်။ ပြီးမှ . . .

"မင်း . . မင်းလက်ကို ဓါးနဲ့အနာခံလှီးပြီး ရေးပေးလိုက်တာလား"

"ဟာ . . အဲဒီလောက် လုပ်ပုံမလားကွ၊ ဒီမနက်မှ ငါ့သွေးစုနာကြီးက ပေါက်သွားတာလေ၊ ငါလည်း ပြည်စင်အောင် ညှစ်ရတာပေါ့၊ အဲဒီက ဆက်ထွက်လာတဲ့သွေးနဲ့ ရေးပေးလိုက်တာ"

"ဝေါ့ . . ."

"ဟာကွာ . . ငတိ၊ ရွံစရာကြီးကွာ . . ဖွီ . . ."

သတ္တိက တဟားဟား ထရယ်တော့၏။ အမှန်တော့ သူလည်း ဒီလောက်အထိ မရည်ရွယ်ခဲ့ပါ။ ဟို အကူအညီလာတောင်းသည့်ကောင်ကို ကြည့်မရ၍တစ်ကြောင်း။ သူ့အိမ်သို့လာစဉ် သူ့ညီမနန္ဒာကို အားမနာလျှာမကျိုး လိုက်ငမ်းနေသည်က တစ်ကြောင်းမို့ ကြံ့တုန်းလေး သွေးစုနာတစ်ခုကို အရင်းပြုပေးလိုက်ခြင်း ဖြစ်သည်။

ဘာတွေဖြစ်လာဦးမည် မသိ။ ဟိုကောင်ကတော့ လက်ညှိုးကို ပတ်တီးဖြင့် ဟန်ပြစီးကာ စာပေးရန် ယူသွားလေပြီ။ ဒါတင်မကသေးပါ။ သတ္တိထံတွင် ဝက်ခြံတစ်လုံးညှစ်ကာ ရည်းစားစာပေးနည်း၊ ဆံပင်ချည်များဖြင့် ရည်းစားစာပေးနည်း အစရှိသဖြင့် ရည်းစားစာပေးနည်း များစွာရှိသေးသည်။ (ထိုထူးခြားဆန်းကြယ် ရည်းစားစာပေးနည်းများကို အသေးစိတ်သလို၊ အသုံးပြုလိုပါက ကြယ်ပွင့်စာပေသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က မာန်ထက်သာနှင့် ချိုထွန်းကတော့ သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ကြည့်နေကြ၏။ ထိုသို့သော ရည်းစားစာမျိုး ရေးခိုင်းချင်နေပြီလား မသိချေ။ သို့သော်လည်း မဟုတ်ပါ။

"တော်ပါတော့ ငတိရာ၊ မင်းကိုတော့ လက်လန်လွန်းလို့၊ မင်းဆီတိုင်ပင်ရမယ့်ကိစ္စတောင် လန့်သွားပြီ"

"မလန့်ပါနဲ့ ချိုထွန်းရာ၊ သူငယ်ချင်းတွေပဲ ကူညီရမှာပေါ့၊ လာ . . လက်ဖက်ရည်ဆိုင် သွားရအောင်၊ အဲဒီမှာပြော . . ."

"ဟင် . . မင်းက အနာကြီးနဲ့ဆို ထိုင်လို့ရပ့်မလား"

"ရပါတယ်ကွာ၊ ဒီနေ့ပဲ ပေါက်သွားပြီလေ၊ မဟုတ်လဲ လိုက်ရမှာပဲ၊ တစ်အချက်က ငါအိမ်မှာပျင်းနေပြီ၊ နှစ်အချက်က မင်းတို့တိုင်ပင်မယ်ဆိုရင် ငါလက်ဖက်ရည်သောက်ရမယ်၊ သုံးအချက်ကတော့ ငါ့ညီမရှိနေတဲ့ ဒီအိမ်မှာ မင်းတို့ကို အကြာကြီးလက်မခံချင်ဘူး၊ လေးအချက်ကတော့ . . ."

စကားပင် မဆုံးလိုက်။ နှစ်ကောင်စလုံးက ဝမ်းခေါင်းသံကြီးနှင့် အားရပါးရပဲ . . .

"ငါတို့နှစ်ယောက်ကို မင်းညီမရွေးရခက်နေမှာစိုးလို့ မဟုတ်လား"

ပြောရင်း တဟားဟားရယ်ကာ အိမ်ပေါ်က ပြေးဆင်းသွားကြတော့သည်။ ဒီတစ်ခါတော့ ခံလိုက်ရ၏။ မမှားသော ရှေ့နေ၊ မသေသော အထူးကုပေါ့လေ။ နောက်ဖေးမှာ အဒေါ်နှင့်ထမင်းဝိုင်းချက်နေသည့် နန္ဒာမကြားရှိသာ တော်သေး၏။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ကိုချမ်းကြီးကို တွေ့လိုက်ရသည်။ ခံနဲ့မင်းထက်ကတော့ ခုနောက်ပိုင်း သိပ်မလာ။ သူ့ရည်းစားဇာခြည်နှင့်သာ သွားသွားစားနေတာက များ၏။

နေက အတော်မြင့်နေပြီမို့ လက်ဖက်ရည်ဆိုင်ထဲမှာ လူသူ



www.burmeseclassic.com

www.burmeseclassic.com



ကျဲပါးနေပြီ။ ဆိုင်ရှေ့သပြေပင်မှ ဖြတ်ဖောက်ကျလာသော အလင်းစက်များက စားပွဲဝိုင်းတချို့မှာ နေရာယူထားကြ၏။ ဆိုင်နာမည် 'သပြေရိပ်' ဆိုသည်နှင့်လိုက်အောင် အခင်းအကျင်း ပြန့်ပြူးသာယာပါသည်။ အစားအသောက်များ နည်းနည်းဈေးကြီးသည်ကလွဲလို့ပေါ့။

ကိုချမ်းကြီးထိုင်နေသောဝိုင်းမှာပဲ သုံးယောက်သား ဝင်ထိုင်လိုက်ကြပြီး ဘယ်သူမှ ဘာမှမပြောခင် သတ္တိက ခတ္တာကို ရည်းစားစကား ပြောဖြစ်သွားသည့်အကြောင်းကို လုံးစေ့ပတ်စေ့ ပြောပြလိုက်၏။ ချို့ထွန်းက မရှုစိမ့်ဟန်ဖြင့် . . .

"ဩော် . . မင်းအလှည့်ကျတော့ မင်းရေးတဲ့ရည်းစားစာမျိုး မပေးတော့ဘူးပေါ့၊ ဟုတ်လား"

"ဟဲ ဟဲ . . မလိုအပ်လို့ပေါ့ ချို့ထွန်းရာ၊ လိုအပ်ရင် မရိုးစာ၊ မသိုးစာတွေ ပေးရမှာပေါ့"

စကားအဆုံးမှာ ကိုချမ်းကြီးက သတိရဟန်ဖြင့် . . .

"ဟော့ကောင် . . ငတိ၊ မင်းရဲ့အိုင်စတိုင်းဘော်ဒါကြီးတောင် ခုနကမှ ပြန်သွားတာကွ"

"ဟာ . . ဟုတ်လား၊ ခုနောက်ပိုင်း ဒီလူကြီး ဒီဆိုင်ကို သိပ်လာမထိုင်ဘူးနော်၊ ဒါနဲ့ ပြောရဦးမယ်ဗျ"

ထိုသို့ အစချီကာ သူနှင့်ဆိုက္ကားဂိတ်မှာ ထပ်ဆုံကြောင်းနှင့် ရိုးရိုးနဲ့ရှယ်စီးကြကြောင်းကိုပါ ပြောပြဖြစ်သေး၏။

ကိုချမ်းကြီးက ပြုံးတုံ့တုံ့လုပ်ရင်း . . .

"သိပ်လည်း အားရမနေနဲ့ ငတိ၊ တော်ကြာ အဖိုးကြီး မင်းကို ချောင်းရိုက်နေဦးမယ်"

"တင်းတော့ တင်းနေမှာပဲနော်၊ ကျွန်တော်လည်း တမင်နောက်နေတာ မဟုတ်ပါဘူး၊ ကြုံသွားလို့ပါ၊ ဂါရဝတရားတော့ သိပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီကွာ"

"ကဲ . . မင်းကိစ္စတွေပြောပြီးရင် ငါတို့အကြောင်းလည်း ပြောရဦးမယ်ကွ"

မာန်ထက်သာက အူကြောင်ကြောင် စကားဆိုလာသည်။ သူနှင့် ချို့ထွန်းအကြောင်းကို အူမချေးခါးသိသော သတ္တိက . . .

"မင်းတို့အကြောင်းများကွာ . . ဘာစိတ်ဝင်စားစရာရှိလို့လဲ၊ ချို့ထွန်းက ဂျာနယ်လစ်အလုပ်ကို ဦးဆွေးဆံမြည့်တဲ့အထိ လုပ်မယ်၊ မင်းက ခု စာအုပ်ထုတ်ဝေရေးလုပ်မယ်၊ အဲ မင်းဟန်းဖုန်းလေးတော့ ရောင်းလိုက်ရမှာ မြင်ယောင်သေးတယ်"

နောက်သလို ပြောလိုက်သော်လည်း မာန်ထက်သာ၏ မျက်နှာကြီးက အီးမှုန်သွားကာ . . .

"မဦးမချွတ်ကွာ၊ အလုပ်ကိစ္စတွေကို ပြောတာမဟုတ်ဘူးကွ၊ မင်းကို အိမ်မှာကတည်းက တိုင်ပင်စရာရှိတယ်လို့ ပြောထားတယ်လေ၊ ခုလည်း မင်း နင်းကန်မျိုဆို့ပြီးပြီ၊ ပြောတာ နားထောင်ဦး"

"ဟုတ်ပါပြီကွာ၊ ပြောပါ . . . ပြောပါ"

မာန်ထက်သာ၏မျက်နှာက ရုတ်ချည်းလေးနက်သွားကာ ချို့ထွန်းကို တစ်ချက်လှမ်းကြည့်ပြီး . . .

"ခုဖြစ်နေတာက ငါနဲ့ချို့ထွန်းနဲ့ ကောင်မလေးတစ်ယောက်ကို နှစ်ယောက်စလုံး ကြိုက်မိသွားတဲ့ကိစ္စပဲ"

"ဟုတ်တယ် ကိုချမ်းကြီးရ၊ ဒါပေမယ့် ဒီကောင်နဲ့ ကျွန်တော် တာ ဘာရှေ့ခ်မှ မရှိပါဘူး၊ ခက်နေတာက . . ."

စကားမဆုံးခင်မှာပဲ သတ္တိကဖြတ်၍ . . .

"ဘယ်သူလဲကွ၊ မင်းတို့ ဒီယောက်ဖြစ်နေရအောင် ဘယ်က ကောင်မလေးလဲ"

"နာမည်က နန္ဒာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ဘာ . . ဟော့ကောင်"

သတ္တိအသံက အနည်းငယ် ကျယ်သွားသောကြောင့် ချိုထွန်းက ကပျာကယာပဲ . . .

"ဟာ . . မင်းညီမနန္ဒာ မဟုတ်ပါဘူး၊ မင်းညီမကို လုပ်ပါ့မလားကွ၊ ခုနန္ဒာက ဟိုတယ်တစ်ခုမှာ အလုပ်လုပ်တဲ့ ကောင်မလေးပါ၊ မာန်ထက်သာက ငါနဲ့စာအုပ်မိတ်ဆက်ပွဲတစ်ခုကို လိုက်ရင်းတွေ့တာကွ"

ခုမှ သတ္တိမှာ သက်ပြင်းကျရသည်။ ဒီကောင်တွေနှင့် သူ့ညီမကို ခါးခါးသီးသီး သဘောမတူ၍ မဟုတ်ပါ။ ခုပဲ ဖင်နာတာက မပျောက်သေး။ တသက်လုံး ဖင်ကျိန်းနေရမှာစိုး၍ ဖြစ်သည်။ ခုတော့ သူ့ဖင်ကလေး သက်သာသွားရ၏။

"ကဲ . . မင်းတို့ကိစ္စကို ဆက်ပြောပါဦး၊ ဘာခက်နေတာလဲ"

ပြတ်သွားသည့် စကားကို ကိုချမ်းကြီးက ဆက်ပေးသည်။ ချိုထွန်းကပဲ . . .

"အဲ . . နန္ဒာကဗျာ၊ မင်းညီမမဟုတ်တဲ့ နန္ဒာကကွာ၊ ငါတို့နှစ်ယောက်လုံး ကြိုက်နေတာလည်း သိတယ်ကွ၊ ငါတို့လည်း ဘယ်သူရရဆိုပြီး နှစ်ယောက်သဘောတူ သွားဖန်တာပဲ၊ တစ်ယောက်တစ်လှည့်စီပေါ့ ကိုချမ်းကြီးရာ၊ ခက်နေတာက နန္ဒာက ကျွန်တော်တို့ နှစ်ယောက်စလုံး . . ၊ ဒါလည်း မာန်ထက်သာဖောတာလား မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်ဘက်ကို ကြွေနေပြီလို့ ယူဆတာပဲ"

"အောင်မာ . . ငါဘာမှမဖောဘူး ဟော့ကောင်၊ ငါနဲ့တွေ့ရင် ငါ့ဘက်ကိုလည်း ယိုင်တာပဲလေ"

ချက်ချင်းပင် မာန်ထက်သာက ဝင်ပြော၏။ ချိုထွန်းကလည်း မခံပါ။ သူ့အကျီအိပ်ကပ်ထဲမှ ဂတ်(စ်)မီးခြစ်အနီလေးတစ်လုံးကို ထုတ်ပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မာန်ထက်သာ . . ဒီမှာတွေ့လား၊ ကော်ဖီသွားသောက်တုန်းက နန္ဒာပေးထားတာကွ၊ ဝန်ထမ်းအချင်းချင်း မီးခြစ်မမှားအောင် သူ့နာမည်လေးတောင် ရေးထားသေးတယ်"

ဟုတ်ပါသည်။ ဆတ်ခနဲ သတ္တိယူကြည့်လိုက်တော့ သူ့ညီမ မဟုတ်သည့် နန္ဒာဟု လက်ရေးနှင့် နာမည်လေးရေးကာ တိတ်နှင့်ကပ်ထား၏။

မာန်ထက်သာက ထိုမီးခြစ်ကလေးကိုကြည့်ကာ မျက်နှာပျက်သွားသော်လည်း မထိတရီဟန်နှင့်ပင် မီးခြစ်အဝါလေးတစ်လုံးကို ထုတ်ပြပြန်ရင်း . . .

"ဒီမှာလည်း မင်းကြည့်လို့ရတယ် ဟော့ကောင်၊ ငါ့ကို လိုအပ်တဲ့အချိန်ခြစ်လို့ရအောင် နန္ဒာပေးထားတာ"

ထပ်ဟုတ်ပြန်သည်။ ကြည့်လိုက်တော့ မီးခြစ်မှာရေးထားသည့် လက်ရေးက အတူတူ။ သူ့ညီမ,မဟုတ်သည့် နန္ဒာကတော့ သိပ်မလွယ်ဘူးဟု သတ္တိတွေးမိသည်။ ခုလည်း နှစ်ကောင်စလုံးကို ညာတုတုလုပ်နေပြီလား မသိ။ ဒီမှာလည်း အချင်းချင်းမျက်နှာပျက်ရတော့မည်။

"ဒါဆို မင်းတို့နှစ်ယောက်စလုံးက သေချာနေကြပြီပေါ့၊ အဲဒီလိုလား"

ကိုချမ်းကြီးစကားအဆုံးမှာ မာန်ထက်သာက . . .

"ကျွန်တော့်ကိုပါဗျာ၊ သေချာပါတယ်"

"ငါ့ကိုကွ၊ ငါလည်း သေချာတာပဲ"

နှစ်ကောင်သား ထငြင်းကြပြန်၏။ မတင်းမာသေးသော်လည်း မပျော့ပျောင်းတော့ဟု ဆိုရမည်။ ကိုယ့်အထင်နှင့်ကိုယ်ထင်လျှင် ကုတင်ရွှေနန်း ဖြစ်နေကြပြီ။

ကိုချမ်းကြီးက ဆေးလိပ်ဖွာကာ ခဏမျှစဉ်းစားနေပြီး စကားဆို၏။ (မိန်းကလေးတွေအပေါ် ကိုချမ်းကြီးသဘောထားကို ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုခဲ့ပြီးပြီ။) ခုလည်း ထုံးစံအတိုင်း . . .

"မိန်းမတစ်ယောက်အတွက်များကွာ၊ ရှူးမနေကြနဲ့၊ ဒီလိုပဲ ကောင်းတာတွေ မဟုတ်ဘူး၊ မကောင်းတာမှ စာမျက်နှာဆယ်ရွက်လောက် ပိုမကောင်းတာ"

"ဗျာ . . ဘယ်လို . . ဘယ်လို"

မာန်ထက်သာက နားမလည်နိုင်သောဟန်ဖြင့် အရင်မေးလေသည်။

ကိုချမ်းကြီးက သက်မကိုချရင်း . . .

"ဒီလိုကွ . . မန်လည်ဆရာတော်ဘုရားကြီးရေးတဲ့ မာဃဒေဝ လင်္ကာသစ်ကို မင်းတို့လည်း ကြားဖူးမှာပေါ့၊ အဲဒီ လင်္ကာသစ်က စာမျက်နှာလေးရာရှစ်ဆယ့်လေးမျက်နှာပါတယ်၊ အေး . . အဲဒီထဲမှာ ယောကျာ်းမကောင်းကြောင်း ခြောက်မျက်နှာကျော်ကျော်လေးပဲ ပါတယ်ကွ၊ မိန်းမ,မကောင်းကြောင်းက ဆယ့်ခြောက်မျက်နှာကျော်တယ်၊ သဘောပေါက်ပြီလား"

ချိုထွန်းနှင့် မာန်ထက်သာတို့ ပါးစပ်အဟောင်းသားလေး ဖြစ်သွားကြသည်။ ကိုချမ်းကြီးကို ငူငူကြီးကြည့်နေကြ၏။ မိန်းမတွေအကြောင်း ဆိုလျှင် ပျစ်နှစ်တိကျလွန်းသည့် ကိုချမ်းကြီးကို သတ္တိပင် လေးစားသွားရ၏။ အင်း . . အနုပညာသမားဆိုတော့လည်း . . . "

ထို့ကြောင့် တတ်သည့်ပညာမနေသာဆိုသလို ဝင်ရောက်ဆုံးမမှ တော်မည်ဟုတွေးမိကာ . . .

"ဟုတ်တယ်ကွ၊ မင်းတို့ ရှူးမနေကြနဲ့၊ ဟိုကလည်း နှစ်ယောက်စလုံးကို ဘယ်လိုကြိုက်မှာလဲ၊ မင်းတို့ကိုယ့်ဟာကိုယ် ထင်နေတာဖြစ်မှာပါ"

"မဟုတ်သေးပါဘူး ငတိရာ၊ ငါပြောတာက . . ."

ဖြတ်ပြောလာသော ချိုထွန်းကို လှမ်းကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘယ်သူမှမပြောနဲ့ကွာ၊ ငါပြောပြမယ်၊ ရာဇဝင်ထဲမှာတောင် ကျန်စစ်သားက တစ်ယောက်ပဲရှိတယ်၊ နှစ်ယောက်ဖြစ်ချင်လို့မရဘူး၊ စကားစပ်လို့ ဟိုတလောက အရှူးဟာသတစ်ခု ဖတ်လိုက်ရသေးတယ်၊ မင်းတို့လိုပဲ ကိုယ့်အထင်နဲ့ကိုယ် နှစ်ယောက်စလုံး ကျန်စစ်သားဆိုပြီး ထင်နေကြတာ၊ စိတ်ကျန်းမာရေးဆေးရုံမှာပေါ့"

နှစ်ကောင်စလုံး အရှူးနှင့်အနိုင်းခံ၍ အောင့်သက်သက်ဖြစ်သွားကြ၏။ သတ္တိက မညှာမတာဆက်ပြောသည်။

"အဲဒါနဲ့ကွာ၊ သူ ကျန်စစ်သား၊ ငါ ကျန်စစ်သားဆိုပြီး ရန်ခဏ၊ ခဏဖြစ်နေကြလို့ ဆေးရုံအုပ်ကြီးက ဒီနှစ်ကောင်ကို အခန်းထဲ သုံးရက်လောက် ထည့်ပိတ်ခိုင်းလိုက်တာကွ"

"အဲဒီတော့ တစ်ယောက်သေသွားရောလား"

ကိုချမ်းကြီးအမေးကို သတ္တိက ရယ်ဟဟမျက်နှာပေးဖြင့် . .

"သေတော့ မသေပါဘူးဗျာ၊ သုံးရက်ပြည့်လို့ ထွက်လာကြတော့ မေးကြည့်တာပေါ့၊ မင်းက ဘယ်သူလဲဆိုတော့ တစ်ယောက်က ရင်ကော့ပြီး အရင်အတိုင်းပဲ သူဟာကျန်စစ်သားပဲတဲ့လေ"

"နောက်တစ်ယောက်ကကော . . . "

"အင်း . . သူကတော့ မျက်လုံးလေး ကလယ်၊ ကလယ်နဲ့ ထွက်လာတာ၊ အဲဒါနဲ့ မင်းရော ဘယ်သူလဲလို့ မေးကြည့်တော့ . . ဘာဖြေတယ်မှတ်လဲ"

"မသိဘူးလေ၊ ကျန်စစ်သားပဲလား"

"ဘယ်က ဟုတ်ရမှာလဲ၊ ရှက်သလို ရွံ့သလိုဟန်လေးနဲ့ . . သမီးက သမ္ဘူလပါတဲ့"

ရယ်ကြရတော့သည်။ အားရအောင်ရယ်ပြီးမှ သတိဝင်လာသည့် ချိုထွန်းက ရှုတင်းတင်းကြည့်ကာ . . .

"ဟာ . . ဟေ့ကောင် ငတိ၊ ငါတို့က အဲဒီလို လုပ်ရမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကွာ . . ပြောစရာပုံပြင်ရှားလို့”

“ဟဲ ဟဲ . . မလုပ်ပါဘူးကွာ၊ ဒါက ဟာသပုံပြင်ပဲ၊ မင်းတို့ကို ရူးမနေကြနဲ့လို့ပြောတာ၊ နန္ဒာနဲ့ သုံးယောက်ဆုံလိုက်ကြပေါ့၊ ပြေလည်သွားမှာပေါ့ကွာ၊ ငါပြန်တော့မယ်”

“ဟင် . . မင်းက ချက်ချင်းကြီး . . .”

“အေးကွ၊ မင်းတို့ နန္ဒာမဟုတ်တဲ့ ငါ့ညီမနန္ဒာကို သင်တန်းလိုက်ပို့ရဦးမယ်”

“ဘာလဲ . . မင်းညီမ ရည်းစားရသွားမှာစိုးလို့လား”

“မဟုတ်ပါဘူး၊ ငါရည်းစားရချင်လို့၊ ငါ့ရဲ့ သမ္ဗျူလလေး ခတ္တာက အဲဒီသင်တန်းမှာပဲ တက်တယ်လေကွာ၊ မြို့ဘက်မရှိ သွားပြီးအဖြေတောင်းရဦးမယ်၊ ဟဲ ဟဲ . . သွားပြီကွ”

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

မပြောမပြီး၊ မတီးမမြည်ဟု ပြောရတော့မည်လား။ အမှန်တော့ ထိုစကားပုံကိုလည်း သိပ်စိတ်အဆာမပြေလှ။ အပျင်းကြီးသည်ဟု ထင်သည်။ ပြောလျှင်ပြီးရမည်။ တီးလျှင်မြည်ရမည်ပေါ့။ ထားလိုက်ပါ။ ခုတော့ သတ္တိက ပြောရတော့မည်။ ခတ္တာကို ရည်းစားစကား တရားဝင်ပြောထားမိပြီကိုး။ တရားဝင်ဆို၍ စာချုပ်စာတမ်းနဲ့လားဟု မမေးကြပါနှင့်။ ကိုယ့်စကားကိုယ် တာဝန်ယူရဲလျှင် တရားဝင်ပါသည်ဟု ဖြေပါမည်။

ထို့ကြောင့် ခတ္တာကို ပြောရတော့မည်။ အဖြေတောင်းရတော့မည်။ စကားပုံထဲကအတိုင်း ပြောမှပြီးသွားမည်လေ။ တီးလို့တော့မရ။ ခတ္တာသည် အိုးမဟုတ်၊ သံစုံတီးဝိုင်းမဟုတ်။ လက်ဖြင့်တီး၍မရသော ခတ္တာအား ပါးစပ်ဖြင့် တီးရပေမည်။

ထိုသို့သော အတွေးများဖြင့် ဘယ်သူမှမခိုင်းဘဲ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှောင့်ယှက်သူမရှိသော သူညီမနန္ဒာကို တရုတ်စကားပြောသင်တန်းမှာ သွားကြိုသလိုနှင့် သတ္တိတစ်ယောက်စောင့်နေမိသည်။

ခတ္တာတက်နေသည့် သင်တန်းအောက်က ကင်တင်းလေးထဲမှာ ဖြစ်၏။ နေ့လည်ဦးမို့ အပူချိန်အနည်းငယ် မြင့်တက်လာသည်မှလွဲ၍ ရာသီဥတုက သာယာလင်းပပါသည်။ ဆိုင်ရှေ့က ဗာဒံပင်တွေကို ပွတ်သပ်ပြီး တစ်ချက်၊ တစ်ချက် ဆိုင်ထဲလှည့်ဝင်လာတတ်သည့် လေပြေက အေးမြနေသေး၏။

သတ္တိရင်ထဲမှာတော့ မအေးမြနိုင်သေး။ ခတ္တာနှင့် မတွေ့ရသေးသောကြောင့်လည်း ဖြစ်သည်။ သူစောင့်နေသည့် ခတ္တာက သင်တန်းချိန်မပြီးသေးပါ။ ကင်တင်းလေးထဲမှာတော့ လာကြိုသူများဖြင့် စားပွဲတိုင်း လူတွေပြည့်နေကြပြီ။ အများစုက လူငယ်များဖြစ်၍ သူ့လိုပင် ချစ်သူကို လာစောင့်ကြိုနေတာဟု သတ္တိက ပြီးစလွယ်တွေးမိသေး၏။

တော်ဖီမစ် ပလိန်းတစ်ခွက်ဖြင့် အစိမ်းသက်သက်စောင့်နေစဉ်မှာပဲ . . .

"အကို . . ဒီခုံမှာ လူရှိလားမသိဘူး"

အဝတ်အစားရှိုးအပြည့်နှင့် လူငယ်တစ်ယောက်က တစ်ယောက်တည်းထိုင်နေသည့် သူ့ကိုလာမေးခြင်းဖြစ်သည်။ ရန်ကုန်က ဆိုင်တွေမှာက ဒီလိုပါပဲ။ သတ္တိက ခေါင်းအသာခါပြလိုက်၏။

ထိုလူငယ်က သူ့ရှေ့က လွတ်နေသည့်ခုံမှာ ဝင်ထိုင်ပြီး . . .

"စတားကိုလာတစ်လုံးပေး . . ."

သတ္တိကိုပြောခြင်း မဟုတ်ပါ။ လာရပ်သည့် စားပွဲထိုးလေးကို မှာနေခြင်းဖြစ်သည်။ အအေးပုလင်းရောက်လာတော့မှ တစ်ငုံသောက်လိုက်ရင်း . . .

"ဟူး . . ခုမှပဲ အမောပြေသွားတော့တယ်၊ မိမှာစိုးလို့ အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာရတာ . . .”

အအေးပုလင်းခုံပေါ်ပြန်ချကာ သူ့ကိုယ်သူတစ်ယောက်တည်း ရေရွတ်နေပြီးမှ . . .

“အကိုလည်း လာစောင့်တာပဲလား၊ ကျွန်တော့်လိုပေါ့”

“ဗျာ . . .”

“ဩော် . . ကျွန်တော့်လို ကောင်မလေးလာစောင့်တာပဲလား လို့ မေးတာပါ”

“အင်း . . ဆိုပါတော့”

သတ္တိက ခင်မင့်လွယ်တတ်သူမို့ အလိုက်သင့်ဖြေလိုက်သည်။ သတ္တိ၏ အပြုံးပါးပါးမျက်နှာကြောင့် ထိုလူငယ်က ရင်းနှီးသောပုံစံဖြင့်-

“ပြောသာပြောရတယ်ဗျာ၊ ကျွန်တော်က သူ့အချစ်ကို မရ သေးပါဘူး၊ လိုက်နေဆဲပါ”

ဘဝတူတွေပဲဟု တွေးလိုက်မိ၏။ သူ့လိုတော့ ကိုယ်က မပြော ပြချင်ပါ။ သို့သော်လည်း လူငယ်ချင်းအားပေးလိုက်ပါသည်။

“အဆင်ပြေသွားမှာပေါ့ဗျာ၊ သူတို့မှာက ကျွန်တော်တို့လို ရွေးချယ်ပြီးချစ်သူထားဖို့ အခွင့်အရေးမှ မရှိတာလို့ပဲ ဖြေတွေးလိုက် ပေါ့”

“ဟာ . . ဟုတ်တယ်ဗျ၊ အကိုပြောတာမှန်တယ်၊ မမကို ကျွန် တော်ရွေးချယ်ရင်ခုန်ခဲ့တာပါ၊ သူ့ဘက်ကလည်း ရင်ခုန်လာပါစေလို့ပဲ ဆုတောင်းနေရတယ်”

“ဆုပဲတောင်းမနေနဲ့ဦး၊ မြဲနေတာတွေကို ပွင့်လင်းသွားအောင် လုပ်ရမယ်လေ၊ အချစ်ဆိုတာ သော့ခလောက်လုပ်တဲ့သူတွေကို ရယ် တယ်ဆိုတဲ့ စကားတောင်ရှိသေးတာပဲ”

သတ္တိက ပွင့်ပွင့်လင်းလင်းပဲ မြှောက်ထိုးပင့်ကော်လုပ်လိုက် သည်။ ထိုစကားကိုပင် ရှေ့ကလူငယ်က သဘောအကျကြီးကျကာ-



www.burmeseclassic.com

www.burmeseclassic.com



"လန်းလိုက်တဲ့စကားဗျာ၊ အကိုနဲ့ စကားပြောရတာ အကျိုးရှိသွားပြီ။ အကို့ကို ကျွန်တော်လက်ဖက်ရည်တိုက်ပါရစေ၊ ပြီးရင်တော့ မမရင်ထဲက မြုံနေတာကို တူးဖော်ရတော့မယ်၊ ကျေးဇူးပဲ အကိုရာ"

သူကပင် ကိုယ့်ကိုလက်ဖက်ရည်တိုက်ပြီး ကျေးဇူးတင်နေသေး၏။ သတ္တိလည်း ကိုယ့်စကားနှင့်ကိုယ် ဘဝင်မြင့်ချင်သွားသည်။ ကိုယ့်အဖြစ်ကိုယ်မေ့ပြီး ဒီထက်ရင်ဖွင့်လာပါက မိန်းမပိုးနည်းတချို့ကိုပါ ပြောပြချင်စိတ်ပေါက်သွား၏။

သို့သော်လည်း အခြေအနေက သူ့ကိုလည်း ရင်ဖွင့်ခွင့်မပေး၊ ကိုယ့်ကိုလည်း ပို့ချခွင့်မပေးပါ။ အပေါ်ထပ်မှသင်တန်းက ဆင်းလာကြပြီ။ လှေကားမှဆင်းလာသည့် လူကချို့ကိုကြည့်ရင်း နှစ်ယောက်သား လှုပ်လှုပ်ရွရွဖြစ်သွား၏။

ခုမှပဲ ခတ္တာဆိုသည့် အသိလေးက ပြန်ကပ်လာ၏။ စံပယ်တစ်ဖူးလို ယိမ်းဆူနေအောင်လှသည့် ခတ္တာကိုမျှော်ရင်း ရင်တွေပင်ခုန်လာပါသည်။

သူ့ရှေ့က လူငယ်ကလည်း အသင့်အနေအထားဖြစ်အောင် စားပွဲထိုးအား ပိုက်ဆံပင် ခေါ်ရှင်းထားလိုက်သေးသည်။ သူ့ကောင်မလေးလာလျှင် ချက်ချင်းထလိုက်သွားလို့ရအောင် ဖြစ်မည်။

ကိုယ့်ရဲ့ခတ္တာကလည်း ရှပ်ပြာပြာနှင့်မဟုတ်ဘဲ လာပါပြီ။ ဘေးကတွဲလာသော မဝင်းမာကြီးကြောင့် ရွှံ့နွံထဲက ကြာဖြူပွင့်လေးလို ပိုပြီးလှပကြည်စင်နေ၏။

သူ့ရှေ့က လူငယ်ကလည်း သူ့လိုပင် မျက်လုံးများအရောင်လက်ပြီး . . .

"ဟာ . . မမတော့လာပြီ အကိုရေ၊ ဟိုရှေ့က အဖြူရောင်ဝမ်းဆက်ကလေးက ကျွန်တော့်မမလေ၊ ဘယ်လိုလဲ၊ ကျွန်တော်ရွေးထားတာ လန်းတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှ လှမ်းပြသည်ကိုကြည့်ရင်း သတ္တိစိုးရှုံပြာဝေသွား၏။ ရှေ့က သတ္တဝါရည်ညွှန်းနေသူက ခတ္တာ။ မိမိ၏ ချစ်သူလေး။ စိတ်ထဲက အလန့်တကြားနှင့် . . .

"ဘယ် . . ဘယ်ဟာလဲ၊ ဟို ခပ်ဝဝတစ်ယောက်နဲ့တွဲလာတဲ့ အဖြူလေးလား၊ လက်ထဲက ဖိုင်အနီလေးကိုင်ထားတာလေ"

"ဟုတ်တယ် . . ဟုတ်တယ်၊ အဲဒါ ကျွန်တော့်မမပဲ၊ သွားတော့မယ် အကိုရာ၊ ကျွန်တော့်သော့ခလောက်သီးလေးကို ရအောင်သွားဖွင့်တော့မယ်"

သေချာသွားပါပြီ။ ဆိုင်ရှေ့ကဖြတ်သွားသည့် ခတ္တာကိုကြည့်တာ အားရပါးရပင် ပြောနေသေးသည်။ သူ့အားရသလောက် ကိုယ့်မှာတော့ သူ့ခိုးကို ခါးရိုးကမ်းမိနေပြီ။ လူးလူးဆတ်ဆတ် ငုတွေးနေမိစဉ်မှာပဲ . . .

"ကဲ . . သွားပြီဗျာ၊ နောက်နေ့မှတွေ့မယ်၊ ကျွန်တော့်နာမည် ဥက္ကာပါအကို၊ ဆီးယူ . . ဆီးယူ . . ."

. ပြောရင်း ဥက္ကာဆိုသည့် လဒက ဆိုင်ထဲမှ ပြေးထွက်သွားလေ၏။ ကိုယ့်ကိုပင် ဘိုလိုမှုတ်သွားသေးသည်။ ဒီကောင်ဆိုလို့ကတော့ နောက်တစ်ခါ ဆီးယူမလုပ်ချင်ပါ။ ဒါတောင်မှ ဆီးယူချင်သေးလျှင် နှုံပါအဆစ်ထုတ်ပေးလိုက်ချင်စိတ်ပေါက်သွားသည်။

သတ္တိငူငူငေါင်ငေါင် ဖြစ်နေစဉ်မှာပဲ ဥက္ကာကတော့ ခတ္တာအား နည်းမျိုးစုံသုံးကာ ဖြားယောင်နေသည်ကို လှမ်းတွေ့နေရ၏။ သူတို့နောက်ကလည်း ကမူးရှူးထိုး လိုက်မသွားချင်တော့။ ဥက္ကာဆိုလျှင် ခတ္တာလည်း ကြိုက်မည်မဟုတ်ဟု သိထားသောကြောင့် ဖြစ်သည်။ ကိုယ့်ညီမကိုယ်ကြိုပြီး အိမ်ပဲပြန်ခဲ့လိုက်၏။ မပြော၍ မပြီးခဲ့ရသော နေ့တစ်နေ့လည်း ဖြစ်သည်။

ကိစ္စက ထိုမျှနှင့် မပြီးပြတ်သေးပါ။ နောက်နေ့ထပ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဥက္ကာဆိုသည့် လဒက အခန့်သား။ သတ္တိစိတ်လေသွားပါသည်။ သူ့ကိုတွေ့တော့ ပျုံပျုံငှာငှာနှင့်လှမ်းခေါ်ပြီး ကော်ဖီမစ်ပင် လှမ်းမှာပေးနေသေး၏။ သတ္တိလည်း ဘယ်လိုပြောပြရမည်ကို မသိတော့။ ပြောရအောင် ခတ္တာနှင့် သူကလည်း ချစ်သူတွေမဟုတ်သေး။ အားနာနာနှင့် ဝင်ထိုင်ရသော်လည်း ဥက္ကာနှင့်တွေ့ရသည်မှာ နေလိုမီးလိုပူလောင်လှသည်။

ဥက္ကာကတော့ ရေလိုအေးပြီး ပန်းလိုမွှေးသည် ထင်နေလားမသိ။ ခတ္တာကို ဘယ်လောက်ချစ်ကြောင်း အားမနာလျှာမကျိုး ပြောပြနေသေး၏။

"တဖြေးဖြေးနဲ့တော့ အဆင်ပြေသွားမယ်ထင်တာပဲ အကိုရာ၊ ခုထိတော့ မမက ပညာသားပါပါနဲ့ ငြင်းနေတုန်းပဲ၊ ကျွန်တော်ကတော့ လုံးဝနောက်မဆုတ်နိုင်ဘူးဗျာ၊ နောက်ဆုံး ဗွဲဆုလေးတော့ ရမယ်ထင်တာပဲ၊ မဟုတ်ဘူးလား"

"အင်း . . အင်းပေါ့"

အရေးထဲ စိတ်မသက်သာသည့်ကြားက ဒင်းကို ထောက်ခံနေရသေးသည်။ ဗွဲဆုဟုဆိုလိုက်သေး၏။ ဒါက သူ့အထင်ဖြစ်သည်။ ခတ္တာအမြင်မှာတော့ ခဲနှင့်ထုချင်စိတ်ပေါက်လာပါစေဟု ဆုတောင်းလိုက်၏။ ဤမှန်သော သစ္စာစကားကြောင့် ကိုယ်နဲ့ခတ္တာ အကြောင်းမဖက်ဘဲ ပေါင်းဖက်နိုင်ပါစေပေါ့။

"တစ်ခုတော့ရှိတယ် အကိုရ၊ မမက ချစ်သူမရှိဘူးဆိုပေမယ့် သူ့အိမ်က သဘောတူထားတဲ့ လူတစ်ယောက်ရှိတယ်လို့ ကြားတာပဲ၊ ဒါကလည်း သိပ်အကြောင်းတော့ မဟုတ်ပါဘူး၊ ကျွန်တော်သိသလောက် မမကလည်း ဒီကိစ္စကို စိတ်မပါဘူးနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် လက်မထပ်ရသေးရင် ကျွန်တော်ဘက်က ကြိုးစားခွင့်ရှိသေးတာပဲ၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

ခေါင်းကို လေးလေးပင်ပင်ညိတ်ပြရင်း ဒါဇာခြည်ပြောတဲ့ သစ္စာဆိုတဲ့လူပဲဖြစ်မည်ဟု တဆက်တည်း တွေးမိလိုက်သည်။ ထိုသို့ ဥက္ကာက ခတ္တာ့ကို ဘယ်လောက်ချစ်ကြောင်း ပိုက်ဆံမပေးရတိုင်းပြော နေစဉ် . . .

"ညီလေးတို့ ကိုယ်ခဏထိုင်မယ်နော်"

ပြောသံကြားသဖြင့် သူနှင့်ဥက္ကာတို့နှစ်ယောက်သား မော့ ကြည့်မိသည်။ အသားမဲမဲ၊ ဗိုက်ရွှဲရွှဲ၊ နဖူးပြောင်ပြောင်နှင့် ရေပေါ်ဆီ အပြုံးကို မျက်မှန်နှင့်ရောတပ်ထားသော လူတစ်ယောက်။ သူ့ထက် တော့ အသက်ကြီးမည်ဟု သတ္တိခန့်မှန်းမိ၏။

သူတို့ ဘာမှမပြောရသေးခင်မှာဘဲ ဟာဝေယံရှပ် ရွှေရောင် တောက်တောက်ကို ဝတ်ဆင်ထားသည့် ထို မဲ၊ ရွှဲ၊ ပြောင်ကြီးက ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဒီက ညီလေးနဲ့ ကိုယ်စကားနည်းနည်းပြောချင်လို့ပါ"

ဥက္ကာက သူ့ကိုရည်ညွှန်းပြောလာသောကြောင့် . . .

"ဟို . . ဘာကိစ္စများလည်း မသိဘူး"

မဲ၊ ရွှဲ၊ ပြောင်ကြီးက အပြုံးအိုင့်အိုင့်ဖြင့် ပြုံးသည်။

"ဘာကိစ္စလည်းဆိုတော့ ကိုယ့်နာမည်က သစ္စာနှောင်မိုးပါ"

ကျွိုင်တော့တက်ပြီဟု သိလိုက်၏။ ပြဿနာက ဟာဝေယံရှပ် ကြီးဝတ်ကာ ရောက်လာချေပြီ။ ဒီ သစ္စာဆိုတဲ့လူကို ဥက္ကာကလည်း နာမည်ကြားရုံနှင့် ချက်ဆိုနားခွက်က မီးတောက်သွားသည်။ မျက်စိ ပျက်၊ မျက်နှာပျက်နှင့် . . .

"ဒါနဲ့ ကိုသစ္စာကို ဘာကူညီရမလဲ မသိဘူး"

သစ္စာက ဥက္ကာကို အကဲခတ်သလိုကြည့်ပြီးမှ . . .

"ကူညီရမှာကတော့ ညီလေး ခတ္တာနဲ့ ဝေးဝေးနေပေးဖို့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ခတ္တာလဲ၊ မသိဘူး"

ဥက္ကာက ရှူးချင်ယောင်ဆောင်လိုက်၍ . . .

"ဘယ်ကလဲဟုတ်လား၊ မင်းလိုက်နေတဲ့ ပဇင်စင်းစင်းလေးနဲ့ ခတ္တာလေ"

"ဆံပင်ပါဗျာ၊ ခင်ဗျားကလည်း . . ."

စကားမှားသွားသဖြင့် သစ္စာရှက်သွား၏။ ရှက်ရမ်းရမ်းပြီး-

"အေး . . ပဇင်ပဲဖြစ်ဖြစ်၊ ဆံပင်ပဲဖြစ်ဖြစ် မင်းပတ်သက်စရာ မလိုဘူး"

"ဘာဗျ . . ခင်ဗျားက ဘာမို့လို့ လာအမိန့်ပေးနေတာလဲ"

ဥက္ကာ ဆတ်ဆတ်ခါသွားသည်။ မျက်နှာကြီးနီရဲကာ ဒေါသဖြင့် ပြောလိုက်သော်လည်း သစ္စာက မဖြုံပါ။ လူကြီးပီပီ ဒေါသကို မထွက်စေဘဲ ဟက်ခနဲ တစ်ချက်ရယ်လိုက်သေးသည်။ ပြီးမှ . . .

"ဘာဖြစ်လို့လဲဆိုတော့ ခတ္တာဆိုတာ ကိုယ့်ရဲ့ကြင်ယာ၊ ကြင်ဖက် ဖြစ်လာမှာမို့လို့ပဲ"

ကြင်ယာ၊ ကြင်ဖက်ဆိုတော့ ကြာရင်ကြက်ဖင် ဖြစ်လာမယ့် သဘောပေါ့၊ သတ္တိက ကြားထဲမှထိုသို့ဝင်တွေးရင်း ခတ္တာကို မြင်ယောင်မိသေး၏။ စူပွစူပွဖြစ်နေ၍ မြင်ယောင်ရသည်မှာလည်း မကောင်းချေ။

ဥက္ကာမှာတော့ သတ္တိလိုမတွေးမိ၍ ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး-

"နားမလည်ဘူးဗျာ၊ မမဟာ ခုချိန်မှာ လွတ်လပ်တဲ့ အပျိုတစ်ယောက်၊ ဒါကြောင့် မမကို ကျွန်တော်ချစ်တယ်၊ ဘယ်နည်းနဲ့မှ နောက်မဆုတ်နိုင်ဘူး၊ ဒါ စကားအကုန်ပဲ"

"အေး . . ငါကလည်း စကားအကုန်ပြောလိုက်မယ်၊ မင်းလိုက်နှောင့်ယှက်နေလို့ ခတ္တာလေး စိတ်ညစ်နေတယ်၊ ပြီးတော့ မင်းလည်း အချိန်ကုန်မှာမို့ နောက်ဆုတ်ဖို့ စေတနာနဲ့ ငါပြောတာကွ"

"သွားစမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကတော့ တင်းမာလာချေပြီ။ မပေါက်ကွဲခင် သူလည်း ခတ္တာကို ကြိုက်နေပါတယ်ဆိုပြီး ဝင်ပါလိုက်ရင် ကောင်းမလားမသိ။ ပွဲကြီးပွဲကောင်း ဖြစ်သွားနိုင်သည်။ သတ္တိက ခေါင်းထဲမှာ လင်းခနဲ အကြံတစ်ခုရသွားစဉ်မှာပဲ သစ္စာက မတ်တပ်ထရပ်ရင်း ဥက္ကာကို စိုက်ကြည့်ကာ . . .

"သွားမှာပါ၊ မင်းပြောစရာမလိုပါဘူး၊ ငါနဲ့ခတ္တာရဲ့ မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ပြလိုက်ဦးမယ်၊ မင်းစောင့်ကြည့်နေ . . ."

"တောမှာ သွားပြောဗျာ၊ ခင်ဗျားစကားက အယားမပြေဘူး"

ဥက္ကာက ဂျစ်ကန်ကန်နှင့် ပြန်ပက်လိုက်၏။ သစ္စာလည်း ဟာဝေယံရှုပ်ကြီးနှင့်ပင် ဒေါသတွေပွေ့ပိုက်ပြီး ပြန်ထွက်သွားတော့၏။

အသားတွေက တဆတ်ဆတ်တုန်နေသော ဥက္ကာက တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး . . .

"ဒါ သက်သက်မဲ့ လာကျောသွားတာဗျ၊ ခင်ဗျားလည်း စောင့်ကြည့်နေပါ သစ္စာနှောင်မိုးရာ၊ ဥက္ကာကိုကိုဆိုတဲ့ကောင်က မစားရတဲ့အမဲကို သဲနဲ့တော့မပက်ဘူး၊ ဒါပေမယ့် ဟင်း ဟင်း . . ."

ဆက်မပြောတော့ပေမယ့် ဥက္ကာ၏ နာကျင်ခံပြင်းနေသောပုံစံကိုကြည့်ကာ သက်ပြင်းသာဖွဖွချမိသည်။ ရင်ထဲကိုလည်း လေးလံမှုတချို့ ဖိစီးဝင်ရောက်လာသလို ခံစားလိုက်ရ၏။ ဥက္ကာကိုနှုတ်ဆက်ပြီး သူအရင်ပဲ ထပြန်ခဲ့တော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ထိုအကြောင်းများကို ဘယ်သူ့ကိုမှ မပြောပြ၊ မတိုင်ပင် ဖြစ်သေးပါ။ ခတ္တာသိအောင် မဝင်းမာကြီးဆီ အကျိုးအကြောင်းသွားပြောလျှင် ကောင်းမလားဟု ဝေခွဲမရစွာတွေးရင်း သတ္တိရောက်သွားပါသည်။ သင်တန်းပိတ်ရက်ဆိုတော့ ခတ္တာလည်း လာမလားဟု မျှော်လင့်ချက်ကလေးက ရှိသေးသည်လေ။

သို့သော်လည်း မဝင်းမာအိမ်သို့မရောက်မီမှာပဲ ခတ္တာကို လမ်းမှာ လှမ်းတွေ့လိုက်ရ၏။ ကောင်းသောတွေ့ခြင်းတော့ မဟုတ်။ ဥက္ကာနှင့် ခတ္တာကို တွဲပြီးတွေ့လိုက်ရခြင်းဖြစ်သည်။ ဥက္ကာသည် သင်တန်းပိတ်ရက်ကလေးကိုပင် ခတ္တာကို အနားမပေးဘဲ ဘာတွေမှန်းမသိ တတွတ်တွတ် လိုက်ပြောနေပြန်၏။ ခတ္တာမှာဖြင့် ခေါင်းတွေကိုက်ရလွန်းသောကြောင့် နတ်ဝင်သည်လိုဖြစ်နေပြီ။

သူ့ကိုလှမ်းတွေ့တော့ ခတ္တာက အကူအညီရလိုရငြား လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ရန် ပြင်သေး၏။ မဖြစ်ပါ။ လှမ်းမခေါ်မီ နီးရာလက်ဖက်ရည်ဆိုင်ထဲ ပြေးဝင်လိုက်ရသည်။ ခတ္တာစိတ်ဆိုးလည်း မတတ်နိုင်တော့။ သူနှင့် ခတ္တာသိကြောင်းကို ဥက္ကာအသိခံ၍မဖြစ်။ ဇာတ်လမ်းက ပို၍ရှုပ်သွားနိုင်သည်။

ခုလည်း ခတ္တာ သူ့အပေါ် ဘယ်လိုမြင်သွားပြီလဲ မသိချေ။ ဥက္ကာပြောသမျှ နားမထောင်ချင်ဘဲ နားဆင်ရင်း လက်ဖက်ရည်ဆိုင်ရှေ့မှ ကျော်သွားလေပြီ။ သတ္တိလည်း ဆယ်မိနစ်လောက်ထိုင်ပြီးမှ ထလာခဲ့၏။

မဝင်းမာအိမ်ကိုရောက်တော့ ခတ္တာက ရောက်နေပြီ။ မဝင်းမာနှင့် ဇာခြည်တို့ခြံရုံကာ လက်ဖက်သုတ်တွေစားပြီး လေပန်းနေကြ၏။ သူ့ကိုတွေ့လိုက်ရ၍ ခတ္တာမျက်နှာလေးမဲ့သွားသော်လည်း မဝင်းမာကြီးက ပြုံးတုံ့တုံ့နှင့်ပင် . . .

"ဟယ် . . သတ္တိပါလား၊ လာလေ . . ဒီမှာ မိတ္တာလည်း ရောက်နေတယ်ဟဲ့"

နောက်သလို ပြောလိုက်ပေမယ့် ခတ္တာက ဂရုပင်မစိုက်။ လက်ဖက်သုတ်အစားပင် မပျက်ပါ။ မည်သို့ပင်ဖြစ်စေ သတ္တိရင်ထဲမှာ ကြည်နူးသွားရသည်။ ကိုယ်က သူ့အတွက်စိတ်ပူနေသလောက် ခတ္တာပုံစံက အပူအပင်ကင်းကာ ပေါ့ပါးပျော်ရွှင်နေသောကြောင့် ဖြစ်သည်။ စကားတွေပြောပြီး တဟီးဟီး၊ တဟားဟားပင် ပွဲကျနေကြသေး၏။

မဝင်းမာကို ပြောပြရန် တွေးလာသည့်ကိစ္စကိုပင် မေ့သွားပြီး၊ သတ္တိက . . .

"ဘာတွေများပြောပြီး သဘောကျနေကြတာလဲဗျ"

သူ့အမေးကြောင့် ရင်းနှီးနေပြီဖြစ်သော ခန့်မင်းထက်ရည်မှား ဇာခြည်က ခတ္တာကို မေးငေါ့ပြကာ . . .

"ဒီမှာလေ . . မိတ္တာရဲ့ ဟဒယရွှင်ဆေး အခွပ်ရေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေတာ"

ဇာခြည်က ရယ်ရင်းပြောလိုက်သော်လည်း သတ္တိထူပူသွားရ၏။ ကိုယ်ကလည်း ရည်းစားစကားပြောထားမိသည်ကိုး။ ကိုယ့်ကိုလည်း ဟားနေကြပြီလားဟုတွေးရင်း မချိမဆန့်ဖြစ်သွားသည်။

"မိတ္တာမှာဟယ် . . အိမ်ကွင်းကော၊ အဝေးကွင်းကော ပွဲကျပ်တွေချည်းကန်နေရလို့ဟော့၊ ဟုတ်တယ်မလား ဒေါ်ခတ္တာ . . ."

ခတ္တာက ပြုံးပြုံးလေးနှင့်ပင် . . .

"မဝင်းမာနော် . . နိုင်းစရာရှားလို့"

"ဟဲ့ . . ဒီလိုပဲ နိုင်းရတော့မှာပေ့ါ၊ သစ္စာက အိမ်ကွင်း၊ ဥက္ကာက အဝေးကွင်းလေ . . အဟီး"

ခတ္တာက ဘာမှပြန်မပြော။ နည်းနည်းတော့ စိတ်အေးသွားရ၏။ ကိုယ့်အကြောင်းမပါ၍ ဖြစ်သည်။ ခတ္တာက သူ့ကိုရည်းစားစကားပြောထားသည်ကို သူ့သူငယ်ချင်းများအား အသိပေးထားသည့် ပုံစံမရှိသေး။

ထို့ကြောင့် သတ္တိက ရဲတင်းသွားပြီး . . .

"ပွဲကျပ်တွေကန်ရတာ စိတ်ပင်ပန်းတယ်ဗျ၊ တစ်ခါတလေ ချစ်ကြည်ရေးပွဲလေး၊ ဘာလေး ကန်ပေးရတယ်"

သူ့စကားကြောင့် ခတ္တာက မျက်စောင်းလှမ်းထိုးရင်း မဆိုင်သောစကားကို ဆိုလာသည်။

"တချို့လူတွေများ ကူညီပေးရမှာစိုးလို့ တွေ့တာနဲ့ကို ရှောင်နေတော့တာပဲ"

"ဟာ . . ခတ္တာရယ်၊ အဲဒီကိစ္စ ကျွန်တော်ရှင်းပြပါ့မယ်"

"တော်ပါပြီ . . ."

ခတ္တာ၏ မကျေမနပ်အပြောကို မဝင်းမာက နားမလည်စွာဘဲ-

"ဘာတွေလဲဟ၊ နင်တို့ဟာတွေက . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး"

နှစ်ယောက်စလုံး ပြိုင်တူအသံထွက်သွား၏။ မဝင်းမာက မျက်လုံးအပြူးသားနှင့် ထပ်ကြည့်၍ အိုးတိုးအမ်းတမ်း ဖြစ်ကုန်ကြသည်။ သတ္တိကပဲ . . .

"ဒီလိုပါ မဝင်းမာရယ်"

"ဘာမှလာရှင်းပြမနေနဲ့၊ ရှင် ရှင်းရင် ပိုရှုပ်သွားလွန်းလို့"

ဟိုးအရင်တွေ့တုန်းက နှစ်ရာကိစ္စကို ရည်ညွှန်းပြီး ပြောဟန်တူသည်။ သတ္တိလည်း ချစ်သူအမိန့်ဟု ကျူးကျူးကျော်ကျော်တွေးပြီး ငြိမ်နေလိုက်၏။ ထိုအခါမှပဲ ခတ္တာက လတ်လတ်ဆတ်ဆတ် အဖြစ်အပျက်ကို ရေခဲမရိုက်တော့ဘဲ ထုတ်ပြောပြလေသည်။

ဇာခြည်က သူတို့နှစ်ယောက်ကို ဖြစ်စေချင်သော ပုံစံဖြင့် (သတ္တိက တဖက်သတ်တွေးခြင်း ဖြစ်သည်။) . . .

"နင်တို့ဟာတွေကလည်း ကိုရီးယားကားကျနေတာပဲ"

"လာပြန်ပြီ၊ နင်တို့ဟာလေ ထစ်ခနဲဆို ကိုရီးယားကားနဲ့ ချိန်ထိုးဖို့ပဲ စဉ်းစားနေတယ်"

မကျေမချမ်း ပြန်ပြောလိုက်သည့် မဝင်းမာကို ဇာခြည်က မျက်စောင်းထိုးပြီး . . .

"ဘာဖြစ်လဲ၊ လူတိုင်း ကိုရီးယားကား ကြည့်နေတာပဲ၊ သူကျတော့ မကြည့်တာကျနေတာပဲ"

"မကြည့်ဘူးဟေ့၊ အမြင်ကတ်လွန်းလို့၊ ငါအခုံ တရုတ်က အိုလံပစ်ပွဲပဲ ကြည့်တယ်"

တရုတ်ဆိုသည့် အသံထွက်လာ၍ ခတ္တာကပါ မဝင်းမာကို မျက်စောင်းဝင်ထိုးသည်။ မဝင်းမာကို တရုတ်ခရေဇီမှန်း မသိသေးသော သတ္တိကတော့ သတိမထားမိ။ ဒါကိုပင် အခွင့်ကောင်းယူကာ မဝင်းမာက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . သတ္တိ၊ နင်ကော တရုတ်အိုလံပစ်ပွဲ ကြည့်ဖြစ်သေးလား"

"အင်း . . ကြည့်ဖြစ်ပါတယ်၊ တီဗီမှာ လာနေတော့လေ"

မဝင်းမာက ပြုံးပြုံးကြီးလုပ်ကာ . . .

"အရမ်းစည်တာပဲနော်၊ ပြောရရင်တော့ တရုတ်တွေပွဲပဲ"

"ဗျာ . . ."

"ဩော် . . ဆုအများဆုံး တရုတ်တွေပဲရတာလေ"

"ဒီလိုလား . . ."

သတ္တိမှာ ဘာမသိ၊ ညာမသိနှင့် ထောက်ခံနေရသည်။ အကြောင်းသိဇာခြည်က မခံစားနိုင်ဟန်ဖြင့် . . .

"နင် နားငြီးဖို့သာပြင်တော့ သတ္တိရေ၊ မဝင်းမာက မျိုးချစ်ပုဂ္ဂိုလ်မကြီးဟ"

"ဇာခြည်မနော်၊ ဘာဖြစ်လဲ ငါက တရုတ်မို့လို့ တရုတ်ချစ်တာ၊ ဘာမှမနာလိုဖြစ်စရာ မလိုဘူး၊ မယုံရင် နင် အိုလံပစ်ပွဲကြည့်ကြည့်ပါလား"

"မကြည့်နိုင်ပါဘူး၊ တရုတ်က လုပ်တဲ့ပွဲဆို ပိုပြီးမကြည့်ချင်ဘူး"

လက်ဖက်သုတ်စားနေရင်း ဇာခြည်က ပြန်ပက်သည်။ စားလက်စ လက်ဖက်သုတ်တွေနဲ့တော့ မဟုတ်။ စကားဖြင့် မခံချင်အောင် ဆွပေးခြင်းဖြစ်သည်။ တရုတ်ကသိလျှင် ထိုစကားကြောင့် ရင်ကျိုးသွားနိုင်သည်။ အနေအထားကိုကြည့်ကာ သတ္တိက မဝင်းမာ၏ တရုတ်ခရေဇီကို သဘောပေါက်သွား၏။

"အမလေး . . ဖြစ်မှဖြစ်ရလေ၊ နင်မကြည့်ချင်လည်း တစ်ကမ္ဘာလုံး လာကြည့်တဲ့သူတွေပေါ့လို့ . . နော် သတ္တိ၊ ဖွင့်ပွဲနေ့ကများဟို အိုလံပစ်သင်္ကေတ ကွင်းငါးကွင်းဆက်နေတာကို မီးပန်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဖော်ပြတာ အရမ်းလှတာပဲနော်"

"အင်း . . အင်း"

သတ္တိမှာ ထောက်ခံရပြန်သည်။ မသိလျှင်တော့ သူနှင့်မဝင်းမာက တရုတ်ပြည်အထိ အိုလံပစ်ပွဲသွားကြည့်ခဲ့သလိုလို။ အိုလံပစ်ရော၊ ကိုရီးယားကားပါ စိတ်မဝင်စားသည့် ခတ္တာကတော့ ပြုံးတုံ့တုံ့နှင့် ငြိမ်နေသည်။

ငြိမ်မနေနိုင်သည့် ဇာခြည်ကတော့ . . .

"နေစမ်းပါဦး၊ အဲဒီ ကွင်းငါးကွင်းကိုကော ဘာသင်္ကေတလဲ မဝင်းမာသိလို့လား"

"ဒါများဟယ်၊ ဘယ်ကလေး သွားမေးမေး၊ တိုက်ကြီးငါးတိုက်ကို ကိုယ်စားပြုထားတာပေါ့ဟဲ့"

"တိုက်ကြီးခြောက်တိုက်ပဲ ကြားဖူးပါတယ် မဝင်းမာရယ်"

တစ်ခွန်းမကျန် ပြန်ပက်နေသည့် ဇာခြည့်ကို မဝင်းမာက ရှုတင်းတင်းနှင့်ကြည့်ပြီး . . .

"အဲဒါတော့ ငါလည်းသိတာပေါ့ဟဲ့၊ အန္တာတိကတိုက်က နင့်အမျိုးတွေ လာကစားမှာမို့လို့လား"

ဇာခြည့်ခမျာ အောင့်သက်သက်နှင့် ခံလိုက်ရ၏။

သတ္တိက မနေတတ်မထိုင်တတ်ဘဲ ကြားဝင်ကာ (စကားကို ဆိုလိုပါသည်။) . . .

"တကယ်တော့ အဲဒီသင်္ကေတက ဟိုးအရင်တုန်းက မရှိဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ပထမဆုံး အိုလံပစ်ပွဲတော်က ဂရိမှာ ကျင်းပတာလေ၊ အဲဒီတုန်းက ဂိုက်နှစ်ရာပြေးပွဲတစ်ခုပဲပါတာ"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"၁၈၉၆ ခုနှစ်မှ ကမ္ဘာ့အိုလံပစ်ပွဲတော်စတာ၊ အဲဒီတုန်းက တောင် ဆယ်ရက်ပဲကြာတယ်၊ ပြီးတော့ နိုင်ငံဆယ့်သုံးနိုင်ငံက ကစား သမားသုံးရာနီးပါးလောက်ပဲ ပြိုင်ကြတာ"

"ဒီလိုလား၊ ဒါဆို ကွင်းသင်္ကေတတွေ ဘယ်ရှိဦးမလဲနော်"

"ဒါပေါ့ မဝင်းမာရဲ့"

"သတ္တိ . . ."

"ဗျာ . . ."

"နင်က မဆိုးဘူးပဲ၊ အိုလံပစ်ရာဇဝင်တွေ ဘာတွေသိသားပဲ"

"ဟဲ . . ဟဲ . ."

"ဟဲ့ . . သတ္တိ . . ."

သတ္တိက ရယ်နေလိုက်၍ မဝင်းမာက စကားစရန်ပြင်၏။ ဒီတစ်ခါတော့ ငြိမ်မနေ၊ ကြားနေမပေးနိုင်တော့ပါ။ တတ်သိသလောက် လည်း ပြောပြပြီးပြီ။ ထို့ကြောင့် ခတ္တာကို ဆတ်ခနဲ ကြည့်လိုက်ပြီးမှ မဝင်းမာအား . . .

"မဝင်းမာ . . ."

"ဟေ . . .ဘာလဲဟ"

"ကိုရီးယားကားလည်းပြီးပြီ၊ တရုတ်အိုလံပစ် ပည်း ပြီးပြီဆို တော့ မြန်မာဗီဒီယိုဖက်လှည့်ရအောင်"

အားလုံးအူကြောင်ကြောင် ဖြစ်သွားကြ၏။ ခတ္တာဆို မျက်လုံး လေးအပြူးသားနှင့်။

ဇာခြည်က . . .

"ဘယ်လို မြန်မာဗီဒီယို ဟုတ်လား"

"အင်းလေ . . မဝင်းမာက အိမ်ရှင်ပီပီ ဟဲ့ နင်တို့နေကြဦး၊ ငါအိမ်ထဲမှာ စားစရာထပ်သွားယူဦးမယ်ဆိုပြီး ထသွား၊ ခုနေတော့ ဇာခြည်ကပါ မဝင်းမာကြီးကလည်း ကြာလိုက်တာပဲဆိုပြီး ထပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွား၊ အဲဒီတော့မှ . . .”

“ငါသဘောပေါက်ပြီ . . သဘောပေါက်ပြီ၊ နင်တို့ ခဏနေကြဦးနော်”

ချက်ချင်းပင် ဖိုးဖိုးဇပ်ဇပ် ထသွားလေ၏။ ဇာခြည်ကလည်း မြန်မာဗီဒီယိုထဲကလို ခဏမျှပင်မစောင့်ဘဲ . . .

“အဟီး . . ငါလည်း သွားပြီ”

ဘယ်သူမှ မရှိတော့မှ သတ္တိက ခတ္တာကို ရွှန်းရွှန်းစားစား ကြည့်ကာ . . .

“ခတ္တာ . . .”

“ဘာလဲ . . .”

လေသံက ရှက်နေသံမဟုတ်ချေ။ မာခေါက်ခေါက်ပင် နိုင်လှသေးသည်။

ထိုသို့ မမာနိုင်သော သတ္တိကပဲ သတ္တိနည်းစွာ လေသံပျော့လေးဖြင့် အသနားခံရတော့သည်။

“ဟိုလေ . . ကျွန်တော့်ကို အဖြေမပေးသေးဘူးလား”

“ဘာအဖြေလဲ . . ဘာအဖြေလဲ”

မာခေါက်ခေါက်မှ ဘောက်ဆတ်ဆတ် ထပ်ဖြစ်လာပြီ။ သတ္တိလည်း အသနားခံရာမှ အသဲကွဲသမားလို . . .

“အဲဒီလို မပြောပါနဲ့ ခတ္တာရယ်၊ ကျွန်တော် ခတ္တာကို လူပျိုစကားပြောပြီးတဲ့နေ့ကပဲ အရမ်းခံစားနေရတာ”

“ဩော် . . ဟုတ်လား”

ဘောက်ဆတ်ဆတ်မှသည် ခနဲ့သလို ဖြစ်လာပြန်၏။ ရပါသည် ပေါ့လေ။

“ဟုတ်တယ် . . ခတ္တာရဲ့၊ အဲဒီနေ့က တင်ပါးကြီးဆောင့်ကိုင်းလာတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"သွေးစုနာလေ၊ ညှော်မိသွားလို့နဲ့တူပါတယ်"

"နေစမ်းပါဦး၊ ရှင် ဘာတွေလာပြောနေတာလဲ"

"မသိဘူးလေ၊ ကျွန်တော်ခံစားနေရတယ်ဆိုတော့ ခတ္တာက ဟုတ်လားဆို၊ တကယ်ပါဗျာ၊ နည်းတာကြီးမဟုတ်ဘူး၊ မှည့်တာတောင် မပေါက်ဘဲ မြုံနေသေးတယ်၊ ကျွန်တော့်မှာ မညှစ်ရဲလို့ မျက်စဉ်းဆေး ပုလင်းဝတွေပြီး ထိုင်ချလိုက်ရတာ၊ အီဆိမ့်နေတာပဲ"

မျက်နှာအမူအရာပါ လုပ်ပြလိုက်၍ ခတ္တာက ရယ်ချင်ဟန် ဖြင့် . . .

"ရွံစရာကောင်းလိုက်တာ၊ တကယ်ပဲ . . ."

"ဟုတ်တာပေါ့၊ ခတ္တာလည်း ရွံစရာကောင်းအောင် မလုပ် နဲ့ပေါ့"

"အောင်မာ . . ကျွန်မမှာ ဘာသွေးစုနာမှ မပေါက်ဘူး၊ သန့် သန့်လေး . . ."

တစ်ကိုယ်ရေ သန့်ရှင်းရေးကို စော်ကားသည်ထင်ပြီး ခတ္တာ ဆတ်ဆတ်ထိမခံဖြစ်သွား၏။

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောတဲ့သဘောက အချစ်ဆိုတာ သွေးစုနာလို ရင့်မှည့်လာရင် မြုံနေလို့မကောင်းဘူးလေ၊ အဲဒါကြောင့် ခတ္တာကို အဖြေပေးပါလို့ပြောတာ၊ မြုံမနေပါနဲ့ ခတ္တာရယ်"

"ဘာပြောတယ်၊ ကျွန်မက ဘာကိုမြုံနေလို့လဲ၊ စကားကိုက"

မျက်နှာလေးရဲရဲနီသွားသောကြောင့် သတ္တိက ကပျာကယာပဲ-

"ဟာ . . ဆောရီး . . ဆောရီး၊ ခတ္တာကို မျိုသိပ်မနေပါနဲ့လို့ ပြောတာ . . အဲဟဲ"

"ဘာမှမျိုသိပ်နေစရာ မလိုဘူး၊ ရှင်းရှင်းပြောရရင် ရှင်ပြော ထားတာကိုတောင် ခေါင်းထဲမှာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုတော့ သတ္တိနာကျင်စူးအက်သွားမိသည်။ ခတ္တာကို စိုက်ကြည့်လိုက်ပြီး . . .

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော် ခတ္တာကို လေးလေးနက်နက်ချစ်တာပါ၊ ပြီးတော့ ခတ္တာစိတ်ရှုပ်စရာတွေ ရှိမှန်းသိလို့ ပျော်စေပါးစေ ပြောမိတာ"

ခတ္တာ တွေတွေငေးငေးလေး ဖြစ်သွားသည်။ ကျွန်မပြောတာ နည်းနည်းရိုင်းသွားတယ်ဟူ၍ ပြောမလား စောင့်ကြည့်သော်လည်း မပြောချေ။

ထိုအချိန်မှာပဲ မဝင်းမာနှင့် ဇာခြည်တို့က ကသောကမျော ပြန်ရောက်လာကာ သူတို့ရှေ့မှာ ထိုင်ချလိုက်သည်။ သတ္တိလည်း ဟာခနဲဖြစ်သွားပြီး ခေါင်းကိုငုံ့လိုက်ရ၏။

မဝင်းမာက ပိပိပြားပြားမထိုင်သေးဘဲ (အခြေအနေကို အမြန်ဝင်ထိန်းဟန်တူသည်။) . . .

"နင်တို့ကလည်းဟယ်၊ ပြေပြေလည်လည် လုပ်ကြပါ၊ ရန်သူတွေ ကျနေတာပဲ"

"မဝင်းမာတို့ ချောင်းနားထောင်နေတယ်ပေါ့လေ"

"နားစွန်နားဖျားပါဟာ၊ ဟဲ့ . . သတ္တိ ခေါင်းကိုဖော်ဦးလေ၊ မိတာက မရှက်ရဘဲ နင်ကဖြစ်နေရတယ်လို့"

သတ္တိက ခေါင်းမဖော်သေးချေ။ ခေါင်းငုံ့ထားရင်းက . . .

"ဟင့်အင်း . . မဖြစ်ဘူးဗျ"

"အံမယ် . . ကြီးကျယ်မနေပါနဲ့"

"ဟာ . . ကြီးကျယ်နေတာ မဟုတ်ဘူး၊ ဟာဗျာ . . ဒုက္ခပါပဲ ခတ္တာ . . ခတ္တာ . . မဝင်းမာကို ကြည့်ကျက်ပြောလိုက်စမ်းပါ"

ခတ္တာလည်း ကြောင်တက်တက်နှင့် မဝင်းမာကို ကြည့်လိုက်သော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . ."

အခြေအနေတွေက ဝရုန်းသုန်းကားဖြစ်သွား၏။ မဝင်းမာ အောက်စလွတ်နေခြင်းပင်။ မလန့်ကြပါနှင့်။ ဘာမှမပေါ်သလို သတ္တိလည်း ဘာမှမမြင်လိုက်ပါ။ မြင်မှာစိုး၍ ခေါင်းငုံ့ချလိုက်ခြင်း ဖြစ်သည်။

အခြေအနေတွေ ငြိမ်သက်သွားမှ (မဝင်းမာ ပိပိပြားပြား ဖြစ်လောက်မှ) . . .

"မဝင်းမာ . . ကျွန်တော် ဘာမှမမြင်ဘူးနော်"

"ငါသိပါတယ်ဟဲ့၊ ငါလည်း အောက်မှာ ရှော့ပင်ဝတ်ထားပါတယ်"

မဝင်းမာက ရှက်ရှက်နှင့်ပြန်ဖြေသည်။ ထိုအခါမှ အားလုံး ရယ်မိကြတော့၏။

"ကျွန်တော့်ကိစ္စလေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး မဝင်းမာ ခါတ်ပုံရိုက်တာနဲ့ . . ."

"ဟဲ့ . . တော်တော့၊ တကယ်ဆိုရင် မိတာကလည်း စဉ်းစား ပေးလိုက်ပေါ့ဟာ၊ ဟုတ်တယ် မဟုတ်လား"

ပေါ်တင်ကြီး အောင်သွယ်လုပ်လိုက်သဖြင့် ခတ္တာက . . .

"ဒီလောက် ဖြစ်နေရတဲ့ကြားထဲမှာ မဝင်းမာရယ်"

"ဟဲ့ . . ငါလည်း ဘာမှမပေါ်လိုက်ပါဘူး၊ နင်ကလည်း . ."

"အာ . . မဝင်းမာကို ပြောတာမဟုတ်ဘူး၊ ကျွန်မ ကျဉ်းထဲ ကျပ်ထဲ ရောက်နေတာကို ပြောတာ"

"ဟုတ်ပ . . အရေးထဲ သူက သူ့တရုတ်ပစ္စည်း ကြော်ငြာ သေးတယ်"

ဇာခြည့်စကားကြောင့် ရယ်ကြရပြန်သည်။ ဒီအုပ်စုထဲမှာ သတ္တိပင် သတ္တိမရှိချင်တော့။

"ဒါဆိုလည်း ဒီလိုလုပ်ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေသည့် ဇာခြည်ကို မဝင်းမာက . . .

"ဟဲ့ . . ပြောလေ"

"ဒီလိုလေ၊ ခုလောလောဆယ် မိတ္တာ သူ့အိမ်ကိုပြောထားတဲ့ တစ်လကလည်း ပြည့်တော့မယ် မဟုတ်လား"

"အင်း . . ."

"မထူးတော့ပါဘူးဟာ၊ နင်လည်း ကိုသစ္စာကို မယူချင်တာပဲ၊ ခုကိစ္စပြေလည်သွားအောင် သတ္တိက ခဏဟန်ဆောင်ပေးလိုက်"

"အာ . . ."

"အတည်ဆိုလည်း ရပါတယ်"

ဝင်ပြောသည့် သတ္တိကို ခတ္တာက မျက်စောင်းထိုးပြန်သည်။

"နေပါဦးဟယ်၊ နင်တို့ကိစ္စကို နောက်မှညှိကြ၊ ခုလောလော ဆယ် သတ္တိက ကူညီလိုက်၊ ခတ္တာကလည်း သတ္တိကို အကောင်းဆုံး စဉ်းစားပေးလိုက်၊ ဟုတ်ပြီလား၊ ရွေးစရာ ဒီလမ်းပဲရှိတော့တယ်"

ခတ္တာက သက်ပြင်းသဲ့သဲ့ချကာ အိမ်အပြင်ဘက်ကို ငေးကြည့် နေသည်။ ခုမှ မျက်နှာလေးညှိုးသွားသော ခတ္တာကိုကြည့်ရင်း . . .

"ခတ္တာသဘောတူရင် ကျွန်တော်ကူညီပေးနိုင်ပါတယ်၊ အဲဒီ အတွက် ကျွန်တော့်ကို ဘာမှထည့်စဉ်းစားပေးစရာ မလိုပါဘူး၊ ခတ္တာရဲ့ ဆန္ဒပါပဲ၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်လို ကူညီတာပါ"

ဖြေးဖြေးလှည့်လာသော ခတ္တာမျက်ဝန်းများက သူ့ရင်ဘတ်ထဲ အထိ ထိုးဖောက်စူးစမ်းနေကြသည်။ အချစ်၊ အမုန်းတို့ထက် ဘာခံစား ချက်မှာမပါဘဲ ကောင်းကင်တစ်ခု ပကတိပြာစင်နေသလိုမျိုး။ ခတ္တာကို ကြည့်ကာ အားလုံးတိတ်ဆိတ်နေကြ၏။

သတ္တိလည်း ပင့်သက်ကိုရှိုက်ကာ ပြုံးပြရင်း . . .

"ကျွန်တော် အခွင့်အရေးသမား မဟုတ်ပါဘူး ခတ္တာ၊ သိပ် လည်း မစူးစမ်းပါနဲ့၊ ရိုးရိုးသားသားပဲ ကူညီတာပါ၊ အချစ်ဆိုတာ အလယ်



www.burmeseclassic.com

www.burmeseclassic.com



အလတ်လမ်းစဥ်မဟုတ်မှန်း ကျွန်တော်သိပါတယ်၊ ခတ္တာ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် တရားပြီးသားပါ၊ မိန်းကလေးတစ်ယောက်ရဲ့ အခွင့်အရေးကို ကျွန်တော်လေးစားလက်ခံရမှာပဲလေ"

အိမ်ထဲကို စီးဝင်လာသည့် လေပြေကြောင့် ခတ္တာ၏ဆံစစင်စင်လေးများ လွင့်ခါသွားကြသည်။ ဆုံးဖြတ်ရခက်နေသော မျက်နှာလေးက တစစတည်ငြိမ်လာသည့်ရေပြင်လို အေးခဲသွားပြီး . . .

"အင်းလေ . . ရှင့်အကူအညီကို ကျွန်မလက်ခံပါ့မယ်၊ ဒါပေမယ့် ရှင်စဥ်းစားချင်သေးလည်း ရတယ်နော်"

"မစဥ်းစားတော့ပါဘူး၊ မနက်ဖြန် ခတ္တာ အချိန်ရမလား"

"ဘာလုပ်မလို့လဲ"

"ခတ္တာတို့က သင်တန်းရှိတယ်လေ၊ အချိန်ရရင် နှစ်ယောက်ထဲတွေ့ချင်လို့"

"ရှင် . . ."

ခတ္တာက သူ့ကို အလန့်တကြား ထပ်ကြည့်သည်။ သတ္တိက ရယ်ကျဲကျဲလုပ်ပြီးမှ . . .

"သိပ်လည်း မလန့်ပါနဲ့ဗျာ၊ ကျွန်တော်က ဟန်ဆောင်ရမယ်ဆိုတော့ ခတ္တာတို့ အိမ်နဲ့ပတ်သက်တာတွေကို အသေးစိတ်သိထားသင့်တယ် မဟုတ်လား၊ ဒါကြောင့်မို့ပါ"

မျက်နှာပေါ် အားနာဟန်လေး ဖြတ်ပြေးသွားပြီးမှ ခတ္တာက-

"ဒါဆိုလည်း . . မနက်ဖြန် ဒီမှာပဲ တွေ့မယ်လေ၊ ကျွန်မ သင်တန်းဖျက်လိုက်မယ်"

"မယုံရင်လည်း အဖော်ခေါ်ထားလိုက်ပေါ့၊ ဟုတ်လား"

ဒီတစ်ခါ မျက်စောင်းလေးက ဘာအရောင်မှ ထင်ဟပ်စိမ့်ဝင်မနေမတော့ပါ။ သတ္တိရင်ထဲမှာ ဖြူဖြူလေး ကြည်နူးသွားရ၏။

အချစ်ဆိုတာက လိုအပ်လျှင် အတ္တဖြူဖြူများ သုံးရန် နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်ကျမ်းအစောင်စောင်နှင့်မှ ချိန်ထိုးနေစရာမလိုကြောင်း နောင်ဘုရားပွင့်သော ကမ္ဘာမှာလည်း ပြဋ္ဌာန်းထားပါလိမ့်မည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

"အဖေနာမည် . . ."

"ဦးချစ်ခင် . . ."

"အမေနာမည် . . ."

"ဒေါ်ခင်မေမြင့် . . ."

"မွေးချင်း . . ."

"ညီအစ်မသုံးယောက် . . ."

"အဖေရဲ့ အလုပ်အကိုင် . . ."

"ဟိုတယ်မန်နေဂျာ အငြိမ်းစား၊ နေစမ်းပါဦး . . အဲဒါက လိုလို့လား"

အလုပ်အင်တာဗျူးလုပ်နေခြင်း မဟုတ်ပါ။ မည်ကာ ... တွေ ပြောနေခြင်းလည်း မဟုတ်။

"လိုတာပေါ့ဗျ၊ ကိုယ့်ယောက္ခမလောင်းအကြောင်းကို အူမ



www.burmeseclassic.com

www.burmeseclassic.com



ချေးခါး သိထားသင့်တာပေါ့"

"ဟွန်း . . ပြီးရော . . ပြီးရော၊ မေမေက ကျောင်းအုပ်ဆရာမကြီး အငြိမ်းစား၊ မမက ကထိက၊ အငယ်မက ခုမှလေးတန်းပဲ ရှိသေးတယ်၊ ဟုတ်ပြီလား"

"အကြမ်းဖျင်းတော့ရပြီ၊ အမေက ဆရာမဆိုတော့ ဆရာလုပ်တာတွေ ရှိမှာပေါ့၊ အိမ်မှာလေ"

"အင်း . . ဒါတော့ ရှင်ခန့်မှန်းတတ်သားပဲ၊ တစ်အိမ်လုံးမှာ မေမေပြီးရင် ဖေဖေသြဇာအရှိဆုံးပဲ"

သူ့အဖေက မိန်းမကြောက်ရသည်ပေါ့။ ထိုသို့တွေးနေခိုက်-

"ဖေဖေက မေမေ့ကို အပြန်အလှန် လေးစားတဲ့သဘောပါ"

"ရပြီ၊ အဲဒါက အရေးကြီးတယ်လေ၊ ကျွန်တော့်ကိုကျွန်တော် သိအောင် မိတ်ဆက်ပေးဦး"

"ဘယ်လို . . . "

"ဩော် . . ကျွန်တော်က နာမည်ဘယ်သူ၊ ဘယ့်ကာ၊ မိဘတွေ ဘာညာပေါ့"

"အဲဒါက ရပါတယ်၊ ရှင်ပြင်ဦးလွင်ကဆိုတာပဲ အရေးကြီးဘယ်၊ ကျန်တာတွေ အမှန်အတိုင်းပြောလည်း ဘာမှမဖြစ်ဘူး"

"ဟုတ်ပြီ၊ ဘယ်နေ့လာတွေ့ရမှာလဲ"

"သန်ဖက်ခါမနက် ကိုးနာရီ၊ ကျွန်မစာရေးပြီးမှာလိုက်လို့ ရှင်ပြင်ဦးလွင်က လာတာနော်၊ အဲဒီနေ့ အိမ်မှာကျွန်မရှိနေမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က ဟိုမှာတွေ့ကြတဲ့ချစ်သူတွေ၊ အရမ်းချစ်တယ်၊ ကျွန်တော့်မိဘတွေကလည်း အတိုင်းအတာတစ်ခုအထိ ပြည့်စုံတယ်၊ သဘောတူရင် လာနားဖောက်မယ်၊ ချစ်ခြင်းကို မခွဲပါနဲ့ပေါ့၊ ပြည့်စုံတယ်နော်"

"အင်း . . ရပြီ၊ တချို့အချက်တွေက နည်းနည်းမလျော့လို့

www.burmeseclassic.com



တောင်ရသေးတယ်"

"မလုပ်နဲ့လေ၊ သဏ္ဌာန်လုပ် သရုပ်တူဖို့ အရေးကြီးတယ်၊ မဟုတ်လား"

"ထားလိုက်ပါတော့"

ထားလိုက်ပါသည်။ အလုပ်သဘောကတော့ ပြီးသွားပြီ။ ကိုယ်ရေးကိုယ်တာများကို ချဲ့ထွင်ရဦးမည်ဖြစ်၍ . . .

"ခတ္တာ . . ဒီကြားထဲကို ကျွန်တော့်အတွက် စဉ်းစားမိသေးလား"

"ဘာရှင့် . . ."

"အလုပ်ကိစ္စက အဆင်မပြေစရာ မရှိတော့ဘူးလေ၊ ကျွန်တော့်ကိုယ်ပိုင်ကိစ္စကို ပြောတာ"

ပွဲလန့်တုန်း ဖျာဝင်ခင်းသည်ဟု ဆိုချင်ဆို။ ရသလောက် အတိုနဲ့ထိုးရပေမည်။ (စကားအတိုအစဟု ဆိုလိုပါသည်။)

"ရှင့်ကိုယ်ပိုင်ကိစ္စအတွက် ကျွန်မလည်း ကိုယ်ပိုင်အချိန်တွေ ရှိမှ စဉ်းစားပေးမယ်"

"ဗျာ . . ."

"ကျွန်မ စိတ်ရှုပ်နေတာ ရှင်သိသားပဲ သတ္တိရယ်၊ ဒီအချိန် စဉ်းစားရင် ရှင်စိတ်ညစ်စရာပဲ ကြားရမှာပေါ့"

"ဟာ . . ဒါဆို ဒီကိစ္စတွေပြီးသွားမှ စဉ်းစားရင် ကျွန်တော် စိတ်ချမ်းသာစရာကြားရမယ့် သဘောပေါ့နော် . . ခတ္တာ"

ထိုစဉ် အိမ်ထဲသို့ဝင်လာသော မဝင်းမာကိုကြည့်ကာ ခတ္တာက အပြုံးမြမြဖြင့် . . .

"မသိဘူး၊ ဒါတော့ မိုးနတ်မင်းပဲ သိလိမ့်မယ်"

"ဟာဗျာ . . ."

သတ္တိစိတ်ညစ်သွား၏။ မဝင်းမာနှင့် ပတ်သက်နေတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်မင်းကို နားလည်ပေးရပေမည်။ မဝင်းမာက သူတို့ကိုရယ်ကျဲကျဲကြည့်ကာ အိမ်ထဲသို့ဝင်သွား၏။

"ဟာဗျာ . . မလုပ်နဲ့၊ ရှင်က ကျွန်မကို အငိုက်ဖမ်းနေတာလား"

"မဟုတ်ရပါဘူးဗျာ၊ မဝင်းမာ . . မဝင်းမာ . . ."

"ဟော . . ဘာတုန်း"

ချောင်းနားထောင်နေပုံရသော မဝင်းမာက အိမ်ခန်းထဲမှ ထွက်လာသည်။ သတ္တိက ကြည့်ပြီးအော်ပြောလိုက်၏။

"မတရားစွပ်စွဲခံရပါတယ်၊ မတရားစွပ်စွဲခံရပါတယ်"

"ဟဲ့ ဟဲ့ . . အော်မနေနဲ့၊ ငါက ပေါင်ချိန်မဟုတ်ဘူး"

"မဟုတ်လည်း ဒီကလေးမလေးကို စီရင်လိုက်စမ်းပါဗျာ"

"ဘယ်လိုစီရင်ရမလဲ ပြော . . ."

"ပြင်းပြင်းထန်ထန်ကြီးတော့ မလုပ်ပါနဲ့ဗျာ၊ သူ့အပေါ်သိတတ်တဲ့ကောင်လေးနဲ့ အိမ်ထောင်တစ်သက်တစ်ကျွန်း ချပေးလိုက်"

"အမလေး . . သတ္တိရယ်၊ နင်နာနေပါဦးမယ်"

"ရှိပါစေတော့ဗျာ၊ ဝဋ်ကြွေးဆိုတာ ဒီလိုပဲ ပေးဆပ်ရမှာပေါ့"

ခတ္တာက မချိမချဉ်မျက်နှာလေးနှင့် တဖက်လှည့်သွား၏။ သူ ပြုံးနေမှာပဲဟု သတ္တိတွေးစရာမလိုတော့ပါ။ သတ္တိဆိုသော သူက ချစ်သူအပေါ် အရာရာသိတတ်နေသည်ပဲလေ။

* * *

ညမှောင်စပြုပြီ။

အလင်းအားမသန်သေးသော တစ်ခြမ်းပဲ့လ,ကလေးကို ခြံရံလျက် ကြယ်လေးတွေက ကောင်းကင်မှာ ယိမ်းလှုပ်ဖျော်ဖြေနေကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ အဝေးဆီမှ စံပယ်ပန်းရနံ့ကလည်း သင်းတသသ။ ဟိုဖက်ခြံက ဖြစ်မည်။ ည၏ တံစက်မြိတ်အောက်ခြံထဲက ခုံတန်းလျားလေးမှာ သူမ ငြိမ်သက်နေမိ၏။

တဖြေးဖြေး ပြန့်ဖြာလာသော လရိပ်က ခုံတန်းလျားလေးပေါ် သို့ပင် စွန်းပေလာ၏။ လေငြိမ်သွားသဖြင့် ပန်းရနံ့တို့ မှေးမှိန်သွားကြ ပြီ။ တိုးသိပ်နေသည့် ပတ်ဝန်းကျင်ထဲ ခြေသံဖွဖွတစ်ခုက စီးဝင်လာ သည်။

ခြေသံနှင့်အတူ စကားသံကလည်း ညင်သာတိုးလျ . . .

"ဘာတွေများ ဒီလောက်စဉ်းစားနေတာလည်း ညီမလေးရယ်"

"သြော် . . မမ"

မမက ခုံတန်းလျားလေးမှာ အသာဝင်ထိုင်ရင်း . . .

"ငါ့ညီမလည်း မနက်ဖြန် ပြင်ဦးလွင်က ချစ်သူလာမယ်ဆိုတော့ ရင်တွေခုန်နေတယ်ပေါ့"

"ရင်မခုန်ပါဘူး မမရယ်၊ ရင်တုန်နေတာ"

"အဆင်ပြေသွားမှာပေါ့၊ ဟိုတစ်ယောက်ကို ညီမလေးပြော ထားတယ် မဟုတ်လား၊ အိမ်မှာ အခရာက မေမေဆိုတာ . . . "

ဘာမှမသိသော မမက အနားလာပြီး အားပေးနေသည်။ မမက အနေအထိုင် အေးဆေးတည်ငြိမ်လှသောကြောင့် ခတ္တာက သူ့ဇာတ်ရှုပ်ကို မပြောပြဖြစ်။ ပြောမိလျှင် တားနေဦးမည်။

ခုလည်း မနက်ဖြန် သတ္တိလာလျှင် မိမိက ရှိမည်မဟုတ်။ ထို့ကြောင့် အဆင်ပြေပါ့မလားဟု တွေးနေမိခြင်းဖြစ်သည်။ ခေါင်းထဲ မှာက အတွေးတွေဝေနေ၏။ ဥက္ကာက တစ်မျိုး၊ ကိုသစ္စာက တဖုံနှင့် မလုံမခြုံဖြစ်နေရသည်။ ပြီးတော့ မနက်ဖြန် ဧမမေ၏အစီအစဉ်ဖြင့် တစ်အိမ်သားလုံး ရွှေတိဂုံဘုရား သွားကြမည်ဖြစ်သည်။ သတ္တိနှင့်တွေ့ ရန် အိမ်မှာဖေဖေတစ်ယောက်တည်း ကျန်ခဲ့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို တကဲတက်ကြွကြွ လိုက်ပို့မည့်သူက မချစ်လှစွာသော ကိုသစ္စာကြီး၊ သတ္တိ ဖေဖေ့ကို အဆင်ပြေပြေ ဟန်ဆောင်နိုင်ပါစေဟု ဆုတောင်းရတော့မည်။

"မမကတော့ ညီမလေးချစ်တဲ့သူနဲ့ ပေါင်းရပါစေလို့ပဲ ဆုတောင်းမိတယ်"

"အင်း . . ကံပေါ့ မမရယ်"

စကားဆက်မဆိုမိကြ၊ နှစ်ဦးသား ငြိမ်ဆိတ်သွားကြ၏။ အဝေးက လေစီးထဲတွင် စံပယ်ပန်းရနံ့တို့ ထိုးဆွပါဝင်နေဆဲပင်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဒီဖက်မှာလည်း သတ္တိတစ်ယောက် တစ်ရက်လုံးအပြင်မထွက် ဖြစ်ချေ။ အရင်တစ်ခါလို သွေးစုနာထပ်ပေါက်နေခြင်းကြောင့် မဟုတ်။ မနက်ဖြန်အတွက် စဉ်းစားပြင်ဆင်နေခြင်း ဖြစ်သည်။

ပြင်ဆင်သည်ဆို၍ ထွေထွေထူးထူးလည်း မဟုတ်ပါ။ ဟိုက ယောက်မလေးကြီးကလည်း ဘာတွေမေးမိမသိသေး။ စာမေးပွဲ မေးခွန်းမဟုတ်သဖြင့် အထွေထွေဗဟုသုတများကိုပဲ ကျက်မှတ်နေရမည်လား။ နောက်မှသတိရ၍ ပန်းအဘိဓါန် (Floral Dictionary) ကိုထုတ်ကာ မှတ်သားနေလိုက်သည်။ ကိုယ်က ပြင်ဦးလွင်ပန်းပင်တွေကြားက လာရမည့် ပန်းချစ်သူသမက်လောင်းလေး မဟုတ်ပါလား။

ပန်းအဘိဓါန်ကိုလှန်ရင်း တစ်နေရာရောက်တော့ ပြုံးမိသေးသည်။ ခတ္တာပန်း (Land-Lily) အဓိပ္ပါယ်က "အားငယ်နေရသူမို့ ညှာတာပါ" တဲ့။ ကိုယ့်ရဲ့ခတ္တာလေးလည်း အားငယ်နေပြီလေ။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူရဲကောင်းဖြစ်ရမည်ဟု သတ္တိက မရှက်မကြောက် တွေးနေမိသည်။

ထိုသို့ဖြင့် ညနေစောင်းကာမှ ရေမိုးချိုးပြီး အပြင်ထွက်ရန် ပြင်လိုက်သည်။ မှန်ရှေ့မှာ ထုံးစံအတိုင်း 'သ' ရသည်ပေါ့။ ကိုယ်က မနက်ဖြန် ယောက္ခမလောင်းနှင့် တွေ့ရတော့မည်လေ။ သန့်နေသည့် ရုပ်ခံကို ပိုခန့်အောင် မလိုအပ်သော အမွေးအမျှင်များကို ရိတ်ပစ်ရမည်။ (ဥပမာ-မုတ်ဆိတ်မွေး) အခေါ်နှင့် နန္ဒာတို့ကတော့ ထမင်းစားခန်းထဲမှာ . . ။

"ကိုကို . . . "

"ပလုတ်တုတ် . . . "

တစ်ယောက်တည်း ကြည်နူးနေရာမှ သတ္တိလန့်သွား၏။ နန္ဒာက ရုတ်တရက် ခေါ်လိုက်၍ဖြစ်သည်။ တေက်ပြားခြေလှမ်းမျိုးနှင့် ဘယ်အချိန် ချင်းနင်းဝင်ရောက်လာသည်မသိ။

"အဲဒါက ဘာလုပ်နေတာတုံးဗျ"

"အလှပြင်နေတာပေါ့"

"လုပ်မနေနဲ့၊ ကိုကို့ကောင်မလေးက ကိုကို့အပြင် နှစ်ယောက် တောင်လိုက်နေကြသေးတယ်"

"နင်က ဘယ်လိုသိပြန်ပြီလဲ"

"သိတာပေါ့၊ သင်တန်းကို လာလာနေတာ တွေ့သားပဲ၊ အငယ် တစ်ယောက် အကြီးတစ်ယောက်"

ဥက္ကာနှင့် သစ္စာကို ရည်ညွှန်းခြင်းဖြစ်မည်။ သတ္တိက . . .

"လွှတ်ပေးထားတာပါဟာ၊ နင့်အကိုအကြောင်း သိတယ်မို့ လား"

"ပိုင်တယ်ပေါ့ . . . "

"စောင့်ကြည့်ပေါ့ဟာ . . ဟဲဟဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



သတ္တိက ရင်ကော့ပြလိုက်သည်။ နန္ဒာက မချိုမချဉ်ဟန်ဖြင့်-

"အချိန်တန်ရင် နွားပိန်ကန်မယ့် သဘောပေါ့နော်၊ အဟီး"

"ဘာ . . နင်က ငါ့ကိုများ နွားနဲ့လာနှိုင်း . . ."

ထိုအချိန်မှာ နန္ဒာက အိမ်ထဲသို့ လစ်ပြေးသွားလေပြီ။ ပလိန်းကြီး သတ္တိခံလိုက်ရ၏။ ထိုစကားပုံကလည်း ဘယ်လိုကြီးမှန်းမသိ။ အချိန်တန်လျှင် စပရိန်ကန်လိမ့်မည်ဟု ကိုယ့်သဘောနှင့်ကိုယ် ပြောင်းလိုက်သည်။

ထို့နောက် ခန့်ညားသပ်ရပ်စွာ အိမ်ထဲက ထွက်လာခဲ့သည်။

ကိုယ်ပိုင်ခြံနယ်မြေမှ ပြည်သူပိုင်လမ်းမြေကို ခြေချရုံရှိသေး။ ချိုထွန်း၊ မာန်ထက်သာနှင့် ခန့်မင်းထက်တို့ကို လုံးထွေးပြီး တွေ့လိုက်ရသည်။ ဘာတွေငြင်းခုန်လာကြသည် မပြောတတ်။

သတ္တိ၏ပုံစံကိုကြည့်ကာ ချိုထွန်းက . . .

"တယ်သန့်နေပါလားကွ၊ ငတိက ဒီနေ့ပုဆိုးတွေဘာတွေနဲ့"

"အရင်နေ့တွေက ငါဖင်တုံးလုံးကြီး ထွက်လာလို့လား"

သတ္တိက ဘုတောလိုက်၏။ ခုနက နန္ဒာဆီမှာ ခံထားရသည့် အရှိန်က မသေသေး။ ပြောခံလိုက်ရသည့် ချိုထွန်းမှာတော့ ရင်ဝကို ဆီးကန်ခံလိုက်ရသလို ဖြစ်သွားသည်။

"မင်းထွက်မလာလို့ ငါတို့လာတာကွ"

"မင်းတို့ အချိန်ရတယ် မဟုတ်လား"

"ရပါတယ် . . ."

"မရလည်း ဂရုမစိုက်ဘူး"

"ဟာကွာ . . ငတိ၊ စောင်းငန်းငန်းမလုပ်နဲ့ကွာ"

"နောက်တာပါကွာ၊ လာ လက်ဖက်ရည်ဆိုင်သွားရအောင်"

"သပြေရိပ်ပဲလား"

"သပြေပင်အောက်ထိသွားပြီး ရိတ်ခံဦးမလို့လား၊ ဒီအနားက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာပဲ ထိုင်မယ်ကွာ"

"ထိုသို့ဖြင့် လေးယောက်သား အော်ဟစ်ပြောဆိုရင်း နီးစပ်ရာလက်ဖက်ရည်ဆိုင်သို့ ရောက်သွား၏။

စားပွဲတစ်လုံးကို မဝယ်ဘဲ အပိုင်စီးလိုက်ကြပြီး ဘယ်သော အခါမဟုတ်သည့် မနက်ဖြန်ကိစ္စကို သတ္တိက မိန့်ကြားလိုက်သည်။ ခန့်မင်းထက်က မအံ့ဩဟန်ဖြင့် . . .

"သိပြီးသား ဟော့ကောင်၊ ငါ့ကို မဝင်းမာ အကုန်ပြောလိုက်ပြီ၊ အဲဒါကြောင့် ဒီကောင်တွေပါ မင်းကိုညှင်းဖို့ လိုက်လာကြတာ"

"ဟုတ်တယ် . . ဟုတ်တယ်"

"လက်ဖက်ရည်နဲ့တော့ အချိုမသပ်နဲ့ ငတိ . . ."

ဘေးကနှစ်ကောင်တပါ အသံထွက်လာသည်။ ထို့ကြောင့် သတ္တိက . . .

"အကုန်သိတယ်ဆိုတာ မင်းတို့က ဘယ်လောက်များသိနေလို့လဲ"

"အတွင်းရေးတော့ မသိဘူးပေါ့ကွာ၊ မင်းတို့ဘယ်လောက် နယ်ကျွံနေကြပြီဆိုတာ . . ."

"ဟော့ကောင် . . မမိုက်ရိုင်းနဲ့"

"နှလုံးသားနယ်ကျွံတာကို ဆိုလိုတာပါကွာ၊ မင်းကလည်း"

ခန့်မင်းထက်အပြောကို သတ္တိက သဘောကျသွားသည်။

"နှလုံးသားနယ်ကျွံတယ် ဟုတ်လား၊ ဒီတစ်ခါ မင်းပါးစပ်က ထွက်တဲ့စကားကတော့ လန်းတယ်ကွာ . . ခန့်မင်းထက်"

"ဟဲ ဟဲ . . ငါ့မှာလည်း လက်ရှိချစ်သူရှိတာ မမေ့နဲ့လေ"

မဆီမဆိုင် အသားဝင်ယူနေသည့် ခန့်မင်းထက်ကို ချိုချွန်း မကျေမနပ်ဖြစ်သွားပြီး . . .

"ခွေးပါးစပ်က နတ်စကားထွက်တယ် ဆိုတာမျိုးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ချိုထွန်း၊ စကားကို ကောင်းကောင်းပြောကွာ"

"ဒါဆိုလည်း မင်းရည်းစားအကြောင်း လာမပြောနဲ့၊ နားကလောတယ်"

"မင်းလည်း ခွေးနဲ့မနိုင်းနဲ့လေ"

"တော်တော့ကွာ၊ မင်းတို့ကလည်း အချင်းချင်းတွေကို . .၊ ချိုထွန်းလည်း တော်တော့၊ ခန့်မင်းထက် မင်းခဏ ခုံပေါ်က . . ."

"ဟာ . . ဘာဖြစ်လို့လဲ"

သတ္တိအပြောကို နားမလည်ဟန်ဖြင့်မေးကာ ခန့်မင်းထက် ခုံမှ အူကြောင်ကြောင်ထလိုက်၏။

"ချိုထွန်း . . ."

"ဘာလဲ . . ."

"မင်း ခန့်မင်းထက်ကို ခွေးနဲ့နှိုင်းတယ်နော်၊ ခု ဒီကောင် ထပြီကျူးတော့ . . ."

"ဘာကိုလဲ . . ."

"ခွေးချီးလေ . . ."

ရယ်သံတွေ ညံသွားကြ၏။ ခန့်မင်းထက်က မျက်နှာကြီးမဲပုတ်ကာ ပြန်ထိုင်၏။ ခွေးလိုတော့ မဟောင်ဘဲ . . .

"မင်းပြောထားဦးပေါ့ ငတိရာ၊ မင်း မနက်ဖြန် တွေ့မှာပါ"

"အေး . . ငါလည်း သွေးအေးအေးနဲ့ စောင့်နေတာ"

သတ္တိကိုတော့ စကားယှဉ်ပြော၍ မရချေ။ ခတ္တာတစ်ယောက်မှလွဲပြီး အကုန်ဘုကန့်လန့်တိုက်နေသည်။

ထိုအချိန်မှာပဲ မာန်ထက်သာ၏ မရောင်းရသေးသော ဖုန်းကအသံထမြည်လာ၍ . . .

"ဟလို . . ကိုချမ်းကြီးလား၊ လာခဲ့လေ၊ ငါတို့ နှစ်လမ်းကျော်ကဆိုင်မှာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြန်ပိတ်ပြီး ကိုချမ်းကြီးဆက်တာဟု လှမ်းပြောသည်။ မကြာပါ။ ကိုချမ်းကြီးရောက်လာ၍ ချို့ထွန်းက . . .

"မြန်လှချည်လားဗျ၊ ခုနကမှ ဖုန်းဆက်တာကို . . ."

"မြန်မှာပေါ့ကွာ၊ ရွှေလမ်းက ဆက်တာကိုးဟ၊ ဒါနဲ့ လူစုံနေကြပါလား"

လက်ဖက်ရည်လှမ်းမှာရင်း ကိုချမ်းကြီးက ဝင်ထိုင်လိုက်၏။ မမေးဘဲနှင့် သတ္တိ၏ မနက်ဖြန်အင်တာဗျူးကို မာန်ထက်သာက စမြုံ ပြန်နေပြန်သည်။ သတ္တိလည်း ကိုယ့်အချစ်ရေးမို့ ဝင်မကန့်ကွက်ပါ။ ကိုချမ်းကြီးက မာန်ထက်သာစကားဆုံးမှ . . .

"ဒါနဲ့ မင်းနဲ့ ချို့ထွန်းရဲ့နန္ဒာက ဘယ်လိုလဲ"

"ပြီးသွားပါပြီ ကိုချမ်းကြီးရာ"

ကြေကွဲဆို့နစ်သောအသံဖြင့် မာန်ထက်သာဖြေလိုက်၏။ ချို့ထွန်းကလည်း ချက်ချင်းရီဝေသော မျက်လုံးအစုံနှင့် ဆိုင်အပြင်ဘက်ကို လွမ်းလွမ်းမောမော ငေးနေလိုက်သေးသည်။ ပြီးမှ အသဲကွဲသမားပုံစံနှင့် . . .

"ဟုတ်တယ် ကိုချမ်းကြီး . .၊ နန္ဒာ ဘောစိတစ်ယောက်နဲ့ ငြိသွားပြီလေ"

"ဟား . . ဟား . . ဟား . . ဟုတ်လိုက်တဲ့ကောင်တွေကွာ၊ မင်းတို့ကို ငါပြောသားပဲ၊ မိန်းမဆိုတာ ဒီလိုချည်းပဲကွ၊ မိန်းမဆိုတဲ့ အတိုင်း မိန်းကိုပဲ မသွားကြတာ၊ မှတ်ပြီလား"

မှတ်သားလောက်ပါပေသည်။ ခန့်မင်းထက်က မိန်းမထုကြီး အိုယ်စား မခံနိုင်သလို . . .

"ဒါဆို ကျွန်တော်တို့လို ချစ်သူရသွားတဲ့ ကောင်မျိုးဆိုရင် ကောဗျ"

"မိန်းမလို့ပြောပြီးပြီလေ၊ မင်းလည်း မိန်းကိုမလိုက်သွားလို့ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မနေဘ်၊ လွတ်ကျမယ်"

ရယ်ကြရပြန်သည်။ အသဲကွဲသမားများပင် မနေနိုင်တော့။ အားရသလို ဝင်ဟားတိုက်နေသည့် သတ္တိကိုကြည့်ကာ ကိုချမ်းကြီးကပဲ-

"ငတိ . . ဒါဆို မင်းလည်း မနက်ဖြန် ယောက္ခမလောင်းနဲ့ သွားတွေ့တော့မယ်ပေါ့ . . ဟုတ်လား"

"အစစ်ပေါ့၊ ကျွန်တော်လည်း မိန်းကို မချင်နေပြီဗျ"

ရယ်ကျဲကျဲပြန်ပြောသည့် သတ္တိကို ကိုချမ်းကြီးက ခပ်တည်တည်ကြည့်ပြီး . . .

"မင်း လက်လျှော့လိုက်တော့ ငတိ၊ မင်းသွားလို့ဖြစ်မှာ မဟုတ်ဘူး၊ မင်းကိုလည်း ပြင်ဦးလွင်ကဆိုရင် လုံးဝယုံမှာမဟုတ်ဖူး"

"ဟင် . . ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့လဲဆိုတော့ ခတ္တာရဲ့အဖေဆိုတာ မင်းရဲ့အိုင်စတိုင်ဘော်ဒါကြီးပဲ"

"ဗျာ . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

နောက်နေ့မှာလည်း သတ္တိက သတ္တိရှိရှိနှင့်မသွားပါ။ မိုက်ရူးရဲဟုလည်း အပြောမခံနိုင်။ သူမလာဖြစ်ကြောင်းကိုလည်း ခတ္တာကိုဖုန်းဆက်ပြီး အသိမပေးထားချေ။ အားငယ်နေသူ ခတ္တာလေးကို ထပ်ပြီးစိတ်မညစ်စေချင်တော့။ အတတ်နိုင်ဆုံးပြေလည်အောင် သတ္တိဖန်တီးထားပါသည်။ ဒါဆို သတ္တိဘာတွေလုပ်နေသလဲ။ ရပ်ကွက်ထဲမှာ ကလေးများနှင့် ဘိလိယက်ထိုးနေပါသည်။ ကျူတံကြီးတဝင့်ဝင့်နှင့် အေးဆေးပဲဖြစ်သည်။

ရှေ့ကဖြတ်သွားသူများကိုပင် အော်ဟစ်နောက်ပြောင်နေသေး၏။

"ကိုလှုငြိမ်းခိုင်ကြီး တူတွေလွှတွေနဲ့ ဘယ်တုန်းဗျ"

"ကိုညီတို့ လက်ဖက်ရည်ဆိုင်ကိုဟော့၊ စားပွဲလေးတွေပြင်ပေးမလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားဒုတ်ထိုးရောင်းရင်းက မိန်းမထွက်ပြေးသွားပြီး ယစ်ထုပ်ကြီးဖြစ်နေသူ လှငြိမ်းခိုင်ပါ။ ခုလည်း စောစောစီးစီး ကောင်းနေပုံရသည်။ သတ္တိက . . .

"ဟော့လူ . . ခင်ဗျားမိန်းမ ပြန်ရောက်ပြီလားဗျ"

လှငြိမ်းခိုင်က နှလုံးသားတစ်ခုလုံး ကြေမွနေသော အသံလေးကြီးဖြင့် . . .

"မရောက်သေးပါဘူး သတ္တိရာ၊ ငါ့ဘဝမှာ မိန်းမဆိုတာ မရှိတော့ပါဘူး"

"ဒါနဲ့ . . ခင်ဗျား အခု လက်သမားလုပ်နေတာလား"

"အေးလေ . . မိန်းမမှမရှိတော့တာ သတ္တိရာ၊ ကိုယ့်လက်ကိုယ်ပဲ အားကိုးရမှာပေါ့"

ဘာမှလဲမဆိုင်ချေ။ သတ္တိအူကြောင်ကြောင်ဖြစ်သွားပြီး . . .

"ဗျာ . . ဘာဖြစ်လို့လဲ"

"ဩော် . . ငါ့တစ်ကိုယ်တည်းတော့ ရပ်တည်လို့ရသွားပြီလေ၊ လက်သမားအလုပ်က စိတ်တည်ငြိမ်တယ်ကွ"

"ကောင်းတယ် . . ကောင်းတယ်၊ ခင်ဗျားနဲ့တော့ ကွက်တိပဲ"

မူးစပ်စပ်နှင့် လှငြိမ်းခိုင်တစ်ယောက် ထွက်သွားတော့သည်။ ဟုတ်တော့လည်း ဟုတ်သားဟု သတ္တိတွေးမိသေး၏။ ခဏနေတော့ ခန့်မင်းထက်ဆိုင်ထဲသို့ အူယားဖားယား ပြေးဝင်လာပြီး . . .

"ဟာ . . ငတိ၊ မင်းတကယ်မသွားဘူးပေါ့"

"အေးလေ . . သွားလို့မှမဖြစ်တာ"

"ခတ္တာတော့ ဒုက္ခပါပဲကွာ"

မဆီမဆိုင် ဝင်ညည်းသောကြောင့် . . .

"ငါစိတ်ပူရမှာပါ ခန့်မင်းထက်ရာ၊ မင်းက တစ်မျိုး"

"တစ်မျိုးဆို မင်းလုပ်နေတာလည်း ကြည့်ဦးလေ၊ ဟိုမှာ ခတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ရှာပျက်နေပြီလား မသိဘူး"

"မပျက်ပါဘူးကွာ၊ ငါမသွားနိုင်ပေမယ့် လူလွှတ်ထားပါတယ်"

"ဟေ . . ."

ဟုတ်ပါသည်။ သတ္တိညွှန်ပြလိုက်သော ခတ္တာတို့အိမ်ရှေ့ ရောက်သည်အထိ ချိုထွန်းဒူးတွေတုန်နေသေးသည်။ ပြီးမှ စိတ်ကိုတင်းကာ အိမ်ထဲသို့ ချင်းနင်းဝင်ရောက်သွားလေ၏။

"အိမ်ရှင်တို့ . . အိမ်ရှင်တို့ . . ."

ဦးချစ်ခင် တံခါးဝမှ အသာထကြည့်လိုက်သည်။ မိမိ၏သမီးကိုလည်း မွေးရတာဝမ်းရစပ်လိုက်တာဟု အပြစ်တင်ချင်သွား၏။ တင်လို့တော့ မရချေ။ ကိုယ်က ယောက်ျားကြီး။ မည်သို့ပင်ဆိုစေ ခုအော်ခေါ်နေသည့် နှာခေါင်းကြီးကြီး၊ ဆံပင်ငှက်သိုက်နှင့် အရပ်ငါးပေပင် မပြည့်လောက်သော ဒီအတ္တဘောလေးဟာ သမီး၏ချစ်သူဖြစ်နေပြီ။ ဘာတတ်နိုင်တော့မည်နည်း။

"လာဟေ့ . . မောင်ရင်၊ အပေါ်ကို တက်ခဲ့"

နာမည်ကို သတ္တိဟု သိထားရသည့် ထိုလူငယ်က မဝံ့မရဲ ခြေလှမ်းများဖြင့် အပေါ်ကိုတက်လာသည်။ ပြီး မရဲတရဲကြည့်လိုက်၍ ဦးချစ်ခင်မျက်မှောင်ကုတ်မိသွား၏။ ဒီမျက်ခွက်ကို သူကောင်းကောင်း မြင်ဖူး၍ ဖြစ်သည်။

ထိုသတ္တိက (အမှန်မှာ ချိုထွန်းဖြစ်သည်။) . . .

"ဦး ခတ္တာရဲ့ ကိစ္စအတွက် . . ."

"နေဦး . . နေဦး၊ မောင်ရင့်ကို မြင်ဖူးသလိုပဲကွ"

ချိုထွန်းက ဝမ်းသာအားရဟန်ဖြင့် . . .

"ဦး . . တီဗီအမြဲကြည့်လို့ ထင်တယ်"

"ဟေ . . မင်းက ကြော်ငြာသရုပ်ဆောင်လား"

"ဟဲ ဟဲ . . ကျွန်တော်က မဂ္ဂဇင်းသတင်းထောက်လေ၊



www.burmeseclassic.com

www.burmeseclassic.com



MRTV 4 မှာ အင်တာဗျူးတွေ လုပ်ဖူးတယ်”

ဘာမှလဲမဆိုင်ပါ။ ဦးချစ်ခင်ကြောင်သွားပြီး . . .

“မင်းက ခုဘယ်ကလာတာလဲကွ ဟေ”

“အိမ်ကပေါ့၊ ကျွန်တော်က ဟိုဘက်ရပ်ကွက်ဟင်နေတာ”

“ဟာ . . ဒါဆို ပြင်ဦးလွင်က မဟုတ်ဘူးပေါ့”

“မဟုတ်ပါဘူး ဦးရယ်၊ ရန်ကုန်သားစစ်စစ်ပါ”

“မင်းနာမည် သတ္တိလည်း မဟုတ်ဘူးပေါ့”

“ပေါက်ပေါက်ရှာရှာဗျာ၊ ကျွန်တော့်နာမည် ချိုထွန်းပါ”

“ဘာတွေလဲကွာ၊ ဒီနေ့ကိုးနာရီကို ငါ့သမီးက သတ္တိလာမယ် ဆိုလို့ကွ၊ မင်းက ဘာလာလုပ်တာလဲ”

ဦးချစ်ခင် စိတ်ပျက်လက်ပျက်ဖြစ်သွားပုံကို ချိုထွန်းကကြည့်ကာ . . .

“ကျွန်တော်လာတာကလည်း သတ္တိကိစ္စပါ”

“ဟေ . . ဘယ်လို . . ဘယ်လို”

“ဟုတ်ပါတယ် ဦး၊ ဒါနဲ့ ဦးမိန်းမကော ရှိလားဗျ”

“ဘာကွ . . မင်းဘာစကားပြောတာလဲ”

မိန်းမကိုမေးလိုက်၍ ဒေါသထွက်သွားပုံရသည်။ ချိုထွန်းက ကပျာကယာပဲ . . .

“ဟာ . . မဟုတ်ဘူး . . မဟုတ်ဘူး၊ သတ္တိက ဦးမိန်းမကို ဒီနေ့ သူမလာဖြစ်ကြောင်း တောင်းပန်စာပေးခိုင်းလိုက်လို့”

“ငါ့ကိုပေးခဲ့လေကွာ၊ အဲဒီကောင် ဘာဖြစ်လို့ မလာတာတဲ့လဲ”

“မသိဘူးဗျ၊ စာကို ဦးဆီပေးထားလို့ ဖြစ်ပါ့မလား”

ဦးချစ်ခင် ဒေါသအမျက်ချောင်းချောင်း ထွက်သွားပြန်လေသည်။ ချိုထွန်းကို ခပ်တင်းတင်းကြည့်ရင်း . . .

“ဟေ့ကောင် . . ဒီအိမ်မှာ ငါအကြီးဆုံးကွ၊ ငါပြီးမှ အကုန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာ၊ ငါ့ကိုပဲပေးခဲ့ . . ."

ဘယ်သူမှမရှိ၍ ဦးချစ်ခင် ရဲရဲဝင့်ဝင့် ပြောလိုက်ပါသည်။ ချိုထွန်းလည်း မနေသာတော့ချေ။ စာအိတ်ကလေးကိုထုတ်ပေးရင်း တုန်တုန်ယင်ယင်ဖြင့် . . .

"ဒါ . . ဒါ . . ဒါဆိုလည်း ဦးကိုပဲ ပေးခဲ့မယ်နော်"

"ပေးစမ်းပါကွာ . . မြန်မြန်"

ချိုထွန်းက စာကိုပေးကာ ကုတ်ကုတ်ကလေး ထွက်လာခဲ့၏။

စာ၏ ပထမစာကြောင်း ဖတ်လိုက်စဉ်မှာပဲ ဦးချစ်ခင်မျက်လုံးများ ပြာဝေသွားရ၏။ ဒေါသဖြင့် အသားတွေ တဆတ်ဆတ်တုန်ကာ ဆက်မဖတ်နိုင်တော့။ ပထမစာကြောင်းက . . .

သို့

ချစ်ခင်လေးစားအပ်ပါသော ဒေါ်ခင်မေမြင့်ခင်ဗျား . . တဲ့။

တက်တစ်ချက်ကို အသံကုန်ခေါက်လိုက်မိသည်။ သတ္တိဆိုသော သဘ္ဘာဝါက မသိလို့ရှေ့သည်ထားဦးတော့။ ဒီလိုအစချိဖို့ မကောင်းချေ။ အခုတော့ ကိုယ့်မှာ မိန်းမကိုကြောက်ပြီး လေးစားနေရသော ပေါတောတောကြီးဖြစ်ရပြီ။ ဦးချစ်ခင်တစ်ယောက် ကိုယ့်ဘဝကိုယ် အတော် ရင်နင့်သွားလေ၏။ အိမ်ဦးနတ်ဟု ပြောမိသည်ကိုပင် နောင်တ ရချင်သွားသည်။

ထိုသို့ဖြင့် ချစ်ခင်လေးစားသော ဒေါ်ခင်မေမြင့်မသိအောင် စာအိတ်ကို အသာလေး ပြန်ပိတ်ထားလိုက်ရ၏။

* * * *

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ပြဿနာတွေက ဆင့်ကဲဆင့်ကဲ ဖြစ်လာ၏။ ဘယ်လိုဖြစ်ကုန်သည်မသိ။ နောက်ဆုံးတော့ ခတ္တာအဆူခံရသည်။ ပြီး အောက်ပါကြော်ငြာချက်တွေ တန်းစီပြီးထွက်လာလေ၏။

၁။ သတ္တိ မလေးမစားလုပ်သည်ဟုဆိုကာ မေမေက ပယ်ချလိုက်ခြင်း။

၂။ ဖေဖေကလည်း မေမေ့ဖက်က အပြည့်အဝထောက်ခံလိုက်ခြင်း။

၃။ ကိုသစ္စာကလည်း ဥက္ကာပိုပြီးအတင့်ရဲလာကြောင်းကို အိမ်မှာဖြေပြပြီး မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ပေးစေချင်ခြင်း။

၄။ နောက်ပိုင်း ခတ္တာအပြင်ထွက်လျှင် ကိုသစ္စာ တန်းလန်းတန်းလန်းနှင့် ဖြစ်နေခြင်း။ (အမြဲကပ်ပါနေသည်ဟု ဆိုလိုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သတ္တိက (ခတ္တာ၏အဖေက သူ့အိုင်စတိုင်းဘော်ဒါကြီး ဖြစ်နေသောကြောင့်) နောက်တစ်ပတ်မှ လာတွေ့ပါမည်ဟု စဉ်းစားချိန်ရအောင် အချိန်ဆွဲပြီး စာနှင့်တောင်းပန်လိုက်ခြင်း ဖြစ်သည်။ ခုတော့ ဇာတ်လမ်းက ပြတ်ပြီ။

ခတ္တာလည်း သတ္တိမလာဘဲ ဘာကြောင့်ဒီလိုလုပ်သည်ကို စဉ်းစားမရဖြစ်မိသည်။ စိတ်တွေထွေပြားနေပြီး သတ္တိနှင့်သာ တွေ့ချင်နေမိ၏။ မထူးတော့ပါဘူးဆိုပြီး အဖြေပေးလိုက်ရန် မဟုတ်ချေ။ ကက်ကက်လန်ရန်တွေ့ဖို့လည်း မဟုတ်။ ဘာကြောင့် ခုလိုဖြစ်ရတာလဲဟု မေးချင်၍ဖြစ်၏။

ခုလည်း ဟိုလိုလိုဒီလိုလိုနှင့် အပြင်ထွက်လာတော့ ကိုသစ္စာက မေမေပေးထားသည့် အာဏာကို အပြည့်အဝသုံးကာ ပါလာပြန်သည်။ ခတ္တာကို ရွှန်းရွှန်းစားစားကြည့်ကာ . . .

"ခတ္တာလေး . . ခုဘယ်သွားမလို့လဲ"

"မသိဘူး . . ."

စိတ်တိုတိုနှင့် ပြန်အော်ပစ်လိုက်၏။ ကိုသစ္စာကတော့ အပြုံးပင်မပျက်ဘဲ . . .

"ဒါဆို ကိုယ်နဲ့ဘုရားသွားကြမလား၊ ရွှေဂုံလေ"

"ရှင် . . ."

ခတ္တာ ပြူးကြောင်ကြောင် ပြန်ကြည့်လိုက်သည်။ စကားမှားသွားမှန်းသိ၍ ကိုသစ္စာက ရှက်ရယ်ရယ်ပြီး . . .

"အဟီး . . ရွှေတိဂုံကိုပြောတာပါ၊ ကိုယ်လည်း ပြေဇင်ချောနဲ့ မျောသွား . . ဟာ . . ."

သွားပြီ။ ကိုသစ္စာမျက်နှာကြီး ရဲရဲနီကာ ထူပူသွား၏။ ခတ္တာလည်း တကယ်စိတ်လက်ကျုန်ခမ်းသွားသည်။ ပြီးတော့ ဒီဒူကြီးနှင့်နှစ်ယောက်တည်း ဘုရားမတက်ချင်ပါ။ ဟိုတစ်နေ့က သွားပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် . . .

"ကျွန်မသွားစရာရှိလို့ ထွက်လာတာ"

"ကိုယ်လိုက်ပို့မှာပေါ့၊ ဘယ်ကိုသွားမှာလဲ"

"မဝင်းမာတို့အိမ် . . ."

ခပ်ပြတ်ပြတ်ပြောရင်း ခပ်သွက်သွက် လျှောက်လိုက်သည်။ ကိုသစ္စာက နှင်လို့လည်း ရမည်မဟုတ်ချေ။ ခုလည်း နဖူးပြောင်ပြောင်ကြီးနှင့် အတင်းကပ်သပ်လိုက်လာ၏။ လမ်းတလျှောက် စကားထပ်မပြောတော့။ တော်သေးသည်။ သူမလည်း တလွဲတွေ ထပ်နားမထောင်ချင်။

သို့နှင့် မဝင်းမာအိမ်သို့ တန်းတန်းမတ်မတ် ရောက်သွားကြသည်။

အိမ်ထဲကို ခတ္တာနှင့်တွဲဝင်လာသည့် (လက်တွဲပြီး ဝင်လာခြင်းမဟုတ်၊ အတူတကွဟု ဆိုလိုသည်။) ပုံဆိုးပန်းဆိုးကြီးကိုကြည့်ကာ မဝင်းမာ အံ့ဩနေ၏။

ခတ္တာက (မကောင်းတတ်၍) . . .

"မဝင်းမာ . . ဒါ ကိုသစ္စာလေ"

"ဪ . . ."

ထိုမျှလောက်ပဲ အသိအမှတ်ပြုနိုင်ရှာသည်။ ခတ္တာကိုလည်း ကိုယ်ချင်းစာမိသွားသည်။ ဒါကြီးကို ပိုက်ဆံဘယ်လောက်ရှိရှိ ဘယ်သူက ရင်ခုန်မည်နည်း။ ပြီးတော့ ဒီလောက်မဲမဲပြောင်ပြောင်ကြီးက တရုတ်လည်း မဖြစ်နိုင်ပါ။ သူတိတ်တခိုး မြတ်နိုးနေမိသည့် ဆရာအောင်လတ်နှင့်တော့ ဆီနဲ့ရေ၊ အိုးနဲ့မိုးကြိုးပဲဟု တွေးမိသည်။ ဟိုက ဖြူဖြူဖွေးဖွေး တရုတ်ကြီး။

ခတ္တာနှင့် ကိုသစ္စာကို ကော်ဖီဖျော်ပြီး ဧည့်ခံနေသည်။ ခတ္တာကိုကြည့်ရသည်မှာ သူ့အား တစ်ခုခုပြောချင်နေသည့်ပုံစံ။ ဧည့်ခန်း


www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကိုသစ္စာရှိနေ၍ ဖြစ်မည်။ ထွေရာလေးပါးပြောရင်း ကိုသစ္စာ ကော်ဖီကုန်လောက်မှ မဝင်းမာက အားနာဟန်ဖြင့် . . .

"ဟို . . ကိုသစ္စာ . . ခဏလောက် ရှောင်ပေးလို့ရမလား"

"ဗျာ . . ."

"ဒီ . . ဒီလိုပါ၊ ကျွန်မနဲ့ခတ္တာ မိန်းကလေးကိစ္စလေး တိုင်ပင်စရာရှိလို့"

"အို . . မဝင်းမာကလည်း ရှက်စရာကြီး"

ခတ္တာကပါ အလိုက်သင့်လေး စကားထောက်ပေးလိုက်၏။ ကိုသစ္စာ မျက်နှာအထားခက်သွားပြီး သူ့နဖူးပြောင်ပြောင်ကြီးကိုပွတ်ကာ ထရပ်လိုက်ပြီး . . .

"ရ . . ရ . . ရပါတယ်၊ မိန်းကလေးတွေဆိုတော့ ဒီမျိုးလိုး ကိစ္စတွေ ရှိမှာပေါ့"

"ရှင် . . ."

ဒီတစ်ခါတော့ မဝင်းမာကြောင်သွားရသည်။ ဒီမျိုးလိုးဆိုတာ သူမကြားဖူးပါ။ ခတ္တာက သဘောပေါက်စွာပဲ . . .

"ကဲ . . ကဲ . . ကိုသစ္စာ သွားမယ်ဆိုလည်း သွားလေ၊ ကျွန်မပဲ ရှင်းပြလိုက်မယ်"

"အင်း . . အင်း"

ကိုသစ္စာ ရှက်ရှက်နှင့် ထထွက်သွား၏။ ခြံထဲဆင်းလာပြီးမှ ကိုယ့်ဘဝကိုယ် ရင်နာမဆုံးဖြစ်နေမိ၏။ စကားပြောလျှင် ဒီလောက်လုံးနေသည့်လျှာအား ဖြတ်ပစ်လိုက်ချင်မိသည်။ မဖြစ်သေးပါ။ မကြာမီ ကိုယ်က မိန်းမရတော့မည်။ မောင်ရေ . . မေရေ ပြောရဦးမည်ပေါ့။

ထိုသို့ တောင်စဉ်ရေမရ တွေးမိနေစဉ် . . .

"ဟော့လူ . . မဝင်းမာရှိလား"

မေးမေးပြီးချင်း သတ္တိက ကိုသစ္စာမှန်းသိသွား၏။ ကိုသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဇဝေဇဝါမျက်နှာနှင့် . . .

"အဲ . . အင်း . . ရှိတယ် . . ရှိတယ်"

"ကျေးဇူးပဲ"

သတ္တိက အိမ်ပေါ်လှမ်းတက်ရန် ပြင်လိုက်၏။ ကိုသစ္စာက ကသောကမျောနှင့် လှမ်းဆွဲကာ . . .

"ဟာ . . ဟော့ . . မင်းသွားလို့မဖြစ်ဖူး ထင်တယ်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ကျွန်တော် ဒီလိုလာနေကျပဲဥစ္စာ"

"မဟုတ်သေးဘူးကွ၊ အထဲမှာ ခတ္တာလည်း ရှိသေးတယ်"

ပိုကောင်းတာပေါ့ဟုတွေးရင်း သတ္တိဝမ်းသာသွား၏။ ထိုအရိပ်အကဲကို မျက်နှာမှာ မပေါ်စေရဘဲ . . .

"ဟုတ်လား . . ကိစ္စမရှိပါဘူးဗျာ၊ ခတ္တာဆိုလည်း ရပါတယ်"

"ဘာ . . ဘာ . . ဘာရတာလဲကွ"

"ဩော် . . မဝင်းမာဆီလာတဲ့ကိစ္စက လူသိမခံဝံ့တဲ့ကိစ္စမှ မဟုတ်တာ"

ကိုသစ္စာက သတ္တိအား စိတ်ပျက်သွားသည့် ပုံစံဖြင့်ကြည့်လျက် . . .

"မသိဘူးကွာ၊ ငါပြောတာက သူတို့မိန်းမချင်းကိစ္စတွေပြောနေလို့ မင်းကိုမသွားနဲ့ဦးလို့ ပြောတာ . . ."

ထိုစဉ် . . .

"သတ္တိရောက်နေတာလား၊ လာလေ အပေါ်ကို . . ."

အိမ်ဝမှခေါင်းပြူကာ မဝင်းမာက လှမ်းခေါ်ခြင်းဖြစ်သည့် ကိုသစ္စာကိုတော့ ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် မထင်ပါ။ နှမ်ည်တပ်ကာ အတိအကျခေါ်ခြင်းကြောင့် ကိုသစ္စာကို မတူမတန်သလိုကြည့်ရင်း အပေါ်သို့ မြောက်ကြွကြွတက်သွားပါသည်။ ကိုသစ္စာခမျာဘလိုင်းကြီးနှိမ်ခံလိုက်ရ၏။ သတ္တိဆိုသော နာမည်ကိုပင် စိတ်စနောင့်



www.burmeseclassic.com

www.burmeseclassic.com



စနင်း ဖြစ်နေမိသည်။ ကြားဖူးသလိုလို။ ပြီး ဒီကောင့်ကိုလည်း တစ်နေရာရာမှာ တွေ့ဖူးသလိုလို။

ထိုအချိန်တွင် သတ္တိနှင့်ခတ္တာ ထိပ်တိုက်တွေ့နေကြပြီ။ တစ်ယောက်နှင့်တစ်ယောက် နဖူးချင်းတော့တိုက်နေခြင်းတော့ မဟုတ်။ ဝမ်းဘိုင်ဝမ်း (one by one) တွေ့နေကြခြင်း ဖြစ်သည်။

သတ္တိက ဖြစ်စဉ်ကို ရှင်းပြလိုက်ပြီး (သုံးလုံးပေါင်းတစ်ဆယ် မဟုတ်ပါ။) . . .

"အဲဒါပါပဲ ခတ္တာရယ်၊ ကျွန်တော်ဘယ်လိုမှ လာလို့မရလို့၊ ချိုထွန်းကိုလွှတ်ပြီး စာပေးခိုင်းလိုက်တာ"

"ရှင့်ကို အကူအညီတောင်းမှပဲ ပိုဆိုးကုန်တော့တယ်"

"ဟင် . . ဘာဖြစ်လို့လဲ"

ဒီဖက်က အခြေအနေကိုလည်း ကိုယ်တော်အား ပြောပြရပြန်သည်။ စကားဆုံးတော့ သတ္တိစိုးထိတ်တုန်ခါသွား၏။

"ဒုက္ခပါပဲဗျာ၊ ခတ္တာ ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"ဒီအခြေအနေရောက်တော့မှ ကျွန်မက ဘာလုပ်လို့ရဦးမှာလဲ"

စိတ်ပျက်အားလျော့နေသည့် ခတ္တာကိုကြည့်ကာ သတ္တိသနားသွားသည်။

"မဟုတ်သေးဘူးလေ ခတ္တာရဲ့၊ ပြဿနာတစ်ခုမှာ တတိယနည်းလမ်းဆိုတာ ရှိသေးတာပဲ"

"ရှင်က ဘာလုပ်စေချင်လို့လဲ"

"မထူးတော့ပါဘူးဗျာ၊ ခတ္တာ ကျွန်တော့်ကိုပဲ အဖြေပေးလိုက်တော့၊ အဲဒါအကောင်းဆုံးပဲ"

"အရေးထဲ ရှင်က တစ်မျိုး . . . "

ခတ္တာက မျက်ခုံးနှစ်ဖက်ကိုစုရင်း ပြောလာ၏။ သတ္တိက . .

"အဲလိုမထင်ပါနဲ့ဗျာ၊ လူဆိုတာ ကျဉ်းထဲကျပ်ထဲရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းအမှန်ပေါ်တယ်လေ၊ ကျွန်တော့်အပေါ် ခတ္တာရဲ့စိတ်ရင်းအမှန် လည်း သိရပြီပေါ့၊ ပြောလေ . . ကျွန်တော်စီစဉ်လို့ရအောင် . . . "

"အောင်မာ . . ရှင်က ဘာကိုစီစဉ်ချင်လို့လဲ"

"ခတ္တာပဲ စဉ်းစားကြည့်လေ၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်ရမှာလည်း ဒုက္ခ၊ ချစ်သောသူနှင့် ကွေကွင်းရမှာလည်း ဒုက္ခ ဆိုတာ ခတ္တာသိမှာပေါ့၊ အဲဒီဒုက္ခတွေနဲ့ ကင်းဝေးတဲ့နေရာကို ကျွန် တော်လိုက်ပို့ချင်လို့ပါ"

သူ့စကားကို ခတ္တာက မထုံတက်တေးပုံစံလေးဖြင့် . . .

"ဆိုစမ်းပါဦး၊ ဘယ်နေရာလဲလို့"

"သုခမြို့တော်ပေါ့ဗျာ၊ အဲ . . ဆရာမြသန်းတင့်ဘာသာပြန် တဲ့ သုခမြို့တော် မဟုတ်ဖူးနော်၊ နှစ်ယောက်တည်းနေလို့ရတဲ့ ကိုယ်ပိုင် သုခမြို့တော်ကိုပြောတာ"

သတ္တိက လက်ဦးမှုရအောင် အပြင်းအထန် ကြိုးပမ်းနေ၏။ ခတ္တာက လွင်လွင်သိမ့်သိမ့်လေး ရယ်တော့သည်။

ပြီးမှ မျက်လုံးလေးထောင့်ကပ်ပြီး . . .

"အင်း . . ရှင်ဒီလောက် အာမခံနေတော့လည်း . . . "

"ဟာ . . ခတ္တာ၊ ကျွန်တော့် . . ကျွန်တော့်ကို လက်ခံပြီပေါ့ နော်"

"ဘယ်တတ်နိုင်တော့မှာလဲ၊ ကိုသစ္စာနဲ့ လိုက်သွားရတော့မှာ ပေါ့"

"ဗျာ . . . "

စားခါနီးထမင်းလုပ် ပုတ်ချခံရသလို သတ္တိပြာဝေသွား၏။ ခတ္တာကိုလည်း တုန်လှုပ်စွာ ကြည့်မိ၏။

ခတ္တာက မထူးခြားဟန်နှင့် ထရပ်ရင်း . . .

"ဟုတ်တယ်လေ၊ သွားလေရာကို အဲဒီလူကြီးက ပါနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သူနဲ့ပြန်ရတော့မယ်လို့ပြောတာ"

"ကျွန်တော့်ကိစ္စကတော့ ခတ္တာရယ်"

"ရှင်နဲ့က ပြောစရာမရှိတော့ဘူးလေ"

သတ္တိရင်ထဲမှာ စူးအက်နာကျင်သွား၏။ ဒါ ခတ္တာပေးတဲ့ အဖြေပေါ့။ ရပါတယ် ခတ္တာ . . ။ ကျွန်တော်လက်ခံပါတယ်။ နာကျင်စွာတွေးရင်း သတ္တိခေါင်းငုံ့ချလိုက်သည်။ သူ့ရင်ထဲက အားအင်များ စုပ်ယူခံရသလို နုံးခွေသွားတော့သည်။

နောက်ဆုံးစကားပါပဲဟု မျှော်လင့်တကြီးတွေးကာ သတ္တိ မေးလိုက်သေး၏။

"ခတ္တာ . . ကျွန်တော့်ကို ဘာမှပြောစရာ မရှိတော့ဘူးပေါ့ နော်"

"ဟုတ်တယ် . . ပြောစရာမရှိတော့ဘူး၊ ရှင့်ဘက်က အလုပ်နဲ့ သက်သေပြဖို့ပဲ ကျန်တော့တယ်"

"ဟာ . . ."

ခန္ဓာကိုယ် လေထဲမြောက်တက်သွားသလို ခံစားလိုက်ရ၏။ ပျော်ရွှင်မှုက ရင်ထဲကို ကော်ကွေ့ယိမ်းထိုးပြီး ပြန်ဝင်လာချေပြီ။ ထို အချိန်မှာပဲ ခတ္တာက မျက်နှာလေးရဲကာ အနားက ပြေးထွက်သွားတော့ သည်။ တားချိန်ပင် မရလိုက်။

ခြံထဲမှာ ဦးဆွေးဆံမြေ့ထိုင်စောင့်နေသော ကိုသစ္စာကိုကြည့် ကာ ခတ္တာ၏ရင်ခုန်သံတချို့က ဆွံ့အသွားကြသည်။ ဒင်းက ဇွဲကောင်း လှချည်လား။ ရပါသည်။ သိပ်မကြာတော့ပါဘူး။

ကိုသစ္စာက ခတ္တာကို စူးစိုက်ပြီး ကြည့်လိုက်၏။ ပြီး တည်ငြိမ် ပြတ်သားစွာပင် . . .

"ခတ္တာ . . ခုနကဝင်သွားတဲ့ သတ္တိဆိုတာကို ကိုယ်သိသွားပြီ"

ခတ္တာအလန့်တကြား ကြည့်မိလိုက်သည်။ ဒီတစ်ခါ စကား



www.burmeseclassic.com

www.burmeseclassic.com



မမှားသော်လည်း ကိုသစ္စာအသံက နားထဲကို သံရည်ပူလိုဝင်လာ၏။ ကိုသစ္စာက ဆက်မပြောတော့။ ကြည်စင်နေသော ကောင်းကင်မှာ တိမ်မဲတစ်အုပ်က ဖြတ်အုပ်သွားသလိုမျိုး သူမရင်ထဲမှောင်ကျသွားလေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

နောက်နေ့မှာ အခြေအနေက တစ်မျိုးထပ်ဖြစ်လာပြန်၏။ ခတ္တာသူ့အပေါ် စိတ်ထားပြောင်းသွားခြင်းတော့ မဖြစ်နိုင်။ သတ္တိက ပူပူနွေးနွေးချစ်သူနှင့် တွေ့ချင်လှသည်မို့ တရုတ်စကားပြောသင်ထန်းသို့ လိုက်သွားသည်။ သို့သော်လည်း ချစ်သောခတ္တာက ရောက်မလာချေ။ ဥက္ကာကိုပဲ ကင်တင်းမှာ ငုတ်တုတ်ကြီးတွေ့ရလေသည်။

သတ္တိစိတ်ပူသွားမိ၏။ ခတ္တာမှာ ဘာပြဿနာရှိပြန်ပြီလဲ။ ဥက္ကာကတော့ ခတ္တာသင်တန်းလာမတက်သည်ကို သူ့ရှေ့တွင် မသိနားမလည်စွာဘဲ အားမနာလျှာမကျိုး အဖြစ်သည်းပြနေသည်။ အဖြစ်မှန်သာသိလျှင် ဥက္ကာသွက်သွက်ခါသွားလောက်ပြီ။

သင်တန်းအဆင်းမှာ မဝင်းမာမေးကြည့်တော့လည်း အဖြေက ရေရေရာရာမရှိလှ။ သို့ဖြစ်၍ နောက်နေ့ထပ်လာစောင့်ရုံပဲ တေးထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာလည်း ထူးမခြားနား။ ခတ္တာရောက်မလာပါ။ အပြန်မှာ မဝင်းမာကို ခတ္တာတို့အိမ် လှည့်ဝင်ခိုင်းရတော့သည်။ ကိုယ့်မှာလည်း နေလို့မီးလို့ပူနေပြီလေ။ ဒါတောင် မဝင်းမာက အင်တင်တင်။ သူ့ဆရာဆိုလား တရှတ်ကြီးနှင့် ကင်တင်းမထိုင်ရ၍ သိပ်မကြေနပ်လှ။

နောက်ထပ်တစ်ရက်က သင်တန်းပိတ်ရက်ဖြစ်သည်။ သတ္တိလည်း အကျိုးအကြောင်းသိချင်၍ မဝင်းမာအိမ်ကို လိုက်သွားရတော့သည်။ ရောက်တော့ ဟိုမှာ ခတ္တာကလွဲပြီး သူ့သူငယ်ချင်းများ (မမြတ်သစ်၊ မေသန္တာ၊ ဇာခြည်) ရောက်နေကြပြီ။ မဝင်းမာက သူလာတာကိုပင် ဂရုမစိုက်နိုင်ဘဲ ငွေတိုးပေးစားသည့် မမြတ်သစ်ကို အလုပ်အကြောင်း စပ်စုနေသေးသည်။

သတ္တိက မနေနိုင်တော့ဘဲ . . .

"မဝင်းမာ . . ခတ္တာက ဘာတဲ့လဲဗျာ"

"ဘာမှမဟုတ်ပါဘူးဟယ်၊ ဟဲ့ မမြတ်သစ် ရွှေအပေါင်ထားရင် အတိုးဘယ်လောက်ယူလဲ"

"သူများတွေတော့ မသိဘူး၊ ကျွန်မတော့ တစ်ဆယ်ပဲယူတယ်"

သတ္တိစိတ်ညစ်သွားသည်။ ဒုတိယမ္ဘိ ထပ်မေးလိုက်၏။

"မဝင်းမာ . . မဝင်းမာ . . ခတ္တာက ဘာဖြစ်နေတာလဲလို့"

"ဒီလိုပါပဲ၊ အလွတ်ဆိုရင်ကော နင်ဘယ်လောက်ယူလဲ"

"အဲဒါဆိုရင်တော့ နှစ်ဆယ်ပဲလေ"

ဒုက္ခပါပဲ။ အပေါင်ကိစ္စကိုပဲ စတော့ရှယ်ယာဈေးကွက်လိုအရေးတကြီး ဆွေးနွေးနေကြသည်။

တတိယမ္ဘိ သတ္တိလည်း သည်းမခံနိုင်တော့ဘဲ မဝင်းမာလက်ကိုဆွဲလိုက်ပြီး . . .

"မဝင်းမာ ပြောတော့ဗျာ၊ ခတ္တာ ဘာဖြစ်လို့ သင်တန်းမတက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲလို့"

"ဟာ . . နင်ကလည်း ဘာမှမဖြစ်ဘူး၊ ဟိုဟာတွေ ဖြစ်နေလို့ပေါ့၊ အတင်းပဲမေးနေတယ်၊ မမြတ်သစ် ပြောဦး ငွေဘယ်လောက်ရှင်းရှင်းရလဲ"

စတုတ္ထမှာ သတ္တိပါးစပ်ပိတ်သွားတော့သည်။ နားလည်လိုက်ပါပြီ။ ဟိုဟာဆိုတော့လည်း ဟိုဟာပဲပေါ့လေ။

မဝင်းမာက သူ၏ကြီးကျယ်ခန်းနားသော အပေါင်ကိစ္စကြီး စုံစမ်းမေးမြန်းပြီးတော့မှ . . .

"သတ္တိ . . နင်ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ၊ အစ်မစကားမပြတ်သေးလို့"

သတ္တိအူကြောင်ကြောင်နှင့် ဖြေလိုက်၏။ မဝင်းမာက ကျွတ်စ်ခနဲ အသံထွက်ကာ ခေါင်းခါရင်း . . .

"နင်ထိုင်နေတာကို ပြောတာမဟုတ်ဘူး၊ ဘာလုပ်နေတာလဲဆိုတာ မိတာကို မခိုးသေးဘူးလား၊ ဟိုဘက်မှာ နီးနေပြီနော်"

"မဝင်းမာပဲ ခတ္တာက ဟိုဟာဖြစ်နေတယ်ဆို"

"အာ . . ဒီကောင်လေး၊ ပေါက်ကရတွေ ပြောမနေနဲ့၊ အမြန်ခိုးတော့ဟဲ့"

"ဖြစ်ပါ့မလား . . ကျွန်တော် ခတ္တာနဲ့တောင် မတိုင်ပင်ရသေးဘူး"

မြင်နေလျက်သားနဲ့ မဝင်းမာက သူ့ကိုအထူးအဆန်းလို ကြည့်သည်။ ပြီး တအံ့တသြနှင့် . . .

"ဟယ် . . သတ္တိရယ်၊ ဒုံးဝေးလိုက်တာဟဲ့၊ မိတာ ဒီလောက်စိတ်ဆင်းရဲနေတာ နင်သိသားနဲ့၊ နင် ခုချိန်သာခိုးရင် လိုက်ပြီးသာပဲ၊ မိတာက ညည်းနေလို့ ကိုကိုသတ္တိရေ . . ကိုကိုသတ္တိရဲ့ . . ."

"အဟီး . . တားက အတိဘူးလေဂျာ"



www.burmeseclassic.com

www.burmeseclassic.com



သတ္တိ ပေါ်တောတောလုပ်ပြလိုက်၏။ ရင်ထဲမှာလည်း အတော် ပျော်နေပြီ။

ဇာခြည်ကလည်း . . .

"မြန်မြန်ခိုးစမ်းပါဟယ်၊ အဲဒီ သစ္စာဆိုတဲ့လူကို အူမကျွဲခတ်တာ ကြည့်ချင်လို့"

"ဟုတ်ပ့ါ . . ဥက္ကာလည်း ရင်ကွဲယက်ကန်လေး မြင်ယောင် မိပါသေးတယ်"

မေသန္တာကလည်း အပြည့်အ၀ ဆန္ဒပြုသည်။ အားလုံးတော့ ကိုယ့်ဘက်ပါနေကြပြီ။ ပါးစပ်တော့ ဟမပေးနိုင်ပါ။

ထို့သို့ဖြင့် သတ္တိက တိုင်ပင်လိုက်၏။

"ကဲ . . အကြံပေးကြဦးဗျာ၊ ဘယ်နေ့ဆိုရင် ကောင်းမလဲ"

မ၀င်းမာက ချက်ချင်းပဲ . . .

"လာမယ့် ရှစ်ရက်နေ့သာခိုး . . အကောင်းဆုံးပဲ"

"ရက်ရာဇာကြောင့်လား . . ."

"မသိဘူးဟေ့ . . ရက်ရာဇာတွေ နဂါးခေါင်းတွေ . . ၊ တရုတ် အယူအရ ရှစ်ဂဏန်းဟာ ကံကောင်းစေတဲ့ဂဏန်းပဲ၊ အဲဒါကြောင့် ပြောတာ . . ."

"လာပြန်ပြီ၊ ဟုတ်တယ် သတ္တိရဲ့ . . ၊ မ၀င်းမာက သူကြိုက် နေတဲ့ တရုတ်ဆရာအောင်လတ်ကိုတောင် ရှစ်ရက်နေ့မှာ အဖြေပေး မလို့တဲ့ဟေ့၊ သူ့စကားနားထောင်လိုက် . . ."

ရယ်ကြရတော့သည်။ မ၀င်းမာ၏ မျိုးချစ်စိတ်က အံ့မခန်း။ မည်သို့ပင်ဖြစ်စေ လေးစားလိုက်နာရမည်။ ရှစ်ဆိုတာ ချစ်နဲ့အသံထွက် မှ သိပ်မဝေးသည်ပဲလေ။

ခတ္တာဘက်မှ မိန်းကလေးသူငယ်ချင်းများက ရင်တိုက်အား တိုက် ဖြစ်နေကြသလို သတ္တိ၏ရောင်းရင်းများကလည်း တစ်တစ်ခွခွ



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပေးနေကြသည်။ ထိုသို့သော အားပေးမှုများကြောင့် အများဆန္ဒကိုပဲလိုက်လျောရန် သတ္တိဆုံးဖြတ်လိုက်ပါတော့သည်။

ကိုချမ်းကြီးက စကားတစ်ခွန်း ပြောသွားသေး၏။

"ဩော် . . သတ္တိ . . သတ္တိ . . မင်းလည်း . . . "

"အပဲ့ . . ကျွန်တော်လည်း မိန်းကို မ,မှရတော့မယ်ဗျ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ခတ္တာကို ဒီနေ့ခိုးမည်။ ရုပ်ရှင်တွေထဲကလို သူငယ်ချင်းများနှင့် အရေးတကြီး တိုင်ပင်နေစရာမလို။ ရှင်းရှင်းလေး။ ခတ္တာကို တစ်နေရာမှာ ချိန်းလိုက်မည်။ သူမကိုလည်း အသိမပေးထား။ အံ့ဩပျော်ရွှင်သွားအောင် ဖြစ်သည်။ ပြီးမှ နှစ်ယောက်သားအတူတူ အေးအေးလူလူသွားလိုက်မည်။ အေးဆေးလုံခြုံသည့် တစ်နေရာရာပေါ့။ ဘာမှ ညကြီးမင်းကြီး ခိုးနေစရာမလို။ ညဖက်ခိုးရအောင် ကိုယ်မှ သူခိုးမဟုတ်သည်ပဲ။

သူငယ်ချင်းတွေ တပြုံကြီးနှင့် ကားတွေ၊ ရထားတွေလည်း မလိုပါ။ ချိန်းလိုက်မည်။ ရောက်လာမည်။ ပြောလိုက်မည်။ ပြီးသွားလိုက်မည်။ ရင်ခုန်ကြပြီ။ ဒန့်တန့်တန် . . ။ ပြတ်ရော။

မနက်ပိုင်း သတ္တိအဝတ်အစားလဲနေစဉ်မှာပဲ ဂန္ဓာဝင်လာပြီး-

"ကိုကို . . ဒါက ဘယ်တုန်း၊ ပြောက်ကျားဘောင်းဘီတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေနဲ့"

"ဒီနေ့ အော်ပရေးရှင်းရှိတယ်လေ၊ ဒါကြောင့် ဒီဘောင်းဘီဝတ်နေတာ"

"ဘာအော်ပရေးရှင်းလဲ၊ ရှင်းရှင်းပြော . . ."

"မိန်းမသွားခိုးမလို့ဟ . . မိန်းမသွားခိုးမလို့"

"ဟယ် . . တကယ်၊ ဟို မမပဲလား"

"အေး . . နင်ပြောတဲ့ ငါ့ရဲ့ချစ်သူပဲ"

"ဒေါ်လေးရေ . . ဒီမှာ ကိုကိုရယ် မိန်းမသွားခိုးမလို့တဲ့"

"ဟာ . . ."

တားရန်မမီလိုက်ပါ။ နန္ဒာ၏ အော်ကြီးဟစ်ကျယ်အသံကြောင့် အဒေါ်က အခန်းထဲပြေးဝင်လာသည်။

ပြီး ရင်ဘတ်ကိုဖိကာ . . .

"သား . . အတည်ပြောနေတာလား"

"ဒေါ်လေး . . ."

"ဟေ . . ."

"ကျွန်တော် ဒီညနေမရောက်လို့ကတော့ သတ္တိလူပျိုဘဝကို ဆွဲကြိုးချလိုက်ပြီလို့သာ မှတ်လိုက်ကြတော့ . . ."

"ဘုရားရေ . . ."

ဘုရားတပြီး အဒေါ်ကျန်ခဲ့၏။ သေချာတာကတော့ ခဏနေလျှင် မေမေတို့ဆီ အဒေါ်ဖုန်းဆက်ပြောလိမ့်မည်။ သတ္တိကတော့ ပြောက်ကျားဘောင်းဘီ တကားကားနှင့် ရင်ကော့စွာ . . .။

အပြင်ရောက်တော့ ခတ္တာဆီ ဖုန်းဆက်လိုက်၏။ ချက်ချင်းတန်းဝင်သွားသည်။ ဖုန်း . . .။

ခတ္တာက . . .

"လာခဲ့မယ်လေ၊ ဈေးထိပ်က ထူးကဲလက်ဖက်ရည်ဆိုင်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေ၊ အဲဒီမှာ လူတစ်ယောက်နဲ့ စာရင်းရှင်းစရာလေးရှိနေလို့"

"အင်း . . အင်း"

ခင္တာဖုန်းချသွား၏။ ဘယ်တစ်ယောက်နှင့် ဘာစာရင်းတွေ ရှင်းမည်လဲ။ ထူးကဲလက်ဖက်ရည်ဆိုင်ရောက်တော့ သတ္တိသဘော ပေါက်သွားသည်။ အဲဒီမှာ တွေ့လိုက်ရတာက ဥက္ကာ့ကိုကိုဆိုသည့် လဒလေး . .။

သူ့သူငယ်ချင်းတစ်စုနှင့် ထိုင်နေကြသည်။ သတ္တိကိုတွေ့တော့ လှမ်းခေါ်ပြီး . . .

"အကို ထိုင်ဗျာ၊ ကြိုက်တာစား၊ ဒီနေ့ ကျွန်တော် ဒကာခံနေ တာ . . ."

"တယ်ဟုတ်ပါလားကွ၊ မင်းမွေးနေ့လား"

"မဟုတ်ဘူးဗျ၊ ဒီနေ့ မမကို ကျွန်တော်ခိုးပြေးမလို့လေ၊ ဟိုမှာ ကားတောင်ရောက်နေပြီ"

"ဟေ . . ."

သတ္တိ အကြီးအကျယ် တုန်လှုပ်သွားရသည်။ ဆိုင်ရှေ့မှာ လည်း ဂျစ်ကားတစ်စီးက ရှိနေ၏။ မမဆိုသည်က ခင္တာ။ ခင္တာက သူ့သဘောဟုတ်မည်မဟုတ်။ ဒါဆိုလျှင် . . .

"ဒါနဲ့ မင်းမမက လာမှာသေချာလို့လားကွ"

"သေချာပါတယ်၊ သေချာအောင်ကို တဖက်လှည့်နဲ့ခေါ်ထား တာ၊ ကျွန်တော် မမကို လုံးဝအဆုံးအရှုံး မခံနိုင်တော့ဘူးဗျာ၊ ဟို သစ္စာ ဆိုတဲ့ လူကြီးကိုလည်း မကျေနပ်ဖူး၊ ပြီးတော့ မမရဲ့ဘာညာဆိုပြီး ပြင်ဦးလွင်က လူတစ်ယောက်လာဦးမယ်လို့ကြားတယ်၊ ကျွန်တော် ဘာမှဂရုမစိုက်တော့ဘူးဗျာ၊ မမလာရင် ကားတင်ပြေးမယ် ရှင်းချင် သလိုသာ ရှင်းတော့ . . ."

ဘုရား . . ဘုရား။ ဒီကောင် တကယ်ကြံသည်နေတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းမှုတွေနှင့် ရဲရဲနီနေသော ဥက္ကာ၏မျက်နှာကိုကြည့်တော့ သတ္တိ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ဘယ်သူ့ကိုမှ မတိုင်ပင်မိတာ မှားပြီ။ ဥက္ကာနှင့် အဖော်များက အရက်လည်း သောက်ထားကြပုံရ၏။ ပုံစံတွေက ခပ်ထွေထွေ . . ။

အမူအရာမပျက်အောင်ထိန်းရင်း သတ္တိခေါင်းကို အလုပ်ပေးရတော့သည်။ ခတ္တာက ခုအချိန်မှာ အိမ်မှထွက်လာလောက်ပြီ။

သူစဉ်းစားနေတုန်းမှာပဲ ဥက္ကာက သူ့အဖော်များအား . . .

"ဟော့ကောင် မင်းသွန်းခေတ်၊ မင်းတို့ ကားပေါ်က အဆင်သင့်စောင့်နေ . . ၊ ငါ မမကို ဖိန့်ဖိန့်နဲ့ ခေါ်လာခဲ့မယ်"

မင်းသွန်းခေတ်ဆိုသည့် လမ်းသူရဲဆန်ဆန်ကောင်လေးနှင့် အဖော်များ ထသွားကြ၏။ ဥက္ကာတစ်ယောက်တည်းကျန်မှ သတ္တိခေါင်းထဲမှာ လင်းပြန့်သွားသည်။ ဥက္ကာကို ခပ်တည်တည် လက်ဆွဲနှုတ်ဆက်ရင်း . . .

"ဂုဏ်ယူတယ်ကွာ ညီလေး၊ ဒါနဲ့ မင်းကိုကောဖအားတဲ့ သစ္စာဆိုတဲ့လူကို ဆားနဲ့ပက်လိုက်ဦး"

"ဗျာ . . ဆားနဲ့ဟုတ်လား"

"အေးလေ . . ဒီအချိန် မင်းမမက အိမ်ကထွက်လာလောက်ပြီ၊ အဲဒီသစ္စာကို ဖုန်းဆက်ပြီး ကလိထားခဲ့လိုက်၊ မင်း မမကို ခိုးသွားပြီပေါ့ကွာ၊ တီကောင်လိုတွန့်ပြီး ကျန်ခဲ့လိမ့်မယ်၊ ဟား . . ဟား . . ဟား . . ဟား . . ."

သတ္တိရယ်တော့ ဥက္ကာကပါ လိုက်ရယ်ရင်းက . . .

"ကောင်းလိုက်တဲ့အကြံဗျာ၊ ဒါနဲ့ သူ့ဖုန်းနံပါတ် . . ."

"ရော့ ရော့ . . ယူသွား"

သွေးနားထင်ရောက်နေသည့် ဥက္ကာက သစ္စာဖုန်းနံပါတ် ဘယ်လိုရသလဲဟူ၍ပင် မမေးပါ။ နံပါတ်ယူပြီး ဖုန်းရှိရာ သုတ်လှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ လှမ်းကြည့်ပြီးမှ သတ္တိကို . . .

"မမကို အကိုလည်း မြင်ဖူးတာပဲ၊ ဖုန်းဆိုင်က နည်းနည်းဝေးတော့ မမလာရင် အကိုအကျိုးအကြောင်း ပြောထားပေးပါဗျာ"

"အေးပါကွာ၊ သွားမှာသာ သွားစမ်းပါ၊ ငါ မင်းကို လုံးဝဂတိပေးတယ်၊ သွား . . သွား . . ."

တကယ်ပင် ရင်ထဲက လေးလေးနက်နက် ဂတိပေးလိုက်ခြင်းဖြစ်သည်။ ဥက္ကာက ဆိုင်ထဲမှထွက်သွားပြီး သူ့အဖော်များအား သွားမှာနေသေး၏။ ပြီးမှ ဖုန်းရှိရာစတိုးဆိုင်သို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားတော့သည်။

မကြာပါ။ ခတ္တာရောက်လာတော့မှ သတ္တိသက်ပြင်းကျရတော့သည်။ ခတ္တာအနားကို အမြန်သွားလိုက်၏။

"ခတ္တာ . . အရမ်းအရေးကြီးနေတယ်၊ ကျွန်တော်ကို သွားရအောင် . . ."

ဂယောင်ခြောက်ခြားဖြစ်နေသည့် သတ္တိပုံစံကို ခတ္တာက နားမလည်ဟန်ဖြင့် . . .

"ဘာတွေဖြစ်နေတာလဲ၊ ဒီဆိုင်မှာ ဥက္ကာကိုတဲ့ကောင်လေးနဲ့ ချိန်းထားသေးတယ်၊ သူက တောင်းပန်ချင်တယ်ဆိုလို့"

အရေးထဲ မရွှေခတ္တာက ပုဆိန်ရိုးကို မေးနေသေးသည်။ သတ္တိက အတိုချုံးပြီး မိတ္တူကိုပြောပြလိုက်မှ ခပ်လှမ်းလှမ်းမှကားကို ကြည့်ကာ ရွှေရင်ကလေးဖိုသွားပြီး ဘုရားတတော့၏။ ပြီး အထစ်ထစ်အငေါ့ငေါ့နှင့် . . .

"ဘယ် . . ဘယ် . . ဘယ်လိုလုပ်ကြမလဲ၊ ကိုသစ္စာလည်း သိသွားတော့မှာပေါ့"

"စိတ်နည်းနည်းလျှော့လိုက် ခတ္တာ . . ."

ပြောရင်း အေးစက်နေသည့် ခတ္တာ၏လက်ကလေးကို သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်လိုက်၏။ ခတ္တာ၏မျက်လုံးလေးများက အဝိုင်းသား။ လက်နှစ်ခု ကြားက နွေးထွေးသည့် စီးဆင်းမှုနှင့်အတူ သတ္တိခိုင်ကျည်စွာ ပြော လိုက်သည်။

"ကျွန်တော့်ကို ယုံပါ ခတ္တာ၊ ခတ္တာ ဘယ်တော့မှ စိတ်မညစ် စေရပါဘူး၊ လာ သွားရအောင်"

* * * *

"ဘာ . . မင်း ဘာစကားပြောတာလဲ"

ဖုန်းကိုင်ထားသည့် ကိုသစ္စာ၏လက်များက တဆတ်ဆတ် တုန်နေကြသည်။ သူ့ဘေးနားက ဦးချစ်ခင်က ဘာလဲဟု မျက်မှောင် ကြုတ်နေ၏။ သူရောက်တော့ ခတ္တာက အပြင်ခဏထွက်သွားသည်တဲ့။ ခုတော့ ကိုယ်ကျိုးတွေနည်းကုန်ပြီ။

"ဟော့ကောင် ဥက္ကာ . . မင်း . . မင်း . . ." -

တဖက်က ဥက္ကာက တဟားဟားရယ်ကာ ဖုန်းချသွားလေ သည်။ ကိုသစ္စာက ဦးချစ်ခင်အား တစ်လုံးချင်းပြောချလိုက်၏။

"ကျွန်တော် . . ကျွန်တော် . . ကော်စားခံလိုက်ရပြီ ဦးရယ်"

"ဘာကွ . . ."

ဦးချစ်ခင် နဝေတိမ်တောင်ဖြစ်သွား၏။ ကြက်ကြီးလို လည် လိမ်ရင်း ကိုသစ္စာက ရှင်းပြလိုက်ပါသည်။

ဦးချစ်ခင် ဝရုန်းသုန်းကားထရပ်ပြီး . . .

"ငါ့ကို ဘယ်ကောင်မှ ကော်စား . . အဲ စော်ကားလို့ မရဘူး ကွ၊ လာ ခုလိုက်ကြမယ်၊ သမီးသွားတာ ရပ်ကွက်က ဈေးနားတင်ပဲ"

နှစ်ယောက်သား ကိုသစ္စာကားဖြင့် ချက်ချင်းထွက်လာခဲ့ကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲမှထွက်ကာ သတ္တိနှင့်ခတ္တာတို့ လမ်းကြားလေးတစ်ခုအတိုင်း ပြေးဝင်သွားလိုက်သည်။ လောလောဆယ် ဥက္ကာတို့ နောက်ကလိုက်မလာဖို့ အရေးကြီးသည်လေ။

"ခတ္တာ . . ရရဲ့လား၊ ကျွန်တော်ကုန်းပိုးရမလား"

ပြေးရင်းလွှားရင်းက ခတ္တာချစ်မျက်စောင်းလေးထိုးကာ . . .

"ဟွန်း . . လုပ်မနေနဲ့၊ ဒီလို ခိုးရာလိုက်ရမယ်လို့ မိခတ္တာတို့ စဉ်းတောင်မစဉ်းစားဖူးဘူး"

"ဒီလိုပဲပေါ့ ခတ္တာရယ်၊ အနည်းလို အများစားခြေပေါ့"

"ဘာမှလဲ မဆိုင်ဘူး"

"ဟုတ်လား၊ ဟာ . . ."

သွားပြီ . . .။ ပြေးရင်း နောက်လှည့်ကြည့်လိုက်တော့ တစ်အုပ်ကြီးအော်ဟစ်ကာ ပြေးလိုက်လာကြပြီ။ သူ့အသံကြောင့် ခတ္တာကပါ လှည့်ကြည့်ပြီး . . .

"ဟယ် . . ဖေဖေတို့ပါ လိုက်လာကြပြီ"

"အရှိန်မြှင့်ကွ ခတ္တာရေ၊ ညာဘက်ကို ချိုးကြမယ်"

ညာဘက်ကို ချိုးချိုးခြင်း တွေ့လိုက်ရသည်က အဖေ့သားတုတ်ကြီးကို ခွနင်းလာသည့် မြတ်ကိုကို။

သတ္တိတို့အတွဲကိုကြည့်ကာ ဆိုက္ကားရပ်လိုက်ရင်း . . .

"အကိုလေး . . အပြေးအလွှားနဲ့ ဘာဖြစ်လာတာလဲ"

"မမေးနဲ့ကွာ၊ လာ လာ ခတ္တာ၊ ခတ္တာရှေ့ခန်းက တက်လိုက်"

ခတ္တာက အမြန်ပဲ တက်လိုက်သည်။ သတ္တိလည်း ဆိုက္ကားပေါ် တက်ကာ မြတ်ကိုကိုအား . . .

"ကဲ . . အဖေ့သားတုတ်ကြီးရေ၊ ရှယ်ဘက်ဘ့ရှယ်သွားနင်းတော့ဟေ့၊ နောက်မှာ ငါ့ယောက္ခမရိုးရိုးကြီးတို့ လိုက်လာလို့ . . ."

"ရတယ်လေ . . လာထားပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



သတ္တိတို့အတွဲ စီးနင်းလိုက်ပါသွားသည့် မြတ်ကိုကိုနင်းသော အဖေ့သားတုတ်ကြီးက လမ်းပေါ်မှာ အရှိန်ပြင်းစွာ . . ။

* * * *

"ဟောဟဲ . . ဟောဟဲ . . မောင်သစ္စာ၊ သတ္တိဆိုတာ ဘယ်ကောင်လဲကွ ဟေ၊ ဟောဟဲ . . ဟောဟဲ . . ."

"ဟိုမှာ . . ဟိုမှာ ဦး၊ ဟို ကျောက်ပြားဘောင်းဘီနဲ့ကောင်ပဲ၊ ဆိုက္ကားနောက်က ပါသွားတာ"

"ဟာကွာ . . အရေးထဲ၊ ပြောက်ကျားဘောင်းဘီပါကွ"

"မသိတော့ဘူး ဦးရာ၊ မှီလည်း မမှီတော့ပါဘူး"

* * * *

လမ်းဆုံလမ်းခွမှာ တွေတွေကြီးရပ်နေသည့် ကိုသစ္စာကို ဥက္ကာက . . .

"ကျွန်တော်တို့ တစ်ခုမေ့သွားတယ် ကိုသစ္စာ . . ၊ အဲဒါ သတ္တိဆိုတဲ့ ဒီလူလည်း မမခတ္တာကို ချစ်နေနိုင်တယ်ဆိုတာပဲ"

"အေးကွာ၊ သစ္စာဆိုတဲ့ငါလည်း ပစ်ခွာခံလိုက်ရပါပြီ"

"ဘာထူးလို့လဲဗျာ၊ ဥက္ကာလည်း ဆုတ်ခွာရတာပါပဲ"

နှစ်ယောက်သား ပြိုင်တူပြုံးမိကြ၏။ မချိပြုံး။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ သက်တန့်တစ်ခုကို တွေ့လိုက်ရသည်။ သက်တန့်ဆိုတာ ကောင်းကင်နှင့်ပဲလိုက်ဖက်ကြောင်း ရင်ထဲမှာ ကိုယ်စီသိသွားကြလေ၏။

အဝေးက ကောင်းကင်ထောင့်ချိုးမှာ သက်တန့်လေးက



www.burmeseclassic.com

www.burmeseclassic.com



ညွတ်ကွေးလို့ပလျက်။

* * * *

နိဂုံး

သတ္တိတို့ ပူပူနွေးနွေး လင်မယားအား ပထမဆုံးအကြိမ်အဖြစ် ဦးချစ်ခင်က ခေါ်တွေ့ခြင်းဖြစ်သည်။ ချစ်ခင်လေးစားအပ်ပါသော ဒေါ်ခင်မမြင့်က ဘေးမှာမိန့်မိန့်ကြီး။

ခတ္တာက သူတို့လင်မယားအတွက် ပေးထားသည့် အခန်းထဲ ဝင်သွားပြီ။ သတ္တိလည်း လိုက်သွားချင်ပြီပေါ့။ သို့ပေမယ့်လည်း ဦးချစ်ခင်က သားသမက်လေးကို ဆုံးမနေသေး၏။ သတ္တိမှာဖြင့် မျော့နေပြီ။

"မင်း ဒီအတိုင်းနေလို့တော့ မရဘူး၊ အလုပ်တစ်ခု လုပ်ကိုလုပ်ရလိမ့်မယ်"

"ဟိုလေ .. ဘာအလုပ်လဲ မသိဘူး"

"ဒါ .. ငါ့ကိစ္စပါ"

"ဟုတ်ကဲ့ .. ဟုတ်ကဲ့"

"ပြီးတော့ မင်းတို့ ဒီမှာလည်း ပြောင်းနေရမယ်ကွ"

"ဒီအိမ်မှာ လူမများဘူးလား ဦးရယ်"

"ဒါ .. ငါ့ကိစ္စပါ"

"ဟုတ် . . ."

"နောက်ပြီး မင်းလိုအပ်ရင် ငါ့ကားကို ယူသုံးလို့ရတယ် ကြားလား"

"ဦးများ သွားစရာရှိရင် ခက် .. ခက် . . ."

"ဒါ .. ငါ့ကိစ္စပါကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဦး"

"အေး . . မင်းသွားလို့ရပြီ"

သတ္တိလည်း ဦးချစ်ခင်ရှေ့မှ ကုတ်ချောင်းချောင်း ထွက်လာခဲ့၏။ ပြီး သူ့မိန်းမရှိနေသည့် အခန်းတံခါးကို ခေါက်လိုက်၏။ အထဲကို ရောက်ချင်လှပါပြီ။

"ဟေ့ကောင် . . မင်းဘာလုပ်တာလဲ"

"ညတ်ချာဖျား . . ."

သတ္တိရုတ်တရက် လန့်သွားသည်။ လှမ်းကြည့်လိုက်တော့ သူ့ယောက္ခမ အိုင်စတိုင်းဘော်ဒါကြီး။ သူ့သမီး၊ ကိုယ့်ဇနီးအခန်းတံခါးခေါက်သည်ကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသေးသည်။

သတ္တိက ရယ်ပြကာ တံခါးထပ်ခေါက်လိုက်သဖြင့် . . .

"မင်းကိုမေးနေတာ၊ အခန်းတံခါးခေါက်ပြီး ဘာလုပ်မှာလဲ"

"ဒါ . . ကျွန်တော့်ကိစ္စပါ"

"ဘာကွ . . ."

အဖိုးကြီး ဒေါသတကြီး ပြန်အော်၏။ ဒီအချိန်မှာ သူ့သမီး ဆိုပေမယ့် ကိုယ်ကပိုင်နေပြီ။ ထို့ကြောင့် သတ္တိက ရယ်ကျဲကျဲလုပ်ပြီး-

"ဟုတ်တယ်လေ၊ ဒါ . . ကျွန်တော့်ကိစ္စပဲ"

"ဟေ့ကောင် . . အဲဒါ အကြီးမအခန်းကွ၊ ငါမပြောလိုက်ချင်ဘူး"

"ဂျာ . . အဟီး . . ."

အခန်းက ကပ်လျက်မို့ တံခါးကလည်း ဆင်တူဖြစ်နေသောကြောင့် မှားယွင်းသွားခြင်းဖြစ်သည်။ ရောက်ရောက်ခြင်း ဆောက်နှင့်ထွင်းခြင်း မဟုတ်ရပါ။ ကိုယ့်အခန်းထဲရောက်တော့ ခတ္တာဆီမှ ခေါင်းခေါက်ခံလိုက်ရသည်။ သတ္တိကလည်း ချစ်၍ခံပါသည်။ ပြီး ခတ္တာကို လက်စားချေလိုက်၏။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ပူပူနွေးနွေးရယ်သံများက အခန်းလေးထဲမှ ငြင်သာ တိုးသက်စွာ ထွက်ခွာသွားကြသည်။ ညကောင်းကင်ထဲမှာ ကြယ်တွေ စုံနေကြပြီ။ ကောင်းကင်တမိုးအောက်မှာလည်း အချစ်တွေက ရှိုညီ စူးရှမှုတစ္စာ။ အရာအားလုံးသည် တိတ်ဆိတ်စွာ ဆူညံနေကြလေသည်။

လေးစားစွာ
**လတ်တေဇအောင်**

BURMESE CLASSIC



www.burmeseclassic.com